# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၇ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၃၆၀)


# ဂျော်ဒန်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား၁၇၄ ဦးအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၆

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဂျော်ဒန်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံး၊ တဲလ်အဗီးမြို့မှစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။(ယာပုံ)

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် Sidney Apparel ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား တစ်ဦး၊ Rich Pine ကုမ္ပဏီမှ ၁၁ ဦး၊ Century Miracle ကုမ္ပဏီမှ ၁၄ ဦး၊ Camel and Vega ကုမ္ပဏီမှ ၁၄၈ ဦး မြန်မာနိုင်ငံသား စုစုပေါင်း ၁၇၄ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ် ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှုခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊

စာမျက်နှာ ၄ ကော်လံ ၅❑





## ပထမ ခေါင်လန်ဖူး၊ ဒုတိယ ရှိန်းခေါင်နှင့် လန်ဆယ် (၃)

ဆောင်းပါး စာ ၆

## ယခုနှစ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံက ကိုဗစ်- ၁၉ ကာကွယ်ဆေး သန်း ၆၀၀ ကျော် ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်

နိုင်ငံတကာသတင်း စာ ၁၃

## ဇီကာဗိုင်းရပ်စ်ဒဏ်ခံခဲ့ရတဲ့ ကလေးငယ်တွေအပေါ် ကိုဗစ်- ၁၉ ထပ်မံခြိမ်းခြောက်

နိုင်ငံတကာရေးရာ စာ ၁၄

# မကွေးတိုင်းဒေသကြီးမှ ကျန်းမာရေးဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ၌ ကူညီရန် ရန်ကုန်တိုင်းဒေသကြီးသို့ တတိယအကြိမ်စေလွှတ်

မကွေး စက်တင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး၏ COVID-19 ကုသစောင့်ရှောက်မှုလုပ်ငန်းများ၌ ကူညီဆောင်ရွက်ရန် မကွေးတိုင်းဒေသကြီးမှ ကျန်းမာရေးဝန်ထမ်းများကို တတိယအကြိမ်စေလွှတ်လိုက်ကြောင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ပထမအကြိမ်အဖြစ် စက်တင်ဘာ ၁၄ ရက်တွင် ၁၉ ဦး၊ ဒုတိယအကြိမ်အဖြစ် စက်တင်ဘာ ၂၂ ရက်တွင် ကျန်းမာရေးဦးစီးဌာန အရာရှိ ဆရာဝန်လေးဦး၊ စက်တင်ဘာ ၂၆ ရက်တွင် တတိယအကြိမ်အဖြစ် ၃၀ စေလွှတ်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

"ရန်ကုန်မှာက ပိုးတွေ့လူနာ များလာတယ်။ များလာတဲ့အတွက် ကုသစောင့်ရှောက်မှုပေးရတဲ့ နေရာသစ်တွေလည်း များလာတယ်။ ဒီနေရာတွေမှာ အားဖြည့်နိုင်ဖို့ ကျန်းမာရေးဝန်ထမ်းတွေ စေလွှတ်ရတာပါ" ဟု မကွေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်သန်းက ပြောသည်။

စာမျက်နှာ ၄ ကော်လံ ၁❖

# ကော့ကရိတ်မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၄၁၀၃ စုအား တတိယအကြိမ် ထောက်ပံ့ငွေပေးအပ်

ကော့ကရိတ် စက်တင်ဘာ ၂၆

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စု နောက်တိုးများအား တတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ကော့ကရိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ပေးအပ်ခဲ့ကြောင်း သိရသည်။(ယာပုံ)

စာမျက်နှာ ၄ ကော်လံ ၅ ○



## လောကအရေးသည် ကိုယ့်အရေးလည်းဖြစ်၏

ကမ္ဘာကြီး၏ မည်သည့်နေရာ၌မဆို ပူလောင်စရာတစ်ခုခု ရှိနေပြီဆိုလျှင် မိမိနှင့်မဆိုင်ဟု သဘောထား၍မရ။ တစ်နေရာရာတွင် လူတစ်ဦးဦး ဒုက္ခရောက်နေပြီဆိုလျှင် သူ့တစ်ယောက်တည်း၏ ဒုက္ခမဟုတ်၊ လူသားအားလုံးနှင့် သက်ဆိုင်နေသည့် ဒုက္ခ။

တိုင်းရင်းသားဒေသများ၌ စစ်ပွဲများဖြစ်နေသည်မှာ ထိုဒေသရှိ တိုင်းရင်းသားတို့၏ စစ်ဘေးဒုက္ခသက်သက်မဟုတ်၊ အရှေ့အလယ်ပိုင်းမှာ သို့မဟုတ် တစ်နေရာရာမှာ သေနတ်သံ၊ ဗုံးသံများ ထွက်ပေါ်နေလျှင် ထိုဒေသသားတို့၏ စစ်ဘေးစစ်ဒဏ် ပြဿနာသက်သက်မဟုတ်၊ အားလုံးနှင့်ဆိုင်သည့် စစ်ဘေးစစ်ဒဏ်ဖြစ်၏။ ကမ္ဘာ့ထောင့်တစ်နေရာတွင် တောမီးများလောင်လျှင်၊ မိုးခေါင်ရေရှားလျှင်၊ ရေကြီးရေလျှံလျှင်၊ မုန်တိုင်းများ၊ ဆူနာမီများ၊ လေပြင်းတော်လည်းသံများ၊ ဆင်းရဲငတ်မွတ်သူတို့၏ မြည်ကြွေးညည်းညူသံများ စသည့်လူသားတို့ အကျပ်အတည်း ဒုက္ခဘေးဒဏ်များ ကြုံနေလျှင် ထိုထိုသော ပူပြင်းလောင်မြိုက်မှုတို့သည် ကမ္ဘာပေါ်မှာရှိနေသော လူသားအားလုံးနှင့် ဆက်နွှယ်နေသည်သာ။

လူ့လောကတစ်နေရာ၌ လောင်မြိုက်နေသောမီးသည် လူသားအားလုံးတစ်ဦးချင်းစီကို တစ်နည်းနည်းဖြင့် အပူလာဟပ်မည်ပဲဖြစ်၏။ စစ်ပွဲများက လွင့်စဉ်လာသော မီးတောက် မီးစများဖြစ်စေ၊ နျူကလီးယားပေါက်ကွဲ ဗုံးဆန်များနှင့် ဓာတုအဆိပ်ငွေ့ပျံ့နှံ့မှုများ ဖြစ်စေ၊ ငတ်မွတ်နေသူတို့၏ ရုန်းထလှုပ်ရှားမှု ဂယက်များဖြစ်စေ လူတို့မသိကျိုးကျွန်ရှောင်လွှဲလို့ရမည်ဟု မထင်ပါချေ။

ယခုပင် ကြည့်ပါလေ့။

ကိုဗစ်ကပ်ရောဂါ ကမ္ဘာ့နာအဖြစ် နိုင်ငံအသီးသီးသို့ ဝင်ရောက်လာသည့်အခါ ကမ္ဘာ့နိုင်ငံအားလုံး ပျာယာခတ်နေကြရပြီ။ သူ့နိုင်ငံ ပိုးကူးသူများလို့၊ ကိုယ့်နိုင်ငံ ပိုးကူးသူနည်းလို့ ဟူ၍ အေးအေးနေဖို့ မဖြစ်နိုင်။ ကူးစက်ခံရသည့်လူနာတစ်ဦးမျှ မရှိသည့် နိုင်ငံရှိဦးတော့၊ စီးပွားရေးကျပ်တည်းမှုဖြစ်စေ၊ စားရေရိက္ခာ ရှားပါးမှုဖြစ်စေ နိုင်ငံတကာ ထိခိုက်မှုဂယက်က ရိုက်ခတ်နေမည်သာ။ နိုင်ငံချင်း ကူးလူးဆက်ဆံမှုများက အတော်ပင် ခက်ခဲနေချေပြီ။ နိုင်ငံတိုင်း၊ နိုင်ငံတိုင်းက လူတိုင်း လူတိုင်းတွင် ရောဂါဘေး ရောဂါဒဏ်၏ ရိုက်ခတ်မှုဂယက်ကို တစ်နည်းနည်းဖြင့် ကြုံနေကြရမည်သာ။

ကမ္ဘာပေါ်မှာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသည့်လူနာ ၃၂ သန်း ၈ သိန်းကျော်။ သေဆုံးသူက တစ်သန်းနီးပါး (၉ သိန်း ၉ သောင်းကျော်)။ ဒါက သည်နေ့ နောက်ဆုံးရရှိသည့် သတင်း။ နောက်နေ့တွင် မည်သို့ဖြစ်မည်ဆိုတာကို မည်သူမျှမပြောနိုင်။ နေ့စဉ် ကူးစက်နေမှုကမရပ်သော်လည်း စီးပွားရေးလုပ်ငန်း အများအပြားက ရပ်တန့်။ အလုပ်သမားတို့အလုပ်ပြုတ်ကြ၊ အလုပ်ရှင်တို့ ဆုံးရှုံးမှုမျိုးစုံကို အလူးအလဲခံစားနေကြရ။

သို့သော်လည်း လူသားက ငုတ်တုတ်ခံတတ်သည့် အမျိုးမဟုတ်တော့ သည်လိုအရေးနှင့် ကြုံရသည့်အခါ ပိုးကူးစက်ပြန့်ပွားမှု လုံးဝရပ်တန့်သွားနိုင်မည့် နည်းလမ်းရှာကြ၊ ကိုဗစ်ရောဂါ ကာကွယ်ဆေးကို ဘယ်လို အမြန်ဆုံးထုတ်လုပ်နိုင်မလဲ ကြံဆကြ၊ ရှာဖွေ ကြ၊ စမ်းသပ်ကြ။

နိုင်ငံအသီးသီးက ကိုယ့်ဘာသာ ကြိုးစားသူက ကြိုးစား၊ နိုင်ငံချင်းပူးပေါင်းအားထုတ်သူက အားထုတ်။ ရှိသမျှ ခနအင်အားကို ရင်းနှီးမြှုပ်နှံကာ၊ ပုံအောအသုံးချကာ ကာကွယ်ဆေးကို ရှာဖွေနေကြခြင်းဖြစ်၏။ သုတေသန ဗဟိုဌာနကြီးများ၊ ဓာတ်ခွဲစမ်းသပ်ခန်းများတွင် ပညာရှင်များ ပျားပန်းခပ် လှုပ်ရှားနေကြ၏။

အမေရိကန်၊ ရုရှား၊ ဂျာမနီ၊ တရုတ်၊ ဆွီဒင် အစရှိသည့် နိုင်ငံတို့က ကာကွယ်ဆေး တွေ့ရှိနေပြီဟု ပြောဆိုနေကြသည်။ တွေ့ပြီဆိုလျှင်ပင် မည်သည့်ဘေးထွက်ဆိုးကျိုးများရှိမလဲ၊ ဘယ်လောက် စိတ်ချရမလဲ ဆိုသည်တို့ကို စမ်းသပ်ကြရပေဦးမည်။ သည်လိုထဲတွင် ကာကွယ်ဆေးလိုနေသူများက ကမ္ဘာနှင့်အဝန်း ဖြစ်နေလေရာ ကာကွယ်ဆေးသည် စီးပွားရေးဈေးကွက်ကြီးကဲ့သို့ ဖြစ်နေလေရာ ချမ်းသာသည်ထက် ချမ်းသာရေးအတွက် ဟန်ပြင်နေသူများကလည်း ရှိနေ၏။ ဆေးနည်း ဖော်မြူလာကို လျှို့ဝှက်ထားနိုင်ရေး၊ ဈေးကွက်ကို လက်ဝါးကြီးအုပ်ထားနိုင်ရေး စသည်ဖြင့် အချို့သော အစိုးရများကရော အချို့သော ဆေးထုတ်လုပ်ရေး လုပ်ငန်းရှင်ကြီးများကရော ယောက်ယက်ခတ်နေကြသည်ဟု အချို့ပညာရှင်တို့က စွပ်စွဲပြောဆိုနေ၏။

ကမ္ဘာကြီးတစ်ခုလုံး ဆိတ်သုဉ်းသွားပြီး မိမိတစ်ဦးတည်း ကျန်ရစ်ကာ ဆက်လက်ရှင်သန်ရပ်တည်ဖို့ ဆိုသည်က ဖြစ်နိုင်သည် မဟုတ်ပါချေ။ ပညာရှင်တို့ကြား၊ ရေရှည်မြော်မြင်သူတို့ကြားတွင် နိုင်ငံပေါင်းစုံက ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းရင်ဆိုင်ကြရေးသည်သာ ကပ်ရောဂါဘေးက အမှန်တကယ် လွတ်မြောက်မည်ဖြစ်သည်ဟု ကြွေးကြော်လာကြသည်။ ချမ်းသာသည့်နိုင်ငံများသာ၊ သို့မဟုတ် နည်းပညာထွန်းကားတိုးတက်သည့် နိုင်ငံများသာ ကာကွယ်ဆေးကို အသုံးပြုခွင့်ရ အသက်ရှင်သန်ခွင့်ရရမည် မဟုတ်။ ကမ္ဘာ့လူသားအားလုံးအရေးအဖြစ် သုံးသပ်ကာ ပြင်ဆင်ကြရမည် ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံများစွာစုပေါင်းအဖြေရှာကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် လက်တွဲဆောင်ရွက်ရန် တာစူနေကြပေသည်။ လူ့လောကအရေးသည် လူတစ်ဦးချင်း၏ အရေးလည်းဖြစ်သည်။ လူသားအားလုံးအတူတကွ ရှင်သန်ရေးက ပဓာနကျသည် ဟူသည့် အယူအဆ။

ဤအယူအဆက နိုင်ငံတကာတွင်သာမဟုတ် ပြည်တွင်း၌လည်း သည်သို့သာ ဖြစ်ပေမည်။ နိုင်ငံသားအားလုံး အတူတကွ ရှင်သန်ရေးအတွက် အတူတကွ ရုန်းကန်ကြရမည့် အကျပ်အတည်းဟု သေသေချာချာ နားလည်ကြရန် လိုပါမည်။

ဤသို့ လူ့ဘောင်လောကကို ရှုမြင်ကာကွယ်နိုင်ခြင်းကသာ လူ့ကျင့်ဝတ်နှင့် ညီမည်။ ကျယ်ပြန့်သော အမြင်ဖြစ်မည်။ သို့မှသာ မိမိကိုယ်တိုင်အပါအဝင် လောကကို ရှင်သန်ငြိမ်းချမ်းစေမည် မဟုတ်ပါလော။

ညီညွတ်ခြင်းသည် အင်အားဆိုသည်မှာ ဆိုရိုးစကားသက်သက်မဟုတ်။ လက်တွေ့ကျင့်ကြံရေး လမ်းညွှန်ဖြစ်ပါကြောင်း။




### အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

## (၈၃) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၈၃) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် video conferencing ဖြင့် ဆက်လက် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၂၅)၊ ရှေးဦးပြုစုခြင်းမူဝါဒ၊ ကလေးသူငယ် အကာအကွယ်ပေးရေးဆိုင်ရာမူဝါဒ၊ အရင်းအမြစ် စုစည်းအသုံးချရေးမူဝါဒနှင့် အလုပ်သင်ဝန်ထမ်းဆိုင်ရာ မူဝါဒများကို သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးများနှင့် ဌာနမှူးတို့က ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ နှင့် ကြက်ခြေနီဗဟို ကောင်စီဝင်များက အသင်းနှင့် ပူးပေါင်းဆောင်ရွက်မည့် အချက်များကို အကြံပြုဆွေးနွေးခဲ့ကြရာ ဆွေးနွေးတင်ပြချက်များအပေါ် အသင်းဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်မြင့် က ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် အတည်ပြုခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ပြီး အသင်းဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။ **ဝင်းအောင် (MRCS)**



(၅၆) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်ကုန်းမြို့ မိုဃ်းကောင်းဆုတောင်းပြည့် ဘုရားကြီးတွင် စက်တင်ဘာ ၂၆ ရက်က တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ချိုဦး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ ဘုရားရင်ပြင်နှင့် အရှေ့မျက်နှာစာတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

တင်ထွန်းတာ (တပ်ကုန်း)


### မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၂၆**

တောင်ကုတ်မြို့တွင် ၄ ဒသမ ၆၉ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ မဒေါက်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၃၃ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ပလက်ဝမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၁၇ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

### အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ဆေးရုံအုပ်ကြီးများ၊ ကုသရေးပါမောက္ခများ၊ တာဝန်ရှိသူများနှင့် ကိုဗစ်-၁၉ လူနာများ ကုသရေး နှင့် အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး အတွင်းမှ ဆေးရုံအုပ်ကြီးများ၊ ကုသရေး ပါမောက္ခများ၊ တာဝန်ရှိသူများနှင့် ကိုဗစ်-၁၉ လူနာများ ကုသရေးနှင့် အသွားအလာကန့်သတ်ခြင်းလုပ်ငန်း များဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက Video Conferencing စနစ်ဖြင့် ကျင်းပသည်။(**ယာပုံ**)



### အတွေ့အကြုံများ ဖြန့်ဝေ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့ အစည်းအဝေးတွင် ကိုဗစ်-၁၉ ကုသရေးဌာနများ၊ ဆေးရုံများ၊ အသွားအလာကန့်သတ်သော နေရာများတွင် အရင်းအမြစ်လိုအပ်ချက်များ၊ ဗဟိုအဆင့်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပံ့ပိုးပေးရန် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်နှင့် အတွေ့အကြုံများ ဖြန့်ဝေဆွေးနွေးနိုင်ရန် ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ ထပ်မံပံ့ပိုးပေးရမည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား တင်ပြကြစေလိုပါကြောင်း၊ ဌာန/ ဆေးရုံတစ်ခုမှ ကောင်းမွန်သည့် လုပ်ဆောင်မှုများကို အခြားဌာန/ ဆေးရုံများမှ အတုယူလုပ်ဆောင်စေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဖြည့်ဆည်းပေးနိုင်ရန် အစီအစဉ်အမျိုးမျိုးကို ချမှတ်ဆောင်ရွက်နေပါကြောင်းကိုလည်း အသိပေးလိုပါကြောင်း။

### သေနှုန်းလည်း ကျဆင်းလာ

ကိုဗစ်-၁၉ ကြောင့် သေဆုံးမှု လျော့ချနိုင်ရေးအတွက် တစ်ဖက်မှ အထူးကုဆရာဝန်ကြီးများက ကြိုးစားကုသလျက်ရှိသည့်အပြင် ဆေးရုံအုပ်ကြီးများ၏ အခန်းကဏ္ဍသည် လူနာသေဆုံးမှု လျော့ချနိုင်ရေးအတွက် အထူးအရေးကြီးပါကြောင်း၊ ဆေးရုံတွင်း၌ လိုအပ်သည့် ကိုဗစ်-၁၉ ဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းများ ရရှိမှုနှင့် ဖြန့်ဝေမှု၊ ဆေးရုံဝန်ထမ်းများ တာဝန်ခွဲဝေချထားမှု၊ ကုသမှုရေးရာ၊ စီမံခန့်ခွဲမှုရေးရာ၊ ဝန်ထမ်းများ အဘက်ဘက်မှ အဆင်ပြေမှု၊ သက်ဆိုင်ရာ တာဝန်ရှိသူများအကြား ချိတ်ဆက် ဆောင်ရွက်နိုင်မှုတို့ ကောင်းလျှင် ကောင်းသလို ရောဂါကြောင့် သေနှုန်းလည်း ကျဆင်းလာမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုကျဆင်းရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုနှင့် အခက်အခဲများကိုလည်း ဆေးရုံအုပ်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများအနေဖြင့် ပွင့်လင်းစွာ ဆွေးနွေးတင်ပြကြစေလိုပါကြောင်း။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ သည် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံကြီးအချို့တွင် ဖြစ်ပွားမှုနှင့် သေဆုံးမှုများ မြင့်မားလျက်ရှိပြီး မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများ၊ နီးနွယ်ဌာန/ အဖွဲ့အစည်းများနှင့် ပရဟိတစေတနာရှင်များအနေဖြင့် ရရှိသော အရင်းအမြစ်ဖြင့် အကျိုးရှိ ထိရောက်စွာ အသုံးချကာ အကောင်းဆုံးအားထုတ်ကြိုးစားဆောင်ရွက်နေခြင်းများကို တွေ့ရှိရသည့်အတွက် အထူးကျေနပ်ပါကြောင်း၊ ဤကဲ့သို့သော အချိန်ကာလ၌ ဆေးရုံတွင်း၌ လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နေရသည့်အတွက် အဆင်မပြေမှုများ အနည်းငယ်ရှိနိုင်သော်လည်း ၎င်းအချက်များအား စုပေါင်းဆွေးနွေးကာ အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းဆုံးဖြတ်၍ ဆောင်ရွက်စေလိုပါကြောင်း၊ ဆေးရုံတွင်း၌ ကုသရေးဆရာဝန်များ၊ နီးနွယ်ပညာရှင်များနှင့် အုပ်ချုပ်ရေးဝန်ထမ်းများအကြား ချိန်သားကိုက်ချိတ်ဆက်ဆောင်ရွက်ခြင်းများ တတ်နိုင်သမျှရရှိအောင် လုပ်ဆောင်ကြစေလိုပါကြောင်း၊ ဆေးရုံလုပ်ငန်းများ၌ ဆုံးဖြတ်ရန် ခက်ခဲသော မူဝါဒနှင့် နည်းဗျူဟာများ ရှိပါက "ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့" နှင့် တိုင်ပင်ဆွေးနွေးကာ ချက်ချင်းဆုံးဖြတ် ဆောင်ရွက်စေလိုပါကြောင်း။

### မဖြစ်မနေထည့်သွင်း

တိုင်းဒေသကြီး/ပြည်နယ်များနှင့် တက္ကသိုလ်များမှ ရန်ကုန်တိုင်းဒေသကြီးတွင် တွဲဖက်လာရောက်တာဝန်ထမ်းဆောင်သူများ နေထိုင်၊ စားသောက်၊ သွားလာရေးကိစ္စရပ်များကိုလည်း ပထမဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တစ်ကိုယ်ရေသုံးရောဂါကာကွယ်ရေး အသုံးအဆောင်များအပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးအတွက် ဗဟိုအဆင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ဆေးရုံတစ်ရုံချင်းစီရှိ ဆေးလက်ကျန်စာရင်းများကို ဆေးနှင့် ဆေးပစ္စည်း စီမံခန့်ခွဲမှု သတင်းအချက်အလက်ပြစာမျက်နှာ (dashboard) မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုသုံးသပ်ပြီး လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများကို ပံ့ပိုးမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများအနေဖြင့် မိမိတို့ဆေးရုံ၏ ဆေးလက်ကျန်စာရင်းများနှင့် လိုအပ်ချက်များကို ဆေးနှင့် ဆေးပစ္စည်း စီမံခန့်ခွဲမှု သတင်းအချက်အလက်ပြ စာမျက်နှာ (dashboard)တွင် အချိန်နှင့်တစ်ပြေးညီ မဖြစ်မနေထည့်သွင်း (update) ထားရမည်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင်သာမက ရေရှည်ကာလအတွက် ဆေးရုံများ၏ ဆေးနှင့် ဆေးပစ္စည်းများအချိန်မီထောက်ပံ့နိုင်ရေး၊ လူနာသယ်ယူရွှေ့ပြောင်းမှု၊ ဓာတ်ခွဲ၊ ဓာတ်မှန် စစ်ဆေးမှု၊ စသည်တို့ပါဝင်သည့် ဆေးရုံလုပ်ငန်း စီးဆင်းမှု (hospital logistics system) စနစ်ကောင်း တစ်ခုရရှိရေးဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌနှင့် ယနေ့ပင် ဆွေးနွေးပြောကြားပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆေးနှင့် ဆေးပစ္စည်းများဖြန့်ဖြူးထားရှိမှုနှင့် လိုအပ်မှုများ၊ ကိုဗစ်-၁၉ ရောဂါ antigen ရှိ၊ မရှိကို လျင်မြန်စွာ စစ်ဆေးနိုင်မည့် ကမ္ဘာ့ကျန်းမာရေး အသိအမှတ်ပြု test kit များကို ကနဦးအနေဖြင့် အခုရေ (၂၀၀,၀၀၀) မှာယူထားရှိမှုနှင့် လှူဒါန်းသည့် အမေရိကန်ဒေါ်လာ (၅၀၀,၀၀၀) တန်ဖိုးရှိ ရရှိမည့် အခြေအနေများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက လူနာများ သယ်ယူပို့ဆောင်ရေးကို ပိုမိုချောမွေ့စေရန် လူနာလွှဲပြောင်းမှု လမ်းကြောင်း (referral pathway) ဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် ကုသမှုပိုင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ရန်ကုန်တိုင်းဒေသကြီးတွင် ရောဂါလက္ခဏာ မပြင်းထန်သည့် စောင့်ကြည့်လူနာများကို ထားရှိရန် နေရာများစီစဉ်ထားမှုများနှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ကိုဗစ်-၁၉ ကုသရေးဌာနများ၊ ဆေးရုံများ၊ ဓာတ်ခွဲဌာနများ၊ အသွားအလာကန့်သတ်ရာဌာနများမှ လက်တွေ့မြေပြင်တွင် လုပ်ငန်းဆောင်ရွက်နေသူများ၊ လူနာများကို ကိုင်တွယ်ကုသမှု ပေးနေသူများသည် Video Conferencing စနစ်ဖြင့် တိုင်ပင်ဆွေးနွေးမှုများ ပုံမှန်ပြုလုပ်နေမှုများကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးက လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်နေမှု အခြေအနေများ၊ လှူစွမ်းအား အရင်းအမြစ်စီမံခန့်ခွဲမှုကိစ္စရပ်များ၊ ယခုအသစ်ခန့်အပ်ပြီးဖြစ်သည့် သူနာပြုသစ်လွင်များ အနက်မှ ရန်ကုန်တိုင်းဒေသကြီးရှိ ဆေးရုံကြီးများသို့ တာဝန်ချထားမှုအခြေအနေ၊ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ ကွင်းဆင်းအဖွဲ့များအကြား ချိတ်ဆက် ဆောင်ရွက်နေမှုများကိုလည်းကောင်း။

### တာဝန်ချထား ဆောင်ရွက်

ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက လူနာများအား ကုသမှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ နေအိမ်တွင် ပြန်လည်နေထိုင်ရန် အခက်အခဲရှိသဖြင့် နေထိုင်ရေးအတွက် အဆောင်များ၊ ဟိုတယ်များ စီစဉ်ထားရှိမှုအခြေအနေ၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) ရှိ အဆောင်များကို အသုံးပြုသွားရန်နှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများ၊ ဆေးရုံများနှင့် အသွားအလာကန့်သတ်ထားရှိရာနေရာများတွင် အရေးတကြီးထပ်မံလိုအပ်သည့် ကိစ္စရပ်များနှင့် စိန်ခေါ်မှုများကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက ရန်ကုန်ဆေးရုံအုပ်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ လူနာများအား ထားရှိမည့် လူနာဆောင်နှင့် အလွှာ (floor) အလိုက် သတ်မှတ်ထားရှိမည်ကို ဆောင်ရွက်နေသည့် အခြေအနေများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဓာတ်ခွဲ) ပါမောက္ခ ဒေါက်တာ ဌေးဌေးတင်က ဓာတ်ခွဲစစ်ဆေးနေမှု အခြေအနေများနှင့် ကမ္ဘာ့ကျန်းမာရေး အသိအမှတ်ပြု test kit များအသုံးပြုစစ်ဆေးရန်အတွက် လုပ်ငန်းလမ်းညွှန် ပြုစုလျက်ရှိမှုကိုလည်းကောင်း၊ ဆေးပညာပါမောက္ခ/ဌာနမှူးပါမောက္ခဒေါက်တာ ဇော်လင်းအောင်က ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားသည့် ကျန်းမာရေးဝန်ထမ်းများအားထားရှိ ကုသမှုပေးရန် ဆေးရုံတစ်ခုသတ်မှတ်ရန် ကိစ္စရပ်၊ ကိုဗစ်-၁၉ ကိစ္စရပ်တွင် ပါဝင်ဆောင်ရွက်လိုသည့် ပုဂ္ဂလိကအထွေထွေရောဂါဆရာဝန်များအား တာဝန်ပေးနိုင်ရေး အတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ဆက်သွယ်ဆွေးနွေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ကိုဗစ်-၁၉ လူနာမဟုတ်သည့် အခြားသော လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နေသည့် အခြေအနေများနှင့် ရေရှည်တွင် ဆောင်ရွက်ရန် ကိစ္စရပ်များကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှက ကွင်းဆင်းဆောင်ရွက်မှု အခြေအနေများနှင့် အသွားအလာကန့်သတ်ထားရှိရာနေရာများတွင် စီမံခန့်ခွဲသူများ တာဝန်ချထား ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်က အသွားအလာကန့်သတ်ထားရှိရာနေရာများမှ လူနာလွှဲပြောင်းပို့ဆောင်မှုအခြေအနေများကိုလည်းကောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်အေးက ကုသရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆေးရုံကြီးမှ ဓာတ်ခွဲနမူနာများ ပေးပို့စစ်ဆေးနေမှုအခြေအနေများကိုလည်းကောင်း၊ မေ့ဆေးပညာပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာမူမူနိုင်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပါအဝင် ဆေးရုံကြီးများ၌ ရေရှည်တွင် လိုအပ်မည့် Oxygen ပိုက်လိုင်းများ ထပ်မံတပ်ဆင်ရန် အကြံပြုချက်များ၊ ထပ်မံတိုးချဲ့ထားသော အထူးကြပ်မတ်ကုသဆောင်များအတွက် လူနာခုတင်များတပ်ဆင်ရန်အတွက် အကြံပြုချက်များနှင့် အထူးပြုသူနာပြုများ တာဝန်ခွဲဝေချထားမှုနှင့်ပတ်သက်၍ လည်းကောင်း၊ ဆေးပညာ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ သင်းသင်းနွယ်က မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ မေ့ဆေးပညာပါမောက္ခ ဒေါက်တာအေးအေးက ခွဲစိတ်မှုများအား ခေတ္တ ရပ်ဆိုင်းထားသည့်အတွက် အထူးပြုသူနာပြုများအား လိုအပ်သည့် ဆေးရုံများ၌ တာဝန်တွဲဖက်ချထားမှု အခြေအနေ များ၊ ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး)၊ ဝေဘာဂီအထူးကုဆေးရုံ ကြီးနှင့် တောင်ဥက္ကလာပအထူးကု ဆေးရုံကြီးတို့မှ ဆေးရုံ အုပ်ကြီးများက Portable X ray များ၊ Portable Ultrasound များ လိုအပ်မှု၊ Liquid Oxygen စနစ်တပ်ဆင်ရန် လိုအပ်မှု အခြေအနေများကိုလည်းကောင်း အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ချက်ချင်းဆုံးဖြတ်ချက် ချနိုင်သည်များကို ဖြည့်ဆည်းပေးခဲ့သည်။

### ချက်ချင်းဖြည့်ဆည်းပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယခုထပ်မံလိုအပ်သော Portable X ray များ၊ Portable Ultrasound များ၊ Liquid Oxygen စနစ် ထပ်မံတပ်ဆင်ရန် ကိစ္စရပ်များနှင့် လိုအပ်သည်များ ချက်ချင်းဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ ဆေးရုံအုပ်ကြီးများ၊ လူနာများ ကို ကုသမှုပေးနေသည့် ဆရာဝန်ကြီးများ၊ ဓာတ်ခွဲနှင့် ဓာတ်မှန်လုပ်ငန်း ဆောင်ရွက်နေသူများ၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသူများအပါအဝင် လုပ်ငန်းပါဝင်ဆောင်ရွက်နေသူများ အသီးသီးအနေဖြင့် ကဏ္ဍအလိုက် ပုံမှန်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ် ဆောင်ရွက်နေခြင်းများကို ဆက်လက်၍ ဆောင်ရွက်စေလိုပါကြောင်း။

### ကြိုးပမ်း ဆောင်ရွက်

ဆွေးနွေးညှိနှိုင်းမှုများမှ လိုအပ်ချက်များကို ဝန်ကြီးဌာနသို့ ချက်ချင်းအသိပေးပြီး ဝန်ကြီးဌာနမှလည်း အမြန်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ ၎င်းတို့သည် Video Conferencing စနစ်ဖြင့် နေ့စဉ်နံနက်အစောပိုင်းတိုင်းတွင် များပြားသော သံသယ/ စောင့်ကြည့်လူနာများ စီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးခြင်း၊ နေ့စဉ် ညနေ ၅ နာရီတွင် "ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့" ဆွေးနွေးခြင်း၊ နေ့စဉ်ည ၁၀ နာရီတွင် ကိုဗစ်-၁၉ လူနာများ ဆေးရုံနှင့် ဆေးရုံခုတင် စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးခြင်းများ ဆောင်ရွက်နေသည်ကို တွေ့မြင်ရပါကြောင်း၊ ဗဟိုကွင်းဆင်း အဖွဲ့ သုံးဖွဲ့သည်လည်း လက်တွေ့မြေပြင်တွင် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ဆောင်ရွက်ခြင်းသည် အရေးကြီးကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက်အဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်ကာ လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများ ညှိနှိုင်းဆုံးဖြတ်ကာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်မှသာလျှင် ဤကပ်ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို မကြာခင် ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ မူဝါဒရေးရာနှင့် နောက်ဆက်တွဲ ဖြစ်ပေါ်နိုင်မည့် အခြေအနေများကိုသာ ဗဟိုအဆင့်သို့ တင်ပြရန်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

## ကိုဗစ်-၁၉ ကာလအတွင်း လူငယ်များဘာသာတရား ရိုးရာယဉ်ကျေးမှုများကို သိရှိနားလည်ပြီး ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မည့် ဘာသာယဉ်ကျေးမှုဆိုင်ရာ နားလည်မှုဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကို အွန်လိုင်းမှ ပို့ချမည့်သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

Asia and Pacific Alliance of YMCA (APAY), Interfaith Cooperation Forum (ICF) နှင့် မြန်မာဝိုင်အမ်စီအေတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ကာလအတွင်း လူငယ်များမိမိတို့နေအိမ်တွင် နေထိုင်စဉ်ဘာသာတရား ရိုးရာယဉ်ကျေးမှုများကို သိရှိနားလည်ကာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည့် ဘာသာယဉ်ကျေးမှုဆိုင်ရာ နားလည်မှုဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အွန်လိုင်းသင်တန်း "Religious Cultural Understanding and Peace Building for Youth Program ( Online Training )" ဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာဝိုင်အမ်စီအေရုံးချုပ်တွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာဝိုင်အမ်စီအေ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ဝင်း၊ Interfaith Cooperation Forum(ICF) မှ Coordinator Dr. Muriel Orevillo-Montengro တို့က အမှာစကားပြောကြားပြီး သင်တန်းရည်ရွယ်ချက်ကို သင်တန်းတာဝန်ခံ စောထွန်းလူနှင့် မြန်မာဝိုင်အမ်စီအေ လူငယ်ဌာနမှလုပ်ဆောင်လျက်ရှိသော လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ခြင်းအစီအစဉ်များ၊ စေတနာဝန်ထမ်းခြင်း အစီအစဉ်များကို လူငယ်ဌာန လက်ထောက် အတွင်းရေးမှူး နန့်ယွန်းပြည့်စုံနှင့် မဝေလွင်လွင်အောင်တို့က ရှင်းလင်းပြောကြားသည်။

ယင်း အွန်လိုင်းသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် ခရစ်ယာန်ဘာသာတို့မှ ဘာသာပေါင်းစုံ လူငယ်သင်တန်းသား၊ သင်တန်းသူ ၅၇ ဦးတို့ အွန်လိုင်းမှ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၃၀ ရက်အထိ ဖြစ်သည်။

ထို့ပြင် စက်တင်ဘာ ၂၁ ရက် ကမ္ဘာ့ကုလသမဂ္ဂမှ သတ်မှတ်ထားသည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကို ပုံစံအမျိုးမျိုးဖြင့် ယခုအပတ်တွင် အစီအစဉ်များ ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံတွင် မြန်မာဝိုင်အမ်စီအေမှ ကြီးမှူးပြီး ကိုဗစ်-၁၉ ကြောင့် အိမ်တွင်းၽ၌သာ နေနေရသော်လည်း ငြိမ်းချမ်းရေးအတွက် ပြည်သူ့အသံကို မိမိတို့တတ်နိုင်သည့် နည်းလမ်းဖြင့် စုပေါင်းထုတ်ဖော်နိုင်ရန် ရည်ရွယ်၍ ဝါသနာရှင်အဆင့် ဓာတ်ပုံပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင် ၈၆ ဦးထံမှ ဓာတ်ပုံပေါင်း ၁၄၃ ပုံရရှိသည်။ မကြာမီ ဆုရရှိသူများကို ဆုများ ချီးမြှင့်ရန် စီစဉ်ထားပြီး ယခုနှစ်ဆောင်ပုဒ်ဖြစ်သော "Shaping Peace Together " နှင့် "ငြိမ်းချမ်းရေးကို ဖော်ဆောင်ဖို့ ပေါင်းစည်းညီညွတ်လက်တွဲစို့ " စာတန်းပါ တီရှပ်အင်္ကျီများဝတ်ဆင်ပြီး Social Media Campaign ကိုလည်း လူငယ်ပေါင်း ၈၀၀ ကျော်ဖြင့် အွန်လိုင်းမှတစ်ဆင့် လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

---

❑ *ရှေ့ဖုံးမှ*

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ဂျော်ဒန်နိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ်ခြောက်ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

ထိုသို့ပေးအပ်ရာတွင် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုနောက်ထပ်စာရင်းများအား တတိယအကြိမ် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ကော့ကရိတ်မြို့နယ်အတွင်း အိမ်ထောင်စုဝင်ပေါင်း ၄၁၀၃ စုအား ထောက်ပံ့ငွေကျပ် ၈၂၀၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယမန်နေ့က ကရင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေထွန်းအောင်နှင့် ကော့ကရိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းနုတို့က ရပ်ကွက်၊ ကျေးရွာ၊ အုပ်ချုပ်ရေးမှူးများအား ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။

**ဇင်မာအေး (ခရိုင် ပြန်/ဆက်)**

---

❖ *ရှေ့ဖုံးမှ*

တတိယအကြိမ် စေလွှတ်သည့် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ မေ့ဆေးအထူးကုဆရာဝန် (ဒုတိယနှစ် ဘွဲ့လွန်) ၁၀ ဦး၊ အထက်တန်း သူနာပြု၊ သူနာပြု ၂၀ စုစုပေါင်း ၃၀ တို့မှာ ယနေ့နံနက် ၉ နာရီတွင် မကွေးမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၁၄ ရက်မှ ၂၆ ရက်အထိ မကွေးတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်သည့် ကျန်းမာရေးဝန်ထမ်း ဦးရေ ၅၀ ကျော်ရှိပြီဖြစ်သည်။

**ဇေယျာတု ( မကွေး)**



ရန်ကုန်တိုင်းဒေသကြီးသို့ တတိယအကြိမ်စေလွှတ်သည့် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ မေ့ဆေးအထူးကုဆရာဝန် (ဒုတိယနှစ် ဘွဲ့လွန်) ၁၀ ဦး၊ အထက်တန်းသူနာပြု၊ သူနာပြု ၂၀ ကို တွေ့ရစဉ်။

---

### ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ

(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)

**၁။ နံနက်ခင်း ရုံးသို့ လာရောက်စဉ်နှင့် ရုံးတက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ**

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအမြင်အားဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲလွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

**(က) ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် အချင်းချင်းသတိပေးပြောကြားရန်-**

- အိမ်အပြင်သို့ ထွက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များကို စောင့်ဆိုင်းသည့်စုရပ်တွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေ အကွာ ခပ်ခွာခွာနေပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင်စီးနင်းရာ၌ ထိုင်ခုံတစ်ခုတွင် တစ်ယောက်ချင်းစီသာ ဓားလွယ်ခုတ် အနေအထားဖြင့် ခပ်ခွာခွာထိုင်ပါ၊ ထိုင်ခုံတစ်ခုတည်းတွင် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ မထိုင်ရပါ။

(**မှတ်ချက်**။ အများသုံးယာဉ်များအသုံးပြုပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေပါ၊ အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို မကြာခဏ အသုံးပြုပါ။)

**၂။ ထမင်းစားချိန်တွင်-**

- ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။
- အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။

**၃။ ညနေခင်း ရုံးဆင်းချိန်နှင့် အိမ်ပြန်ရောက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ**

**(က) ရုံးဆင်းချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ**

- ရုံး/ဌာနမှပြန်ချိန်တွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေ အကွာ နေထိုင်ခြင်း (Physical Distancing) မှုကို လိုက်နာပါ။
- ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။

- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာနှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြားနေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝမပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်အကြောင်းကြားပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့ဝင်/မြို့ထွက်၌ ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ကျန်းမာရေးစစ်ဆေးဂိတ်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**လားရှိုး စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက လားရှိုးမြို့ နမ့်မော်ဖာကျောင်းတိုက်သို့ သွားရောက်ကာ နမ့်မော်ဖာကျောင်းတိုက်ရှိ ကျောက်တောင်၌ ဘုရားရုပ်ပွားတော်များ ထုဆစ်နိုင်ရန် ဆရာတော်သံဃာတော်များ ဘုရားအနေကဇာတင်နေမှုကို တက်ရောက်၍ နမ့်မော်ဖာကျောင်းထိုင်ဆရာတော်အား ရှိခိုးကန်တော့ကာ ငါးပါးသီလဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော အလှူငွေကျပ်သိန်း ၂၀ ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လားရှိုးခရိုင်၊ ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ်များတွင် ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးစစ်ဆေးဂိတ်ကို ကြည့်ရှုစစ်ဆေးပြီး ဌာနပေါင်းစုံမှ တာဝန်ကျဝန်ထမ်းများ၊ ကြက်ခြေနီဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် လိုအပ်သည့်နေရာတွင် အသုံးပြုနိုင်ရန် ထောက်ပံ့ငွေကျပ်သုံးသိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

**မောင်မောင်သန်း(တောင်ကြီး)**

# ယခု Stay at Home နှစ်ပတ်အတွင်းမှာ ကျွန်တော်တို့အနေနဲ့ ကိုဗစ် - ၁၉ အခြေအနေကို ထိန်းချုပ်နိုင်ဖို့ အစွမ်းကုန်ကြိုးစားလျက်ရှိကြောင်း ဒီနေရာကနေ အသိပေးအပ်ပါတယ်

ပါမောက္ခ ဒေါက်တာဇော်ဝေစိုး

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ဇော်ဝေစိုးနှင့် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က စက်တင်ဘာ ၂၆ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် –**

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး [ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)]**

ဒီနေ့ ၂၆ – ၉ – ၂၀၂၀ ရန်ကုန်မှာ ကိုဗစ်နဲ့ ပတ်သက်ပြီး အသစ်တိုးလာတာက ၅၀၃ ဦးရှိပါတယ်။ မနေ့တုန်းက ကျန်တာနဲ့ပေါင်းရင် ကျွန်တော်တို့ ၁၀၀၀ လောက် ဖြစ်သွားတယ်။ ဒီလူနာတွေကို နေရာချထားဖို့ စီစဉ်ရပါတယ်။ အဲဒီလို နေရာချထားတဲ့နေရာမှာ တပ်မတော် ဆေးတပ်ဖွဲ့က ၁၅၀ တာဝန်ယူပါတယ်။ ဒီနေ့လည်း ၁၅၀ ကို တာဝန်ယူမှာ ဖြစ်ပါတယ်။ လူနာစုစုပေါင်း ၃၀၀ ဖြစ်သွားမှာ ဖြစ်ပါတယ်။ မနေ့က ကျွန်တော်တို့ မှော်ဘီကို ပို့ပါတယ်။ ဒီနေ့ ရဲမွန်ကို ပို့မှာဖြစ်ပါတယ်။

အသစ်ဖွင့်တဲ့ အောင်မြင့်မိုရ်မှာ ဒီနေ့ လူနာအားလုံးပေါင်း ၅၂၈ ဦးကို နေရာချထားပြီး ကျန်တာတွေက ဖောင်ကြီးမှာ ဒီနေ့ ၉၀ နေရာချထားဖို့ စီစဉ်ထားပါတယ်။ ဝေဘာဂီ၊ တောင်ဥက္ကလာ၊ ရိုးမနဲ့ လှိုင်မှာ စုစုပေါင်း ၁၀၀/ ၁၅၀ လောက် နေရာချထားမှာ ဖြစ်ပါတယ်။ ဒီနေ့အတွက် အဆင်ပြေပါတယ်။

**ဆက်လက်ပြင်ဆင်နေ**

မနက်ဖြန်အတွက် အောင်မြင့်မိုရ်ကို ဆက်လက်ပြင်ဆင်နေပါတယ်။ အလားတူ ရိုးမမှာ ရိုးမ (၁) နဲ့ ရိုးမ(၂) ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရိုးမ (၂)ကို ပြင်ဆင်လျက်ရှိပါတယ်။ ရိုးမ (၁)က ၁၀၈၀ ဆံ့ပြီး ရိုးမ (၂) က ၁၅၀၀ လောက်ဆံ့မှာ ဖြစ်ပါတယ်။ ဒါတွေပြီးရင် လိုအပ်ရင် ဆက်လက်ပြီးတော့ ဖွင့်လှစ်နိုင်အောင် သင်တန်းကျောင်းတွေ၊ တက္ကသိုလ်တွေရဲ့ နေရာတွေကိုလည်း ကြိုတင်ကြည့်ရှုပြီး ပြင်ဆင်လျက်ရှိပါတယ်။

အလားတူ တစ်ပြိုင်နက်တည်းမှာ မနေ့က နေ့လယ်ပိုင်းမှာ ကျွန်တော်တို့ အဖွဲ့နဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ အစည်းအဝေးလုပ်ပါတယ်။ ဒီနေ့မနက်မှာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနဲ့ နေပြည်တော်မှာရှိနေတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ကျွန်တော်တို့အဖွဲ့ Zoom Meeting ကို မနက် ၉ နာရီခွဲကနေ နေ့လယ် ၁၂ နာရီခွဲအထိ လုပ်ပါတယ်။ ကျွန်တော်တို့ လိုအပ်ချက်တွေ၊ ပြင်ဆင်ရမယ့်အချက်တွေ၊ ကြိုတင်ပြီး နောင်လာမယ့် တစ်ပတ်/ နှစ်ပတ်နဲ့ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ရမယ့်အချက်တွေကို ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်ကို ရယူပါတယ်။ လိုအပ်ချက်တွေကို ဖြည့်ဆည်းပါတယ်။ ဤနည်းအားဖြင့် Stay at Home နှစ်ပတ်အတွင်းမှာ ဆောင်ရွက်ရမှာတွေကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ရော၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ရော အသေးစိတ် ညှိနှိုင်းတိုင်ပင်ပြီး ဆုံးဖြတ်ဆောင်ရွက်လျက်ရှိပါတယ်။

> **"လူနာတွေနဲ့ပတ်သက်ပြီး ယခင်ကလည်း အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ယခုလည်း သေပျောက်သွားတဲ့ အခြေခံအကြောင်းရင်းတွေကို အသေးစိတ်ဆွေးနွေးတိုင်ပင်ပြီးတော့ ဒါနဲ့ပတ်သက်ပြီး အကောင်းဆုံးဖြစ်အောင်၊ အသေအပျောက်အနည်းဆုံးဖြစ်အောင် ဘယ်လိုဆက်လက်ပြီး ဆောင်ရွက်မယ်ဆိုတာကို တိုင်ပင်ဆွေးနွေးပြီး ဆုံးဖြတ်ချက်တွေနဲ့အညီ အကောင်အထည်ဖော်လျက်ရှိပါတယ်"**

**အသေးစိတ်ဆွေးနွေး**

အနံ့ပျောက်တဲ့ လူနာတွေနဲ့ ပတ်သက်တဲ့ကိစ္စတွေ၊ နောက် PUI လို့ခေါ်တဲ့ သံသယရှိလူနာတွေ များပြားလာပြီး ဆေးရုံတွေမှာ နေရာတွေ များများလိုလာတဲ့ကိစ္စတွေ၊ ဒါတွေကို ဘယ်လိုဖြေရှင်းမလဲဆိုတာတွေ၊ နောက်ယခုလာတော့မယ့် Antigen Test Kit နဲ့ ပတ်သက်တဲ့ လမ်းညွှန်ချက်တွေ၊ အသစ်ဖွင့်လှစ်မယ့် ကိုဗစ်စင်တာတွေမှာ လူအင်အား၊ ပစ္စည်းအင်အားနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို အသေးစိတ်ဆွေးနွေးကြပါတယ်။ ဒီဆွေးနွေးချက်တွေနဲ့ ဆက်လက်ပြီးတော့ ကိုဗစ် – ၁၉ ကို Containment လုပ်နိုင်ဖို့ ကျွန်တော်တို့ ဆက်လက်ပြီး ကြိုးစားဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

ယခု Stay at Home နှစ်ပတ်အတွင်းမှာ ကိုဗစ် – ၁၉ အခြေအနေကို ထိန်းချုပ်နိုင်ဖို့ အစွမ်းကုန်ကြိုးစားလျက်ရှိကြောင်း ကျွန်တော် ဒီနေရာကနေ အသိပေးအပ်ပါတယ်။ အသေအပျောက် တက်နေတဲ့နှုန်းပေါ့နော်၊ အသေအပျောက် များလာတာနဲ့ ပတ်သက်ပြီးတော့လည်း အသေအပျောက်နှုန်း လျှော့ချနိုင်ဖို့၊ သေပျောက်တဲ့အရေအတွက် လျှော့ချနိုင်ဖို့အတွက် ကျွန်တော်တို့ အသေးစိတ်ဆွေးနွေးတိုင်ပင်ကြပါတယ်။

ဒီလူနာတွေနဲ့ပတ်သက်ပြီး ယခင်ကလည်း အစွမ်းကုန် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ယခုလည်း သေပျောက်သွားတဲ့ အခြေခံအကြောင်းရင်းတွေကို အသေးစိတ် ဆွေးနွေးတိုင်ပင်ပြီးတော့ ဒါနဲ့ပတ်သက်ပြီး အကောင်းဆုံးဖြစ်အောင်၊ အသေအပျောက် အနည်းဆုံးဖြစ်အောင် ဘယ်လိုဆက်လက်ပြီး ဆောင်ရွက်မယ်ဆိုတာကို တိုင်ပင်ဆွေးနွေးပြီး ဆုံးဖြတ်ချက်တွေနဲ့အညီ အကောင်အထည်ဖော်လျက်ရှိပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ထက်လျှံ

# (၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အကြို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၆**

(၅၆)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွမ်းခြံကုန်းမြို့နယ် တော်လန်းရဲကင်းစခန်းမှူး ဒုရဲအုပ် ဝင်းကိုကို ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် စက်တင်ဘာ ၂၄ ရက်က တော်လန်းကျေးရွာအနောက်ပိုင်းရှိ ဆုတောင်းပြည့်စေတီနှင့် တဝဂူဘုရားတို့တွင် ချုံနွယ်များရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရဲပြန်ကြား



(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးအောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၆ ရက်က ၅၉ လမ်းနှင့် လမ်း ၆၀ (A)လမ်းအကြားရှိ အထက (၂၇)ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ရဲပြန်ကြား

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ ၊ အလုပ်ရုံများ ယာယီပိတ်သိမ်းထားချိန်တွင် အလုပ်သမား ခြောက်သိန်းကျော်အား နိုင်ငံတော်က ထောက်ပံ့ငွေပေးအပ်မည်

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများ ထိန်းချုပ်၊ ကာကွယ်နိုင်ရေးအတွက် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ ယာယီပိတ်သိမ်းထားချိန်၌ လူမှုဖူလုံရေးတွင် အကျုံးဝင် မှတ်ပုံတင်ထားခြင်း မရှိသည့် တိုင်းဒေသကြီးအတွင်းရှိ အလုပ်သမားများအား နိုင်ငံတော်မှ ထောက်ပံ့ငွေပေးအပ်မည့် ညှိနှိုင်း အစည်းအဝေးကို Video Conferencing ဖြင့် ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ အလုပ်သမားရေးရာ တိုင်းဒေသကြီးဦးစီးမှူးများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ UMFCCI မှ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့ရုံး နည်းပညာအကြံပေးပုဂ္ဂိုလ်နှင့် DaNa Facility မှ တာဝန်ရှိသူများက Video Conferencing ဖြင့် ပါဝင်ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် လူမှုဖူလုံရေးတွင် အကျုံးဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် ဝန်ထမ်းစုစုပေါင်း ၆၈၅၄၅၉ ဦးခန့်အား နိုင်ငံတော်က ထောက်ပံ့ငွေအဖြစ် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် / ဆက်)**

## လှိုင်းအသင့် အတင့်ရှိမည်

**နေပြည်တော် စက်တင်ဘာ ၂၆** – မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ပထမ ခေါင်လန်ဖူး၊ ဒုတိယ ရှိန်းခေါင်နှင့် လန်ဆယ် (၃)

ဖုန်ဇီရမ်



ကချင်ပြည်နယ်၊ ပူတာအိုခရိုင်အတွင်းရှိ မငွေဇ-ခေါင်လန်ဖူး ကားလမ်း (၆၅/၄)မိုင် ဖောက်လုပ်နေမှု အခြေအနေကို ဝေဟင်မှ တွေ့ရစဉ်။

### ပူတာအိုမှ ခေါင်လန်ဖူးသို့ နေ့ချင်းပေါက်ပြီ

နယ်စပ်ရေးရာဝန်ကြီးဌာနက ဖောက်လုပ်ပေးနေသော မငွေဇ-ခေါင်လန်ဖူး ကားလမ်းသည် စုစုပေါင်း (၆၅/၄) မိုင်ရှိသည့်အနက် ယခုအခါ (၅၀/၀) မိုင်သို့ ချင်းနင်းဝင်ရောက်လာပြီ ဖြစ်သည်။ (၁၅/၀)မိုင်သာသာခန့် ဖောက်လုပ်ရန် ကျန်သော်ငြားလည်း ထိုခရီးမှာ ဆိုင်ကယ်ဖြင့် သွားလို့ရသော ခရီးဖြစ်နေပေပြီ။ ပူတာအိုက လာသောကားများသည် ရီဒမ်းကြိုးတံတားနားအထိ လာနိုင်သော်လည်း ခရီးသည်နှင့် ကုန်ပစ္စည်း အတင်အချ လုပ်၍ကောင်းသော ဖူလွမ်းကျေးရွာမှာသာ စတည်းချ၍ စောင့်ကြိုတတ်ကြ၏။ ပူတာအိုမှနေ၍ ကားဖြင့်ပဲလာလာ၊ ဆိုင်ကယ်ဖြင့်ပဲသွားသွား ပူတာအို- မချမ်းဘော- မငွေဇ-ခေါင်လန်ဖူးခရီးသည် နေ့ချင်းပေါက်ပြီဟု ပြောရမည်သာ။ ပူတာအိုမှ မငွေဇအထိ (၇၀/၄)မိုင် ခရီးကို ကား/ဆိုင်ကယ်ဖြင့် သုံးနာရီခွဲခန့် ကြာမြင့်ပါသည်။ မငွေဇကနေ ရီဒမ်းကြိုးတံတား မေခမြစ်အထိ (၄၃/၁)မိုင် ခရီးအား ကား/ဆိုင်ကယ်ဖြင့် သုံးနာရီခွဲ။ ရီဒမ်းကြိုးတံတားမှ ခေါင်လန်ဖူးအထိ (၂၂/၃)မိုင် ခရီးကို ဆိုင်ကယ်ဖြင့် (ကြိုးတံတား ကြံ့ခိုင်မှုအတွက် ကားများ ဖြတ်သန်းခွင့် မပြုသေး) သုံးနာရီခွဲခန့်ဟု ခန့်မှန်းတွက်ချက်နိုင်ပေရာ



ကချင်ပြည်နယ်၊ ပူတာအိုခရိုင်အတွင်းရှိ မငွေဇ-ခေါင်လန်ဖူး ကားလမ်း (၆၅/၄)မိုင် ဖောက်လုပ်နေမှု အခြေအနေကို ဝေဟင်မှ တွေ့ရစဉ်။

ပူတာအိုမှ ခေါင်လန်ဖူး ခရီးသည် နံနက် ၆ နာရီထွက်လျှင် ညနေ ၅ နာရီမှာ လိုရာပန်းတိုင်သို့ ရောက်ရှိနေပါလိမ့်မည်။ ၂၀၁၀ ပြည့်နှစ် ပူတာအို-နောင်မွန် ကားလမ်း ဖောက်ပြီးသည့်တိုင် နောင်မွန်မှ ခေါင်လန်ဖူးအထိ ရက်သတ္တတစ်ပတ်ခန့် လမ်းလျှောက်နေကြရဆဲ၊ ကားလမ်းမပေါက်သေးသည့် ဟိုဘက်ခေတ်မှာဆိုလျှင်ဖြင့် ပူတာအိုမှ ခေါင်လန်ဖူးခရီးသည် ဆိုဖွယ်ရာမရှိတော့ပြီ။ အနည်းဆုံး ကျွန်တော်တို့လို ဒေသခံများပင်လျှင် ၁၄ ရက်ခန့် ကြာအောင် ခက်ခက်ခဲခဲ သွားလာခဲ့ကြရသည်။

### ကုန်စည်စီးဆင်းမှု ကဏ္ဍချောမွေ့လျက်ရှိ

ဖူလွမ်းကျေးရွာကို ဗဟိုပြု၍ လှုပ်ရှားသွားလာနေကြသော ကား၊ ဆိုင်ကယ်တို့၏ ခရီးသည်တင်ဆောင်မှု အခြေအနေနှင့် ကုန်စည်များ သယ်ယူရောင်းဝယ်ဖောက်ကားမှု အခြေအနေများကို လေ့လာကြည့်လျှင် ခေါင်လန်ဖူးမြို့နယ်အတွင်းသို့ ပုံမှန်ဝင်ရောက်လည်ပတ်နေကြောင်းတွေ့ရပေမည်။ တစ်ရက်လျှင် ပျမ်းမျှ မော်တော်ယာဉ် ခုနစ်စီးနှင့် ဆိုင်ကယ် ၁၀ စီးခန့် မောင်းနှင်သွားလာမှုရှိပြီး ယင်းယာဉ်များပေါ်၌ ခရီးသည် ၃၀ မှ ၄၀ အကြား လိုက်ပါစီးနင်းကြောင်း သိရှိရပါသည်။ တင်ဆောင်သော ကုန်ပစ္စည်းအမျိုးအစားများမှာ ဆန်နှင့်စားသုံးဆီ၊ ကုန်စိမ်းကုန်ခြောက်မျိုးစုံ၊ ဒီဇယ်နှင့် ဓာတ်ဆီ အစရှိသည့် စက်သုံးဆီများ၊ ဆေးဝါးပစ္စည်း အမျိုးမျိုး၊ အထပ်သား၊ သံနှင့်ချိန်းလင့် အစရှိသည့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ ကျောင်းဖွင့်ချိန်၌ တွေ့ရတတ်သည့် ကျောင်းဝတ်စုံနှင့် ထီး၊ ဖိနပ်အမျိုးမျိုး၊ မုန့်နှင့်အချိုရည်မျိုးစုံတို့ဖြစ်ကြောင်း တွေ့ရှိရသည်။

### စီးပွားဖြစ် ကုန်ထုတ်လမ်းမဟုတ်ပါ

နယ်စပ်ရေးရာဝန်ကြီးဌာနက နယ်စပ်ဒေသများတွင် ဖောက်လုပ်ပေးနေသော လမ်းများသည် စီးပွားဖြစ်ကုန်ထုတ်လမ်းများ မဟုတ်ကြပါ။ ယင်းလမ်းများ၏ သဘောသဘာဝကိုက အခေါင်အဖျားဒေသရှိ တိုင်းရင်းသားများနှင့်ပါမကျန် ရင်းနှီးချစ်ခင်စွာ ထိတွေ့ဆက်ဆံမှု ပြုနိုင်စေရန်၊ ကူးလူးဆက်သွယ်နိုင်စေရန် ရည်သန်လျက် ကျေးလက်လမ်းအဆင့်ထက် အနည်းငယ်မြင့်မားရုံမျှသာ ဖောက်လုပ်ပေးထားခြင်း ဖြစ်ပါသည်။ နောင်မှဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပြီး အဆင့်မြှင့်တင်သည့် လုပ်ငန်းများဆောင်ရွက်သည့် သဘောသဘာဝရှိပါသည်။ မငွေဇ-ခေါင်လန်ဖူး ကားလမ်းသည် တောင်ပေါ်ဒေသလမ်းဖြစ်သည့်အားလျော်စွာ မြေပြိုခြင်း၊ သဲတောင်ပြိုခြင်းများကြောင့် အခိုက်အတန့် လမ်းပိတ်ဆို့သွားခြင်းများလည်း ဖြစ်ပေါ်နိုင်ပါသည်။ လမ်းအဆင့်မြှင့်ဆောင်ရွက်ပြီးချိန်မှာတော့ ယင်းကဲ့သို့ ဖြစ်စဉ်များရှိတော့မည်မဟုတ်ပါ။

### စုပေါင်းညီညာအောင်ကြောင်းဖြာ

ဒေသခံတိုင်းရင်းသား တစ်ယောက်အနေဖြင့် ကျွန်တော်၏ ထင်မြင်ယူဆချက်ကို တင်ပြရလျှင် ရှေးယခင်အစိုးရများ အဆက်ဆက်မှာ သည်လမ်းကို ဘာ့ကြောင့် မဖောက်ခဲ့ကြပါသနည်း။ ထင်သလောက် မလွယ်၍ အခက်အခဲများစွာရှိနေ၍ ဖြစ်ပါလိမ့်မည်။ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ရှိသူများ၏ ပြောစကားအရလည်း မငွေဇ-ခေါင်လန်ဖူးကားလမ်းကြီးကို သူတို့ချည်း သက်သက်ဖောက်လုပ်ရန်မှာ မလွယ်ဟု ဆိုကြ၏။ အစိုးရ၏ ရန်ပုံငွေနှင့် တပ်မတော်၏ အကူအညီဖြစ်သော အရာရှိ ဦးစီးအင်ဂျင်နီယာစစ်သည်များ တွဲဖက်ပေးခြင်း၊ အရေးပေါ်ယမ်းလိုအပ်ချက်၊ စက်သုံးဆီလိုအပ်ချက်များ ရှိလာချိန်တွင် ရဟတ်ယာဉ်များဖြင့် သယ်ယူပို့ဆောင် ဖြည့်တင်းပေးခြင်းများရှိကြောင်း မေးမြန်းသိရှိရပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် တာဝန်ရှိသူများကလည်း လမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ မကြာခဏလာရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရသည်။

### ပထမခေါင်လန်ဖူး၊ ဒုတိယရှိန်းခေါင်နှင့် လန်ဆယ်

မငွေဇ-ခေါင်လန်ဖူးကားလမ်းမကြီး၏ လာရာနှင့် လားရာကတော့ အတော်လေးစိတ်ဝင်စားစရာကောင်းနေပါပြီ။ ဆန်းလွတ်ချက်ကိုကျော်၊ မေခကိုဖြတ်ပြီး ခက်ခဲကြမ်းတမ်းစွာခရီးနှင်လာရသော သည်ကားလမ်းကြီး၊ ခေါင်လန်ဖူးမှာပဲ အဆုံးသတ်မှာလား၊ မည်သည့်အရပ်ဒေသများသို့ ခရီးဆက်မလဲဆိုသည်ကို ကျွန်တော် သိချင်လာမိသည်။ ထို့ကြောင့် နတလဦးစီးဌာနက အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်နှင့် ဆုံစည်းခိုက် သိလိုသမျှကို မေးမြန်းစေ့ငုကြည့်ရာ သူကလည်း စီမံကိန်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်လာပုံ၊ ယနေ့အထိဆောင်ရွက်ပြီးစီးမှုများအပြင် ရှေ့ဆက်သွားမည့် လျာထားချက်များကိုပါ စိတ်ရှည်လက်ရှည် ရှင်းပြပါသည်။

"ကျွန်တော်တို့ မငွေဇ-ခေါင်လန်ဖူးကားလမ်းမကြီးကို အပိုင်း(၄)ပိုင်းခွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။

အပိုင်း(၁) မငွေဇ-ငေါ့လုံဒမ်း (၂၅/၄)မိုင်၊

အပိုင်း(၂) ငေါ့လုံဒမ်း-လုံးတုံဗိုလ်တဲ (၁၀/၀)မိုင်၊

အပိုင်း(၃) လုံးတုံဗိုလ်တဲ-မေခမြစ်အနီးဆီဆုံအထိ (၁၀/၄)မိုင်၊

အပိုင်း(၄) ဆီဆုံ-ခေါင်လန်ဖူး (၁၉/၄)မိုင်။

အခုစီမံကိန်းလုပ်ငန်းအပိုင်း(၄)ကို ရောက်နေပါပြီ။ ဆောင်ရွက်ပြီးသမျှ လုပ်ငန်းတွေကတော့ လာမည့်နှစ်မှာ မြေလမ်းအနေနဲ့ ပြီးသလောက်ဖြစ်သွားမယ်။ ကျောက်လမ်းက (၄၄/၀)မိုင်အထိ လျာထားပါတယ်။ သည်လမ်းကြီးပေါ်မှာ ကွန်ကရစ်တံတား အစင်း ၂၀၊ Box Culvert ၁၅၂ စင်း၊ ကျောက်စီရေမြောင်း ၁၃၉၉၅ ပေ၊ ကွန်ကရစ်ရေကျော် နှစ်ခု၊ ကွန်ကရစ် ရေပြွန် နှစ်ခု ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သည်ကားလမ်းကြီးကို ဖောက်လုပ်ပေးခဲ့တဲ့နေရာမှာ မိမိ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဌာနပိုင် ယာဉ်/ယန္တရားများနှင့်အတူ ခွဲဝေရရှိသော ဝန်ကြီးဌာနဘတ်ဂျက် ရန်ပုံငွေကိုသာ အသုံးပြုပြီး ကျေးလက်လမ်းအဆင့်ထက် အနည်းငယ်သာလွန်ကောင်းမွန်တဲ့ လမ်းတစ်လမ်းဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။ မငွေဇ-ခေါင်လန်ဖူး ကားလမ်းကြီးပေါက်သွားပြီဆိုရင်တော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ မြောက်ဘက်က ရှိန်းခေါင်ဒေသနဲ့ နယ်စပ်ရေးရာ ဝန်ကြီးဌာနရဲ့ နယ်စပ်ပတ်လမ်း စီမံကိန်းမှာ ပါဝင်နေတဲ့ တောင်ဘက်က လန်ဆယ်ဒေသများအထိ လမ်းများဆက်လက် ဖောက်လုပ်ပေးဖို့ လျာထားပြီးဖြစ်ပါတယ်။ လုပ်ငန်းခွင်အတွက် စက်ယန္တရားကြီးများလည်း အသင့်ရှိနေပြီ ဖြစ်ပါတယ်..." ဟု ၎င်းကပြောသည်။

### ဖိတ်ခေါ်ပါသည် ခေါင်လန်ဖူးဒေသဆီ

ပူတာအိုကနေထွက်ပြီး အရှေ့အနောက် ၁၅ မိုင်၊ တောင်မြောက် ၂၅ မိုင်ကျယ်ဝန်းသည့် ပူတာအိုလွင်ပြင်ကြီးကို ဖြတ်ပြီးတာနဲ့ မချမ်းဘောမြို့ကလေးကို ရောက်ပါမည်။ ဂျိမ်းဖော့လိုတော့ မကျန်ဘော့ဟု အမိပ္ပာယ်ရ၏။ မကျန်ကချောင်း၊ ဘော့က မြစ်ဆုံဖြစ်၍ မကျန်ချောင်းနှင့် မလိခ မြစ်ဆုံရာ အရပ်ဖြစ်ပါသည်။ ထိုမှလွန်လျှင် မငွေဇကိုရောက်ပြီး ခေါင်လန်ဖူးမြို့လေးဆီ ခရီးဆက် နိုင်ပါပြီ။ သဘာဝတောတောင် ရှုခင်းများနှင့် သာယာလှပသော ရဝမ်၊ လီဆူ၊ ဂျိမ်းဖော့၊ ခန္တီးရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုတို့ ထုံလွှမ်းနေသော ဧရာဝတီမြစ်၏ ရေဦးရေဖျား ပတ်ဝန်းကျင်နှင့် ဆီးနင်းဖုံးဒေသရှိ ဇီဝမျိုးစုံ မျိုးကွဲများကို တစ်ဝကြီး လေ့လာကြည့်ရှု ခံစားနိုင်မည့် ခေါင်လန်ဖူးဒေသသို့ ကြွမြန်းခဲ့ကြပါရန် လေးစားစွာ ဖိတ်မန္တက ပြုလိုက်ရပါကြောင်း...။ ။

**"နယ်စပ်ရေးရာဝန်ကြီးဌာနက နယ်စပ်ဒေသများတွင် ဖောက်လုပ်ပေးနေသော လမ်းများသည် စီးပွားဖြစ်ကုန်ထုတ်လမ်းများ မဟုတ်ကြပါ။ ယင်းလမ်းများ၏ သဘောသဘာဝကိုက အခေါင်အဖျားဒေသရှိ တိုင်းရင်းသားများနှင့်ပါမကျန် ရင်းနှီးချစ်ခင်စွာ ထိတွေ့ဆက်ဆံမှု ပြုနိုင်စေရန်၊ ကူးလူးဆက်သွယ်နိုင်စေရန် ရည်သန်လျက် ကျေးလက်လမ်းအဆင့်ထက် အနည်းငယ်မြင့်မားရုံမျှသာ ဖောက်လုပ်ပေးထားခြင်း ဖြစ်ပါသည်။ နောင်မှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပြီး အဆင့်မြှင့်တင်သည့် လုပ်ငန်းများ ဆောင်ရွက်သည့် သဘောသဘာဝရှိပါသည်။ မငွေဇ-ခေါင်လန်ဖူး ကားလမ်းသည် တောင်ပေါ်ဒေသလမ်းဖြစ်သည့်အားလျော်စွာ မြေပြိုခြင်း၊ သဲတောင်ပြိုခြင်းများကြောင့် အခိုက်အတန့်လမ်း ပိတ်ဆို့သွားခြင်းများလည်း ဖြစ်ပေါ်နိုင်ပါသည်။ လမ်းအဆင့်မြှင့် ဆောင်ရွက်ပြီးချိန်မှာတော့ ယင်းကဲ့သို့ဖြစ်စဉ်များ ရှိတော့မည်မဟုတ်ပါ"**

# အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်သို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှု


ရန်ကုန် စက်တင်ဘာ ၂၆

**ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်တွင် ဖျားနာသံဃာများအား တပ်မတော်ဆေးတပ်ဖွဲ့က စစ်ဆေးခြင်း၊ ကုသခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်တွင် သံဃာတော် ၁၂ ပါး၊ စက်တင်ဘာ ၂၃ ရက်တွင် သံဃာတော် ၆၃ ပါး၊ စက်တင်ဘာ ၂၅ ရက်တွင် သံဃာတော် ၂၇၅ ပါးနှင့် ကပ္ပိယ လေးဦး COVID-19 ရောဂါပိုးတွေ့ရှိခဲ့သဖြင့် စုစုပေါင်း သံဃာအပါး ၃၅၀ နှင့် ကပ္ပိယ လေးဦး ရောဂါပိုးတွေ့ရှိခဲ့သည်။**

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးစိန်မော်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင် သာသနာရေးမှူး ဦးလင်းလင်းအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကောင်းထိုက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့ ပါဝင်သောအဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ကျောင်းတိုက်တာဝန်ခံ ဆရာတော် ဘဒ္ဒန္တဂန္ဓသာရာလင်္ကာရ၊ ဘဒ္ဒန္တပညာဝံသတို့အား ဖူးမြော်ပြီး Surgical Mask အခု ၈၀၀၀၊ အဝတ် Mask အခု ၄၀၀၊ မျက်နှာအကာ အခု ၇၀၀၊ လက်သန့်ဆေးရည် လေးဂါလန်၊ လက်သန့်ဆေးရည် ဘူးသေး ၂၀၀ နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အလှူငွေကျပ်သိန်း ၅၀၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလှူငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ တို့ကို ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။

အဆိုပါ အဖွဲ့သည် စက်တင်ဘာ ၂၇ ရက်မှစ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့အစည်းများဖြင့် ကျောင်းတိုက်အတွင်းရှိ စာသင်သားသီတင်းသုံးဆောင်၊ စာဝါပို့ချဆောင်၊ ဘုရားဝတ်ပြုသည့် အဆောင်များကို ပိုးသတ်ဆေးဖျန်းခြင်း၊ စာသင်သား သီတင်းသုံးဆောင်များတွင် လက်ဆေးဘေစင်အလုံး ၂၀ တပ်ဆင်ခြင်း၊ အမှိုက်နှင့် အသုံးမလိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကို မီးရှို့ခြင်း၊ ကျောင်းဝင်းအတွင်းရှိ အမှိုက်များကို အမှိုက်သယ်ယာဉ်များဖြင့် သယ်ယူစွန့်ပစ်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# စေတနာရှင်ပြည်သူများစုပေါင်းကာ အခြေခံလူတန်းစား ပြည်သူများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စေတနာရှင်ပြည်သူများ စုပေါင်းကာ အခြေခံလူတန်းစား ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းသည့် "ပြည်သူမှ ပြည်သူသို့ မျှဝေခြင်း" အစီအစဉ်ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ပြုလုပ်သည်။ (ဝဲပုံ)



**ထောက်ပံ့လှူဒါန်း**

ထိုသို့ဆောင်ရွက်ရာတွင် အဆိုပါမြို့နယ် မင်္ဂလာကွက်သစ် ကျုံစုကျေးရွာရှိ အိမ်ခြေ ၅၀၀ ခန့်အား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၅၀၀၀ ခန့်တန်ဖိုးရှိ ဆန်၊ ဆီ အပါအဝင် အခြေခံစားသောက်ကုန် ရှစ်မျိုးကို ထောက်ပံ့လှူဒါန်းခြင်းဖြစ်ပြီး ယင်းသို့ ဆောင်ရွက်ရာတွင် လူစုလူဝေး မဖြစ်ပေါ်စေရေးနှင့် စနစ်တကျ ထောက်ပံ့လှူဒါန်းနိုင်ရေးတို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အစီအစဉ် ဖြစ်မြောက်ရေးအတွက် ကမကထပြု ဦးစီးဆောင်ရွက်သူ ဦးဇော်နိုင်က "အခုလိုကာလမှာ အခြေခံလူတန်းစား လက်လုပ်လက်စားပြည်သူတွေ စားဝတ်နေရေး အဆင်ပြေစေဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ကူညီတာပါ။ စိတ်တူကိုယ်တူ မိတ်ဆွေသူငယ်ချင်းတွေ၊ အလှူရှင်တွေ စုပေါင်းပြီး လုပ်ကြတာပါ။ အခြားနေရာတွေမှာလည်း ဆက်လက်လှူဒါန်းသွားဖို့ စီစဉ်ထားပါတယ်"ဟု ပြောသည်။

အလားတူ ယင်းကဲ့သို့ ထောက်ပံ့လှူဒါန်းမှုကို စက်တင်ဘာ ၂၇ ရက်တွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အတွင်း၌ ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါပရဟိတအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပထမလှိုင်းကာလတွင် တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ အင်းစိန်၊ လှိုင်၊ လှိုင်သာယာ၊ စမ်းချောင်း၊ ဒလ စသည့်မြို့နယ်များမှ အနေးယာဉ် လုပ်သား ၅၀၀၀ ခန့်အား "ပြည်သူမှ ပြည်သူသို့ မျှဝေခြင်း" အစီအစဉ်အဖြစ် အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်သူမှ ပြည်သူသို့ မျှဝေ**

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ဆောင်ရွက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အချိန်နှင့်တစ်ပြေးညီ အလေးထားဆောင်ရွက်နေသကဲ့သို့ ပြည်သူပြည်သားများထဲမှ အခြေခံလူတန်းစားများအား တတ်နိုင်သလောက် ကူညီနိုင်ကြရန် ရည်ရွယ်ကာ "ပြည်သူမှ ပြည်သူသို့ မျှဝေခြင်း" အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ တစ်ပေခန့် ရေကျော်ကျနေမှုကို ပြည်သူများသို့ အသိပေးနှိုးဆော်

ပွင့်ဖြူ စက်တင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ သတ်မှတ်ထားသော တမံရေပြည့်အမှတ် ပေ ၃၄၀ ထက် တစ်ပေခန့် ကျော်လွန်နေ၍ စက်တင်ဘာ ၂၅ ရက် ညနေ ၅ နာရီက တမံအောက်ဘက်တွင်ရှိသော ကျေးရွာများမှ ပြည်သူများသိရှိနိုင်ရန် ကြိုတင်စီမံခန့်ခွဲမှု အဆင့်(၁)အဖြစ် သတ်မှတ်ပြီး အစိမ်းရောင်အလံများ စိုက်ထူကာ အသိပေးနှိုးဆော်ထားရှိကြောင်း အဆိုပါ ကြီးအုံကြီးဝတမံမှ အငယ်တန်းအင်ဂျင်နီယာ ဦးစိုးလင်းအောင်ထံက သိရသည်။

ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ရေကျော်ကျမှုများရှိသော်လည်း ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်စရာအခြေအနေ မရှိသေးကြောင်း၊ သဘာဝဘေးအန္တရာယ်ကင်းရှင်းစေရေး စီမံချက်အရ ပြည်သူများ သိရှိနိုင်စေရန် အစိမ်းရောင်အလံစိုက်ထူ၍ အသိပေး နှိုးဆော်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်သူများ သဘာဝဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ရေလှောင်တမံအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် အသိပေးနှိုးဆော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုနေ့က တမံအောက်ဘက်တွင်ရှိသော မဲဇလီကျေးရွာ၊ ဆည်တော်ကျေးရွာ၊ လယ်မကျေးရွာ၊ ရေယဉ်ကျေးရွာများမှ ပြည်သူများ ကြိုတင်သိရှိနိုင်ရေးအတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ခေါ်ယူတွေ့ဆုံ၍ ကြီးအုံကြီးဝတမံမှ ဦးစီးအရာရှိ ဦးထွန်းလွင်က တမံရေပြည့်အမှတ်ဖြစ်သည့် ပေ ၃၄၀ အထက် ရေပိုလွှဲမှ တစ်ပေခန့် ရေကျော်ကျနေမှုအခြေအနေနှင့် ပက်သက်ပြီး အသိပေးရှင်းလင်း ပြောကြားကာ သဘာဝဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်အရ အစိမ်းရောင်အလံများကို စိုက်ထူဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ စဝ်စံထွန်းဆေးရုံကြီး၌ အသုံးပြုရန် အောက်ဆီဂျင်စက်နှင့် အာဟာရဒါနအလှူငွေလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၆**

(၅၆)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း အထောက်အကူဖြစ်စေရန်အတွက် ဆေးရုံသုံးပစ္စည်း အောက်ဆီဂျင်စက်နှင့် အာဟာရဒါန အလှူငွေ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ ကျင်းပသည်။



အခမ်းအနားသို့ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကို၊ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး ဝင်းသိန်း၊ ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူး ကျော်ကျော်ညွန့်နှင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်/မိသားစုဝင်များက ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အရေးပေါ်လူနာများအတွက် အသုံးပြုရန် အောက်ဆီဂျင်စက် သုံးလုံး (စုစုပေါင်း တန်ဖိုးငွေကျပ် ၁၈၆၀၀၀၀)နှင့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် အာဟာရဒါန အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာဝင်းနိုင်က လက်ခံပြီး လှူဒါန်းမှုများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**



(၅၆)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးမိတ်ခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဇော်ဇော် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၆ ရက်က မိုးမိတ်မြို့ မြောက်ပိုင်းရပ်ကွက်ရှိ ဆုတောင်းပြည့်စေတီတော် ပရိဝုဏ် အတွင်း အပြင် စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

သတင်းစဉ်

# စည်းမျဉ်းစည်းကမ်းများကို လိုက်နာ



ကျွန်မတို့ထုတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေဟာ တကယ်တော့မများပါဘူး။ တစ်ယောက်ချင်း တစ်ယောက်ချင်း လိုက်နာရမယ့် စည်းကမ်းတွေက မများပါဘူး။ နံပါတ် (၁)က အပြင်သွားရင် နှာခေါင်းစည်းတပ်ပါ။ Mask တပ်သွားပါ။ နောက်ပြီးတော့ လက်ကို ခဏခဏဆေးပါ။ ဆေးတဲ့အခါ စက္ကန့် (၂၀) ကြာအောင်ဆေးပါ။ နောက်ပြီးတော့ တခြားသူတွေနဲ့ ခပ်ခွာခွာနေပါ။ အပြင်ကို၊ လူစုလူဝေးရှိတဲ့ နေရာတွေကို မသွားပါနဲ့။ တတ်နိုင်သမျှ ရှောင်ပါ။ မလွှဲသာ သွားရမယ်ဆိုရင် တခြားသူတွေနဲ့ နီးနီးကပ်ကပ်မနေပါနဲ့။ အနည်းဆုံး ခြောက်ပေတော့ ခွာပြီးနေဖို့ဆိုပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနက အကြံပြုထားပါတယ်။ ဒီစည်းမျဉ်းစည်းကမ်းလေးတွေကို အခြေခံအားဖြင့် လိုက်နာမယ်ဆိုရင်၊ တစ်ဦးချင်း တစ်ဦးချင်းဟာ ကိုယ့်ရဲ့ကျန်းမာရေးကို ကိုယ်စောင့်ရှောက်မယ်ဆိုရင် ကျွန်မတို့ ကိုဗစ်ထိန်းချုပ်မှုလုပ်ငန်းဟာ ပိုပြီးတော့ မြန်မြန်အောင်မြင်မှာ ဖြစ်ပါတယ်။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟို ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၁ ရက်နေ့တွင် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၈၈၀ ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၉၉၉၁ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၂၆

စက်တင်ဘာ ၂၅ ရက် ည ၈ နာရီမှ စက်တင်ဘာ ၂၆ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၅၈၁၆ ခုအား စစ်ဆေးခဲ့ရာ ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၈၈၀ ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၉၉၉၁ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၉၉၉၁ ဦးအနက် သေဆုံးသူ ၁၉၈ ဦးနှင့် ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၂၆၈၁ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။ **သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၄၅၁၅၄ | ၉၉၉၁ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၂၆၈၁ | ၁၉၈ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၁၃၇၇၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၆၈၁ ဦး

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၆-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကိုသိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည်ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## ၂၆-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၂၄၄၁၈၄ | ၄၄၈၀၇၁၉ | ၂၀၈၄၄၀ |
| ၂။ | အိန္ဒိယ | ၅၉၀၈၇၄၈ | ၄၈၄၉၅၈၄ | ၉၃၄၄၀ |
| ၃။ | ဘရာဇီး | ၄၆၉၂၅၇၉ | ၄၀၄၀၉၄၉ | ၁၄၀၇၀၉ |
| ၄။ | ရုရှား | ၁၁၄၃၅၇၁ | ၉၄၀၁၅၀ | ၂၀၂၂၅ |
| ၅။ | ကိုလံဘီယာ | ၇၉၈၃၁၇ | ၆၈၇၄၇၇ | ၂၅၁၀၃ |
| ၆။ | ပီရူး | ၇၉၄၅၈၄ | ၆၅၀၉၈၄ | ၃၂၀၃၇ |
| ၇။ | စပိန် | ၇၃၅၁၉၈ | မိစစ်ဆဲ | ၃၁၂၃၂ |
| ၈။ | မက္ကဆီကို | ၇၂၀၈၅၈ | ၅၁၈၂၀၄ | ၇၅၈၄၄ |
| ၉။ | အာဂျင်တီးနား | ၆၉၁၂၃၅ | ၅၄၆၉၂၄ | ၁၅၂၀၈ |
| ၁၀။ | တောင်အာဖရိက | ၆၆၈၅၂၉ | ၅၉၉၁၄၉ | ၁၆၃၁၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၆ – ၉ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၃၀၁၂၅၆ | ၂၃၂၉၀၆ | ၅၂၈၄ |
| အင်ဒိုနီးရှား | ၂၇၁၃၃၉ | ၁၉၉၄၀၃ | ၁၀၃၀၈ |
| စင်ကာပူ | ၅၇၆၈၅ | ၅၇၃၄၁ | ၂၇ |
| မလေးရှား | ၁၀၇၆၉ | ၉၇၈၅ | ၁၃၃ |
| မြန်မာ | ၉၉၉၁ | ၂၆၈၁ | ၁၉၈ |
| ထိုင်း | ၃၅၂၂ | ၃၃၆၂ | ၅၉ |
| ဗီယက်နမ် | ၁၀၆၉ | ၉၉၉ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၅ | ၂၇၄ | ၀ |
| ဘရူနိုင်း | ၁၄၆ | ၁၄၂ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၆-၉-၂၀၂၀) ရက်နေ့၊ ညနေ (၃:၀၀)နာရီ

၁။ (၂၅-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၅၉၇) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | အင်းစိန် | ၂၉၀ |
| | | လသာ | ၄၁ |
| | | သန်လျင် | ၂၁ |
| | | မြောက်ဥက္ကလာပ | ၂၀ |
| | | ရွှေပြည်သာ | ၁၉ |
| | | ဒလ | ၁၈ |
| | | ကွမ်းခြံကုန်း | ၁၅ |
| | | မင်္ဂလာဒုံ | ၁၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁ |
| | | မရမ်းကုန်း | ၁၀ |
| | | မင်္ဂလာတောင်ညွန့် | ၈ |
| | | ပန်းဘဲတန်း | ၇ |
| | | လှိုင်သာယာ | ၇ |
| | | တာမွေ | ၇ |
| | | သာကေတ | ၆ |
| | | သင်္ဃန်းကျွန်း | ၆ |
| | | လှိုင် | ၆ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၆ |
| | | ဒေါပုံ | ၅ |
| | | ထန်းတပင် | ၅ |
| | | စမ်းချောင်း | ၄ |
| | | လမ်းမတော် | ၄ |
| | | ကမာရွတ် | ၄ |
| | | ဗဟန်း | ၂ |
| | | ကျောက်တံတား | ၂ |
| | | ဗိုလ်တထောင် | ၂ |
| | | တောင်ဥက္ကလာပ | ၂ |
| | | ကြည့်မြင်တိုင် | ၂ |
| | | ပုဇွန်တောင် | ၁ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁ |
| | | ဒဂုံဆိပ်ကမ်း | ၁ |
| | | ကော့မှူး | ၁ |
| | | ကျောက်တန်း | ၁ |
| | | တွံတေး | ၁ |
| | | ရန်ကင်း | ၁ |
| | | အလုံ | ၁ |
| | | စုစုပေါင်း | ၅၅၁ |
| ၂။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ | ၇ |
| | | စစ်တွေ | ၄ |
| | | ကျောက်တော် | ၂ |
| | | စုစုပေါင်း | ၁၃ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၆ |
| | | ဒိုက်ဦး | ၄ |
| | | လက်ပံတန်း* | ၁ |
| | | သဲကုန်း | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ကန်ကြီးထောင့် | ၆ |
| | | မအူပင် | ၁ |
| | | စုစုပေါင်း | ၇ |
| ၅။ | မွန်ပြည်နယ် | ဘီးလင်း | ၂ |
| | | ကျိုက်ထို | ၂ |
| | | မုဒုံ | ၁ |
| | | စုစုပေါင်း | ၅ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာဇံ | ၁ |
| | | မြင်းခြံ | ၁ |
| | | စုစုပေါင်း | ၂ |
| ၇။ | နေပြည်တော် | လယ်ဝေး | ၃ |
| | | စုစုပေါင်း | ၃ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ခင်ဦး | ၁ |
| | | စုစုပေါင်း | ၁ |
| ၉။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | တောင်ကြီး | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၀။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၁ |
| | | စုစုပေါင်း | ၁ |
| | (၂၅-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၅၉၇) ဦး |

* ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူလျက်ရှိသူဖြစ်ပါသည်။

မှတ်ချက်။ (၂၅-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအချိန်တွင် ထုတ်ပြန်ကြေညာခဲ့သော(၂၅-၉-၂၀၂၀) ရက်နေ့တွင် တွေ့ရှိခဲ့သည့် ဓာတ်ခွဲအတည်ပြုလူနာသစ်စုစုပေါင်း(၅၉၈)ဦး၏ ဓာတ်ခွဲနမူနာများအနက် တစ်ခုသည် ဒုတိယအကြိမ် ထပ်မံစစ်ဆေးသည့် ဓာတ်ခွဲနမူနာဖြစ်သဖြင့် (၂၅-၉-၂၀၂၀)ရက်နေ့၏ ဓာတ်ခွဲအတည်ပြုလူနာသစ်မှာ (၅၉၇) ဦးသာ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၆-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ(၉,၁၁၁) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

❖ *ကျော့ဖုံးမှ*

| စဉ် | Case | အသက် (နှစ်) | ကျား/ မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁၇ | Case 8722 * | ၆၉ | ကျား | မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ နံနက် (၈:၃၀) နာရီ |
| ၁၈ | Case 8691 * | ၇၁ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ မွန်းလွဲ (၁၂:၂၅) နာရီ |
| ၁၉ | Case 8702 * | ၁၆ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၃-၉-၂၀၂၀) ရက်နေ့ နံနက် (၉:၀၅) နာရီ |
| ၂၀ | Case 8700 * | ၆၅ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၃-၉-၂၀၂၀) ရက်နေ့ မွန်းလွဲ (၁၂:၂၀) နာရီ |
| ၂၁ | Case 8701 * | ၇၉ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၃-၉-၂၀၂၀) ရက်နေ့ နံနက် (၉:၂၀) နာရီ |
| ၂၂ | Case 8699 * | ၄၁ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) ရက်နေ့ နံနက် (၀၀:၄၀) နာရီ |
| ၂၃ | Case 8613 * | ၇၇ | ကျား | အင်းစိန်ပြည်သူ့ဆေးရုံကြီး | (၂၂-၉-၂၀၂၀) ရက်နေ့ ည (၇:၀၀) နာရီ |
| ၂၄ | Case 8612 * | ၇၂ | မ | အင်းစိန်ပြည်သူ့ဆေးရုံကြီး | (၂၂-၉-၂၀၂၀) ရက်နေ့ ည (၇:၄၀) နာရီ |

အဆိုပါ လူနာများ သေဆုံးချိန်တွင် ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးထားဆဲဖြစ်ပြီး COVID-19 ရောဂါပိုးရှိကြောင်း ဓာတ်ခွဲအဖြေ ရရှိပြီးနောက် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

(ယခုသတင်းထုတ်ပြန်ချိန်အထိ) COVID-19 လူနာများအခြေအနေ

(၂၅-၉-၂၀၂၀) ရက်နေ့ ည (၈:၀၀)နာရီမှ (၂၆-၉-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီအထိ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၈၈၀) ဦး | (၉,၉၉၁) ဦး |
| ဆေးရုံဆင်း | (၁၆၄) ဦး | (၂,၆၈၁) ဦး |
| သေဆုံးလူနာ | (၂၄) ဦး | (၁၉၈) ဦး |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၃၉ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် စက်တင်ဘာ ၂၆**

ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီ က နေရပ်ပြန်ပြည်သူ ၃၉ ဦးအား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၃၉ ဦးမှာ အမျိုးသား၂၄ ဦးနှင့် အမျိုးသမီး ၁၅ ဦးတို့ဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှ တစ်ဦး၊ အောင်မြေသာဇံမြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းမြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်မှ နှစ်ဦး၊ ချောက်မြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းစံမြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်မှ ၁၄ ဦး၊ သီပေါမြို့နယ်မှ တစ်ဦးနှင့် တန့်ယန်းမြို့နယ်မှ ၁၄ ဦးတို့ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်မြို့ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၈၅၃၇ ဦးနှင့် အမျိုးသမီး ၆၈၇၃ ဦး တို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၅၄၁၀ တို့ကို လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင် (ပြန်/ဆက်)**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် စက်တင်ဘာ ၂၆**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

# ဝန်းသိုမြို့နယ်၌ စီးပွားရေးကုစားမှုအစီအစဉ်အရ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဝန်းသို စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကိုဗစ်-၁၉ ရောဂါကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ Cash For Work စီမံကိန်းဖြင့် ကျေးရွာပေါင်းခြောက်ရွာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ဖြင့် ကျေးရွာခြောက်ရွာ စုစုပေါင်းကျေးရွာ ၁၂ ရွာတွင် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

Cash for Work စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတစ်ခု၊ ရွာတွင်းလမ်းများ ဂျင်းမြေဖို့ပြီး ကျောက်မှုန့်ထပ်ပိုးခင်းခြင်း လုပ်ငန်းခြောက်ခု၊ လမ်းဘေးဝဲ/ယာ ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်း ခြောက်ခု၊ ကိုးပေအရှည်ရှိကျောက်ရိုးစီ ကွန်ကရစ်တံတား နှစ်စင်း၊ ကွန်ကရစ်ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်း သုံးခု၊ မြေသားရေကန် ကန်ပေါင်ကျောက်ရိုးစီခြင်းလုပ်ငန်း တစ်ခု စသည့် လုပ်ငန်းခွဲများ ကျေးရွာ ခြောက်ရွာ၌ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ( VRFP)ဖြင့် ကျေးရွာ ခြောက်ရွာတွင် စီမံကိန်းမိတ်ဆက်ခြင်း၊ ကျေးရွာကော်မတီ ဖွဲ့စည်းခြင်း၊ စီမံကိန်းစည်းကမ်းများ သတ်မှတ်ခြင်း၊ ချေးငွေလျှောက်လွှာခေါ်ယူခြင်း၊ ချေးငွေအတည်ပြုခြင်း၊ ရန်ပုံငွေလွှဲပြောင်းပေးခြင်း၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခြင်း လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**

# ကယားပြည်နယ် ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု အတွေးစများ

## လင်းဇော်ထွဋ် (ဟိုတယ်/ခရီး)

**၂၀၂၀ ပြည့်နှစ်သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းအတွက် Covid-19 ရောဂါကြီး၏ စိန်ခေါ်မှုကို ရင်ဆိုင်နေရသည့် နှစ်တစ်နှစ်ပင် ဖြစ်ပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းကြီး ရပ်တန့်သွားသလို အရှိန်အဟုန်ဖြင့် တိုးတက်နေသည့် ကယားပြည်နယ် ခရီးသွားလုပ်ငန်းမှာလည်း ဇက်ကြိုးဆွဲခံလိုက်ရသည့် မြင်းတစ်ကောင်ကဲ့သို့ ရပ်တန့်သွားခဲ့ပြီ ဖြစ်ပါသည်။ သို့သော်လည်း ဘာမဆိုလုပ်နိုင်သည်ဟူသော လူသားတို့၏ စိတ်ဓာတ်ဖြင့် Covid-19 ကို ကျော်လွှားနိုင်ရန် ကြိုးပမ်းနေသကဲ့သို့ ခရီးသွားကဏ္ဍတွင် ပါဝင်ပတ်သက်နေသူများလည်း ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ၂၀၂၀ ၏ ဆောင်ပုဒ်မှာ "ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး" ဟု သတ်မှတ်ထားကြောင်း သိရှိရပါသည်။**

### ကယားပြည်နယ်ခရီးသွားလုပ်ငန်း

ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းသည် "ကျေးလက်ဒေသများကြောင့် ဖွံ့ဖြိုးတိုးတက်ခဲ့တာလား၊ ကျေးလက်ဒေသများသည် ခရီးသွားလုပ်ငန်းကြောင့် တိုးတက်လာခဲ့တာလား၊ သို့မဟုတ် အပြန်အလှန်မှီခိုမှုများနှင့် တိုးတက်နေတာလား" ဆိုသည့် အတွေးများကို တွေးရင် ကယားပြည်နယ်မှာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန လွိုင်ကော်ရုံးကို ဖွင့်လှစ်ခဲ့သည့် ၂၀၁၄ ခုနှစ်အချိန် အတိတ်ကို ပြန်လည်တွေးဆမိခဲ့ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုများနှင့်အတူ ၂၀၁၁ ခုနှစ်မှ စတင်၍ ခရီးသွားလုပ်ငန်းမှာလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့ပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကလည်း ခရီးသွားဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့် ပြောင်းလဲမှုများ ပြုလုပ်ပြီး မြန်မာနိုင်ငံရှိ ခရီးသွားအလားအလာရှိသည့် နေရာများကို ရှာဖွေဖော်ထုတ်၍ ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်ရန် ပြင်ဆင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အရှေ့ဘက် အသေးငယ်ဆုံး ပြည်နယ်တစ်ခုဖြစ်သည့် ကယားပြည်နယ်၏ ခရီးသွား ဖွံ့ဖြိုးနိုင်မည့် အရင်းအမြစ်များကြောင့် ၁-၄-၂၀၁၄ ခုနှစ်မှ စတင်၍ ကယားပြည်နယ် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

ကယားပြည်နယ်၏ ၂၀၁၄ ခုနှစ် ခရီးသွားလုပ်ငန်း အခြေအနေသည် လုပ်ငန်းအရလာရောက်သည့် ကုန်သည်ပွဲစားများသာရှိပြီး လေ့လာရေးခရီး လာရောက်လည်ပတ်သည့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များမှာ မရှိသလောက် နည်းပါးခဲ့ပါသည်။ ပြည်နယ်အတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာ ခြောက်လုံး၊ ခရီးသွားကုမ္ပဏီ တစ်ခုနှင့် လက်ချိုးရေတွက်နိုင်သည့် ဧည့်လမ်းညွှန် အနည်းငယ်သာ ရှိခဲ့ပါသည်။ ခရီးသွားလုပ်ငန်းအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများမှာလည်း မရှိသလောက်နည်းပါးသည့်အချိန် ဖြစ်ခဲ့ပါသည်။

### ခရီးသွားများကို ဆွဲဆောင်နိုင်သော ရင်းမြစ်များ

ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားအရင်းအမြစ်များကို စတင်လေ့လာခဲ့ပါသည်။ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နိုင်သည့် ရေတံခွန်များ၊ လိုဏ်ဂူများ၊ တောတောင်များ၊ မြစ်၊ ချောင်းများစသည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများ ပေါများသကဲ့သို့ ပြည်နယ်အတွင်း၌ နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများမှာလည်း ပေါကြွယ်ဝလျက်ရှိနေပါသည်။ ကယားပြည်နယ်တွင် ကယားလူမျိုးစု ကိုးမျိုးဖြစ်သည့် ကယား၊ ကယန်း၊ ကယန်း (လထ)၊ ကယော၊ ယင်းဘော်၊ ယင်းတလဲ၊ ဂေခို၊ ဂေဘား၊ ကယားမိုနု (မနုမနော) တို့နှင့်အတူ ရှမ်း၊ ပအိုဝ်း၊ အင်း၊ လီဆူ စသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပါသည်။

ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ (၄) ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ခရီးစဉ်ဒေသများ ရှာဖွေဖော်ထုတ်ခြင်းနှင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ခြင်း၊ လူထုအခြေပြု ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင်



သဘာဝပတ်ဝန်းကျင်လှပမှုကြောင့် ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ဖရူဆိုမြို့နယ်ရှိ ဆင်ဖြူတောင်ဒေသကို တွေ့ရစဉ်။
ဓာတ်ပုံ - စိုးလှိုင်ငြေး

ဆောင်ရွက်ခြင်းနှင့် ကယားပြည်နယ်အား ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ သိရှိစေရန် ဆောင်ရွက်ခြင်းစသည့် မူဝါဒများကို ဖော်ဆောင်ခဲ့ပါသည်။

မူဝါဒတွင်ပါရှိသည့် လူထုအခြေပြုခရီးသွားလုပ်ငန်းများ ဖော်ဆောင်ခြင်းသည် ကျေးလက်ဒေသရှိ တိုင်းရင်းသားများနှင့်အတူ ခရီးသွားလုပ်ငန်းကို အတူဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ ကယားလူမျိုးစုတို့သည် ရိုးသားဖော်ရွေသကဲ့သို့ ပွင့်လင်းစွာပြောဆိုတတ်ကြသည့် လူမျိုးများဖြစ်ပါသည်။ ကျေးရွာရှိ ပြည်သူများအား ခရီးသွားလုပ်ငန်း၏ အားသာချက်၊ အားနည်းချက်များကို သိရှိအောင် စတင်ဆောင်ရွက်ရခြင်းမှာ လွယ်မယောင်နှင့်ခက်ခဲသော အခြေအနေဖြစ်ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် နယ်သာလန်နိုင်ငံဖွံ့ဖြိုးရေးရန်ပုံငွေ NTF 3 စီမံကိန်းတစ်ခုကို လက်ခံခဲ့ပါသည်။ အဆိုပါ စီမံကိန်းသည် ကယားပြည်နယ် ခရီးသွားလုပ်ငန်းကို ကူညီဆောင်ရွက်ပေးမည့် စီမံကိန်းတစ်ခုဖြစ်ပါသည်။ International Trade Center (ITC) က ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ သုံးနှစ်တာ ကူညီဆောင်ရွက်မည့် စီမံကိန်းတစ်ခုဖြစ်ပါသည်။ ဟိုတယ်/ခရီး လွိုင်ကော်ရုံး၏ မူဝါဒများကို အကောင်းဆုံးပံ့ပိုးပေးခဲ့သည့် စီမံကိန်းတစ်ခု ဖြစ်လာခဲ့ပါသည်။

### လူထုအခြေပြု ခရီးသွားလုပ်ငန်း

လူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အတွင်းရှိ ကျေးရွာများမှ ခရီးသွားအရင်းအမြစ်များ ပေါကြွယ်ဝသည့် ကျေးရွာ ၂၀ ကို ဦးစွာဆန်းစစ်လေ့လာ ရွေးထုတ်ခဲ့ပါသည်။ အဆိုပါ ကျေးရွာများမှ ခရီးသွားအရင်းအမြစ်များ ပေါကြွယ်ဝသော ဒီးမော့ဆိုမြို့နယ်ရှိ ကယန်းလူမျိုးများနေထိုင်သည့် ပန်ပက်ကျေးရွာနှင့် ကယားလူမျိုးများ နေထိုင်သည့် တနီးလာလဲကျေးရွာ နှစ်ရွာကိုစတင်ဖော်ဆောင်ခဲ့ပါသည်။

လူထုအခြေပြုခရီးသွားလုပ်ငန်းအဖြစ် ရွေးချယ်ခဲ့သည့် ပန်ပက်ကျေးရွာသည် ကယန်းလူမျိုးများ အဓိကနေထိုင်ရာ ကျေးရွာဖြစ်ပါသည်။ ကယန်းလူမျိုးတို့၏ လည်ပင်းကြေးကွင်းစွပ်သည့် ဓလေ့ကို နိုင်ငံခြားသား ခရီးသွားများ စိတ်ဝင်တစား လေ့လာကြပါသည်။ တနီးလာလဲကျေးရွာသည် ကယားလူမျိုးများ နေထိုင်ရာ ကျေးရွာဖြစ်ပြီး ကယားပြည်နယ်၏ အထင်ကရနေရာဖြစ်သည့် ကန်ခုနစ်ဆင့် ရေကန်အနီးတွင် တည်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ လူထုအခြေပြု ခရီးသွားလုပ်ငန်းအဖြစ် ရွေးချယ်ခဲ့သည့် ကျေးရွာနှစ်ရွာလုံးသည် ရိုးရာယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု ဓလေ့ထုံးစံများကို အလေးထားထိန်းသိမ်းထားသည့် ကျေးရွာများ ဖြစ်ကြပါသည်။

၂၀၁၄ ခုနှစ် အကုန်ပိုင်းမှ စတင်၍ ကျေးရွာ နှစ်ရွာကို လူထုအခြေပြု ခရီးသွားလုပ်ငန်း စတင်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ လူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်သည့် လမ်းစဉ် ငါးချက်မှာ ထည့်သွင်းစဉ်းစားခြင်း၊ တည်ဆောက်ခြင်း၊ ပုံဖော်ခြင်း၊ ချိတ်ဆက်ခြင်းနှင့် ထိန်းသိမ်းခြင်းများ ဖြစ်ပါသည်။ ပန်ပက်နှင့် တနီးလာလဲ ကျေးရွာများသည် ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်၍ ခရီးသွားပြည်သူများကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပါသည်။

ကယားပြည်နယ်သို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားဧည့်သည် အများစုသည် ပန်ပက်ကျေးရွာနှင့် တနီးလာလဲကျေးရွာများသို့ သွားရောက်လည်ပတ်ကြပြီး ကျေးရွာတွင် ဖော်ဆောင်ထားသည့် လူထုအခြေပြု ခရီးသွားလုပ်ငန်းများကို ကြိုက်နှစ်သက်ကြပါသည်။ ကျေးရွာများတွင် ရေးဆွဲထားရှိသည့် ခရီးစဉ်များသည် ကျေးရွာသူ ကျေးရွာသား အသက်အရွယ် မျိုးစုံပါဝင်နိုင်သည့် ခရီးစဉ်တစ်ခုဖြစ်ပါသည်။ ဒေသဧည့်လမ်းညွှန်များ ၊ အစားအသောက် ချက်ပြုတ်သူများ၊ ရိုးရာရက်ကန်းလုပ်သူများ၊ ရိုးရာလက်မှုလုပ်ငန်း ဆောင်ရွက်သူများ၊ ခေါင်ရည်လုပ်ငန်းများ၊ လက်ဆောင်ပစ္စည်းရောင်းချသူများ၊ နွားလှည်းမောင်းသူများ၊ ရိုးရာအကတွင် ပါဝင်ကြသည့် အပျို လူပျိုအဖွဲ့များ၊ ရိုးရာတူရိယာတီးခတ်ကြသည့် အဘိုးအဘွားများအစရှိသည့် လုပ်ငန်းများတွင် ပါဝင်သူများအားလုံး ဝင်ငွေများရရှိကြပြီး အဆိုပါလုပ်ငန်းတစ်ခုချင်းစီမှ ရရှိသောငွေကြေး၏ ၁၀ ရာခိုင်နှုန်းကို ကျေးရွာရန်ပုံငွေ ထည့်ဝင်၍ ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေးများတွင် အသုံးပြုနိုင်ခဲ့ကြပြီဖြစ်ပါသည်။

### ဂုဏ်ယူထိန်းသိမ်းတတ်လာခြင်း

ခရီးသွားလုပ်ငန်းဖော်ဆောင်မှုကြောင့် မိမိတို့ကျေးရွာ၏ ရိုးရာယဉ်ကျေးမှုများ ဓလေ့ထုံးစံများ၊ ကိုးကွယ်ယုံကြည်မှုနှင့် ဝတ်စားဆင်ယင်မှုများ၊ ရိုးရာတူရိယာတီးခတ်မှုနှင့် အကများကို ထိန်းသိမ်းဂုဏ်ယူလာတတ်ကြပါသည်။

ကျေးရွာများ၏ ဒဏ္ဍာရီပုံပြင်များမှာလည်း ခရီးသွားလုပ်ငန်း၏ အားပေးမှုကြောင့် ပြန်လည်အသက်ဝင်လာခဲ့ပြီး ကလေးများအတွက် အိပ်ရာဝင်ပုံပြင်များ ဖြစ်လာခဲ့ပါသည်။ ရိုးရာဓလေ့ထုံးစံများ၊ ကိုးကွယ်ယုံကြည်မှု လက်ဆင့်ကမ်းမှုများသည် ပိုမိုအားကောင်းလာခဲ့ပါသည်။

ပန်ပက်နှင့် တနီးလာလဲကျေးရွာများသည် ၂၀၁၆ ခုနှစ် မတိုင်မီက မြေသားလမ်းနှင့် ကျောက်ချောလမ်း အဆင့်သာ ရှိခဲ့ပါသည်။ လျှပ်စစ်မီးရရှိမှုနှင့် ရေရရှိမှုများမှာလည်း လိုအပ်ချက်များ ရှိနေခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ထိုစဉ်က နိုင်ငံတော်သမ္မတဦးထင်ကျော် လာရောက်လည်ပတ်သည့် ခရီးစဉ်၌ ကျေးရွာများတွင် ဖော်ဆောင်ထားရှိသည့် ခရီးသွားလုပ်ငန်းများအကြောင်းကို တင်ပြခဲ့ပါသည်။ ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်နိုင်ရန်အတွက် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိနိုင်ရေးနှင့် ရေရရှိနိုင်မှုများကို တင်ပြခဲ့ပါသည်။ နိုင်ငံတော်သမ္မတကလည်း ခွင့်ပြုပေးခဲ့သည့်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုနှင့် ခရီးသွားကဏ္ဍအတွက်ပါ များစွာအကျိုးဖြစ်ထွန်းခဲ့ပါသည်။

### လူထုအခြေပြု ကျေးရွာများ တိုးချဲ့ပေးခဲ့

၂၀၁၆ ခုနှစ်မှ စတင်၍ ကယားပြည်နယ်သို့ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ သိသာစွာ တိုးတက်ဝင်ရောက်လာခဲ့ပါသည်။ ပန်ပက်နှင့် တနီးလာလဲကျေးရွာများတွင် ဖော်ဆောင်ထားရှိသည့် လူထုအခြေပြုခရီးသွားလုပ်ငန်းများသည် နိုင်ငံခြားသား ခရီးသွားဧည့်သည်များကို များစွာဆွဲဆောင်နိုင်ခဲ့ပါသည်။ ခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်မှုများကြောင့် လူထုအခြေပြု ခရီးသွားအဖွဲ့ဝင်များ တိုးချဲ့ပါဝင်လာခဲ့ကြပါသည်။ ကျေးရွာများ၏ ဧည့်သည်လက်ခံနိုင်မှု ပမာဏထက် ပိုမိုကျော်လွန်လာခဲ့သည့်အတွက် ဧည့်သည်များ၏ အဆင်မပြေမှုများကို သိရှိလာခဲ့ရပါသည်။ ထို့ကြောင့် လူထုအခြေပြုခရီးသွားလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် ကျေးရွာများကို ထပ်မံတိုးချဲ့ရန် ဆောင်ရွက်ခဲ့ပါသည်။

ကယောလူမျိုးများနေထိုင်ရာ ဖရူဆိုမြို့နယ်ရှိ ထေခိုကျေးရွာနှင့် ကယားလူမျိုးများ နေထိုင်ရာ ဒီးမော့ဆိုမြို့နယ်ရှိ ဒေါတမကြီးကျေးရွာများကို လူထုအခြေပြု ခရီးသွားလုပ်ငန်း ကျေးရွာများအဖြစ် တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ ပန်ပက်ကျေးရွာနှင့် တနီးလာလဲကျေးရွာများ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ လမ်းပန်းဆက်သွယ်ရေး၊ ရေ၊ မီးများ ရရှိလာပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးမှုကို မြင်တွေ့လာရသော အခြားကျေးရွာများသည် ခရီးသွားလုပ်ငန်းအပေါ် စိတ်ဝင်စားမှုများ မြင့်တက်လာကြပါသည်။ မိမိတို့ကျေးရွာများတွင်လည်း လူထုအခြေပြုခရီးသွားလုပ်ငန်းများ ဖော်ဆောင်ပေးနိုင်ရေးအတွက် တောင်းဆိုလာကြပါသည်။ ယခင်က အဆိုပါ ကျေးရွာများသည် မငြိမ်းချမ်းသည့် ဒေသများအဖြစ် တည်ရှိခဲ့ပြီး လူနေမှုဘဝများ နိမ့်ကျခဲ့ရာမှ ခရီးသွားလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ကန့်သတ်နယ်မြေအဖြစ်ကပါ ပယ်ဖျက်ပေးနိုင်ခဲ့ကာ သက်ဆိုင်ရာ ငြိမ်းချမ်းရေး အဖွဲ့အစည်းများကပါ ခရီးသွားလုပ်ငန်းအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့ကြပါသည်။

ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေခဲ့ကြသည့် ကယန်းလူမျိုးများသည် ၎င်းတို့၏ ဇာတိမြေဖြစ်သော ပန်ပက်ကျေးရွာသို့ ပြန်လည်ဝင်ရောက်လာပြီး ခရီးသွားလုပ်ငန်းတွင် ပါဝင်လာခဲ့ကြပါသည်။ ယခုအချိန်တွင် ပန်ပက်ကျေးရွာ အဝင်၌ ဈေးဆိုင်ခန်းများဖြင့် စည်ကားနေပြီဖြစ်ပါသည်။ ဈေးဆိုင်ခန်းများတွင် ရောင်းချသည့် လက်ဆောင်ပစ္စည်းအများစုမှာ ထိုင်းနိုင်ငံမှယူ၍ ရောင်းချကြခြင်းဖြစ်ပါသည်။

ခရီးသွားပြည်သူများ၏ တောင်းဆိုမှုများနှင့် ဌာန၏ အားပေးမှုများကြောင့် ဒေသထွက် ဝါးဖြင့်ပြုလုပ်သော လက်မှုလုပ်ငန်းများ ထွန်းကားလာခဲ့ပါသည်။ ခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာမှုနှင့်အတူ ရိုးရာစားသောက်ဆိုင်များပါ တိုးတက်လာခဲ့ပြီး ရိုးရာအစားအသောက်များကို သန့်ရှင်းသပ်ရပ်မှု၊ အစားအသောက်လုံခြုံမှုများကို အလေးထား၍ ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်လာကြသည်ကို တွေ့ရှိပါသည်။

စာမျက်နှာ ၁၁ သို့

**"ရွှေတောင်တန်းဒေသနှင့် ဆင်ဖြူတောင်ဒေသ ခရီးသွားစီမံကိန်း အောင်မြင်လာပါက အနီးပတ်ဝန်းကျင် ကျေးရွာများရှိ ရွာသူ ရွာသားများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာကြမည်ဖြစ်ပါသည်။ စီမံကိန်းဆောင်ရွက်မှုများကြောင့် အခြေခံအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလာမှုနှင့်အတူ ဆင်းရဲနွမ်းပါးမှုများပါ ပပျောက်သွားနိုင်မည်ဖြစ်"**


# ဇေယျာထိပ်ဆုံးမှ ဟံသာဝတီအသင်း ချန်ပီယံဆုအတွက် အဆုံးအဖြတ်ကာလတွင် ခြေချော်

**ရန်ကုန် စက်တင်ဘာ ၂၆**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ဇေယျာထိပ်ဆုံးမှ ဟံသာဝတီအသင်း ချန်ပီယံဆုအတွက် အဆုံးအဖြတ်ကာလတွင် ခြေချော်သွားခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းက ဟံသာဝတီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဟံသာဝတီအသင်းသည် ယခုပွဲအနိုင်ရပါက ချန်ပီယံဆု မျှော်လင့်ချက်အတွက် အလားအလာကောင်းသွားမည် ဖြစ်သော်လည်း မထင်မှတ်သည့် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရကာ အခွင့်အရေးနည်းသွားခဲ့သည်။ ဟံသာဝတီအသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် စက်တင်ဘာ ၂၇ ရက် **(ယနေ့)** ကစားမည့်ပွဲတွင် ရှေဝတီနှင့် ရှမ်းယူနိုက်တက်တို့ နိုင်ပွဲရပါက ထိပ်ဆုံးနေရာမှ ဖယ်ပေးရတော့မည်ဖြစ်သည်။ မကွေးအသင်းသည် တန်ပြန်တိုက်စစ်ကစားပုံ ကောင်းမွန်ခဲ့၍ အနိုင်ရခြင်းဖြစ်သလို ဟံသာဝတီအသင်း၏ ခံစစ်အမှားများမှုကို အသုံးချနိုင်ခဲ့၍ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဟံသာဝတီအသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို ပထမပိုင်းတွင် ခြေစွမ်းအသာဖြင့် ဦးဆောင်ဂိုးပါ သွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် ခံစစ်ပိုင်း အားနည်းမှုနှင့် မကွေးအသင်း တန်ပြန်တိုက်စစ်များကို မထိန်းနိုင်သောကြောင့် ဂိုးများဆက်တိုက်ပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် ပထမပိုင်းတွင် ခြေအသာဖြင့် တောက်လျှောက် ကစားနိုင်ခဲ့ပြီး အဆုံးသတ်အားနည်းခဲ့၍ တစ်ဂိုးသာရခဲ့ခြင်း ဖြစ်သည်။





ဟံသာဝတီနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

မကွေးအသင်းသည် ပွဲစကတည်းက ခံစစ်ဦးစားပေး ကစားခဲ့သောကြောင့် ဟံသာဝတီအသင်း ဖိကစားနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၂ မိနစ်တွင် အောင်လှိုင်ဝင်းက ဦးဆောင် ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မကွေးအသင်း၏ တန်ပြန်တိုက်စစ်များ ထိရောက်မှုရှိခဲ့ပြီး ဟံသာဝတီခံစစ် အာရုံစူးစိုက်မှု လျော့နည်းခဲ့၍ မိနစ် ၅၀ တွင် အောင်မြင့်ထွန်းက ချေပဂိုး ပြန်သွင်းခဲ့သည်။ ချေပဂိုးရပြီး နောက်ပိုင်း မကွေးအသင်း ကစားပုံပိုကောင်းလာပြီး ၆၁ မိနစ်တွင် အောင်မြင့်ထွန်းက မကွေးအတွက် ဒုတိယဂိုးထပ်သွင်းခဲ့သည်။

ဟံသာဝတီအသင်းသည် ချေပဂိုးရရန် တိုက်စစ်မြှင့်လာသော်လည်း မကွေးခံစစ်ကို မကျော်နိုင်ဘဲ ၇၈ မိနစ်တွင် ပယ်နယ်တီကန်ခွင့် ရရှိခဲ့သည်။ ယင်းပယ်နယ်တီကို ဒိုနယ် က သွင်းယူခဲ့၍ ဟံသာဝတီအသင်း ချေပဂိုးပြန်ရခဲ့သော်လည်း အနိုင်ဂိုးရရန် မစွမ်းဆောင်နိုင်ဘဲ ဂိုးသမားနှင့် ခံစစ် အားနည်းမှုများကြောင့် မကွေးအသင်း၏ သွင်းဂိုးများကို ခွင့်ပြုခဲ့ရသည်။ မကွေးအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၈၀ တွင် စိုးလွင်လွင်နှင့် ၈၉ မိနစ်တွင် နိုင်နိုင်ကျော်တို့က သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းနှင့် ရတနာပုံအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ နှစ်သင်းစလုံး အနိုင်ရလဒ်အတွက် ကြိုးပမ်းခဲ့ပြီး နှစ်ကျော့စလုံး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ၅၈ မိနစ်တွင် အောင်ဝဏ္ဏစိုးက ရတနာပုံအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း စစ်ကိုင်းအတွက် ချေပဂိုးကို ၆၅ မိနစ်တွင် ပျော်ဒူအောင်က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို စက်တင်ဘာ ၂၇ ရက်**(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ရန်ကုန်အသင်းနှင့် ရှေဝတီအသင်း၊ YUSC ကွင်း၌ Southern အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

● *ကျောဖုံးမှ*

ပြောဆိုနေမှုများ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်လာသော်လည်း နောက်ဆုံးတွင် အက်သလက်တီကိုမက်ဒရစ် အသင်းထံသို့သာ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ဆွာရက်ဇ်သည် ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ပေါင် ၇၄ သန်းဖြင့် လီဗာပူးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲစုံ ၂၈၃ ပွဲ ပါဝင်ကစားထားကာ ၁၉၈ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။ ဆွာရက်ဇ်သည် ဘာစီလိုနာအသင်း သမိုင်းတစ်လျှောက်တွင် တတိယမြောက် ဂိုးသွင်းအများဆုံးကစားသမားလည်း ဖြစ်သည်။ ၎င်းသည် ဘာစီလိုနာအသင်းနှင့်အတူ အောင်မြင်မှုသရဖူ စိုက်ထူထားနိုင်သူဖြစ်ပြီး လာလီဂါဖလားကို ၂၀၁၄-၁၅၊ ၂၀၁၅-၁၆၊ ၂၀၁၇-၁၈ နှင့် ၂၀၁၈-၁၉ ခုနှစ် တို့တွင် ဆွတ်ခူးထားနိုင်ပြီး ကိုပါဒယ်ရေးဖလားကို ၂၀၁၄-၁၅၊ ၂၀၁၅-၁၆၊ ၂၀၁၆-၁၇ ခုနှစ်နှင့် ၂၀၁၇-၁၈ ခုနှစ်တို့တွင် ဆွတ်ခူးရရှိထားသည်။ ထို့အပြင် ချန်ပီယံလိဂ်ဖလားကို ၂၀၁၄-၁၅ ခုနှစ်တွင် ဆွတ်ခူးထားနိုင်ကာ ၂၀၁၅ ခုနှစ်တွင် ယူအီးအက်ဖ်အေစူပါဖလားနှင့် ဖီဖာကလပ်ကမ္ဘာ့ဖလားစသည်တို့ကို ဆွတ်ခူးရရှိထားသူဖြစ်သည်။

**ပြန်လည်ပြောင်းရွှေ့သွားပြီဖြစ်**

မိခင်နိုင်ငံ ဥရုဂွေးအသင်းအတွက် ၁၁၃ ပွဲ ပါဝင်ကစားထားကာ ၅၉ ဂိုးအထိ သွင်းယူပေးထားနိုင်သော ဆွာရက်ဇ်သည် ယမန်နှစ်က ဒူးဒဏ်ရာကြောင့် ပွဲစဉ်အများအပြားနှင့် လွဲချော်ခဲ့သော်လည်း ဘာစီလိုနာအသင်းအတွက် ပြိုင်ပွဲစုံ ၃၆ ပွဲတွင် ၂၁ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။ ဆွာရက်ဇ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းတွင် နံပါတ် ၉ ဂျာစီကို ဝတ်ဆင်ကစားသွားဖွယ်ရှိနေသည်။ အက်သလက်တီကို မက်ဒရစ်အသင်းမှ တိုက်စစ်ကစားသမားတစ်ဦးဖြစ်သူ အယ်ဗာရိုမိုရာတာသည် အငှားဖြင့် အီတလီစီးရီးအေ ချန်ပီယံဂျူဗင်တပ်စ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့သွားပြီဖြစ်သည်။ အသက် ၂၇ နှစ်အရွယ်ရှိ မိုရာတာသည် ဂျူဗင်တပ်စ်အသင်းနှင့် ၂၀၂၀-၂၀၂၁ ခုနှစ်အထိ စာချုပ်ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။ အဆိုပါ စာချုပ်တွင် ဂျူဗင်တပ်စ်အသင်းအနေဖြင့် မိုရာတာကို နောက်ထပ် ၁၂ လ သက်တမ်းတိုးခွင့် သို့မဟုတ် အပြီးအပိုင် ဝယ်ယူခွင့်ပါရှိကြောင်း သိရသည်။

**ထုတ်ပယ်ခဲ့**

ဆွာရက်ဇ်သည် အီတလီဘာသာစကားစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သော်လည်း ပတ်စ်ပို့စ်အခက်အခဲကြောင့် ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ရန် ပျက်ပြယ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဂျူဗင်တပ်စ်အသင်းသည် ဆွာရက်ဇ်ကို ခေါ်ယူကာ စီရိုနယ်ဒိုနှင့် တွဲဖက်ကစားရန် ဆန္ဒရှိခဲ့သော်လည်း နောက်ပိုင်းထွက်ပေါ်လာသော သတင်းများအရ အသင်းဒါရိုက်တာဖြစ်သူ ဖေဘီယို ပါရာတီစီက ခေါ်ယူရန် လျာထားသည့်စာရင်းမှ ဆွာရက်ဇ်ကို ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ဆွာရက်ဇ်သည် ဘာစီလိုနာအသင်းတွင် အောင်မြင်မှုများရယူထားနိုင်သကဲ့သို့ အက်သလက်တီကို မက်ဒရစ်အသင်းတွင်ရော အောင်မြင်မှုသရဖူ စိုက်ထူသွားနိုင်မည်လား စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃) တွင် မန်ယူတို့ အဝေးကွင်း၌ ဘရိုက်တန်ကို အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃) အစောဆုံးပွဲစဉ်အဖြစ် စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ဘရိုက်တန်နှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-နှစ်ဂိုးဖြင့် မန်ယူအသင်း အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် အိမ်ရှင်ဘရိုက်တန်သည် ၃-၄-၃ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဧည့်သည်မန်ယူအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းပွဲချိန် မိနစ် ၄၀ တွင် အိမ်ရှင် ဘရိုက်တန်အသင်း ပယ်နယ်တီအခွင့်အရေးရရှိခဲ့ပြီး တိုက်စစ်မှူး မူပေးက အမှားအယွင်းမရှိ သွင်းယူခဲ့သည်။ ပွဲချိန် ၄၃ မိနစ်တွင် မန်ယူအသင်းပြစ်ဒဏ်ဘောမှတစ်ဆင့် ပိတ်သွင်းခဲ့ရာ ဘရိုက်တန် နောက်တန်းကစားသမား ဒန့်စ်ဖျက်ထုတ်ရာမှ ဂိုးဝင်ခဲ့၍ မန်ယူအသင်း ချေပဂိုးရရှိခဲ့သည်။ ဒုတိယပိုင်း ၅၅ မိနစ်တွင် ဖာနန်ဒက်စ်ဖန်တီးမှုမှတစ်ဆင့် ရက်ရှ်ဖို့ဒ်က မန်ယူအတွက် ဦးဆောင်ဂိုးကို သွင်းယူပေးခဲ့သည်။

နှစ်ဂိုး-တစ်ဂိုးဖြင့် မန်ယူအသင်း ဦးဆောင်ခဲ့ရာ သာမန်ပွဲကစားချိန်မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုတွင် ဘရိုက်တန်အတွက် ချေပဂိုးကို ဖြတ်တင်ဘောမှတစ်ဆင့် ဆိုလီမက်ချ်က ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ မန်ယူအသင်းသည် လက်ကျန်အချိန်ပိုကို တိုက်စစ်ဆင်ခဲ့ရာမှ ထောင့်ကန်ဘောရရှိခဲ့ပြီး မက်ဂွိုင်းရားခေါင်းတိုက်ရာတွင် ဘရိုက်တန်ကစားသမား လက်ဖြင့်ထိခဲ့၍ ကွင်းလယ်ဒိုင် ခရစ်ကာဗာနက်ဂျ်က VAR စနစ်ဖြင့် ပြန်လည်ကြည့်ရှုကာ မန်ယူအသင်းကို ပယ်နယ်တီကန်ခွင့်ပြုခဲ့သည်။ ယင်းပယ်နယ်တီကို ဖာနန်ဒက်စ်က အမှားအယွင်းမရှိကန်သွင်းယူခဲ့ရာ မန်ယူအသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်ဘရိုက်တန်အသင်းသည် အကောင်းဆုံး တိုက်စစ်ဆင်နိုင်ခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိကာ ဂိုးကန်သွင်းခွင့် ၁၈ ကြိမ်အနက် ငါးကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ မန်ယူအသင်းသည် ဂိုးကန်သွင်းခွင့် ခုနစ်ကြိမ်ရရှိခဲ့ပြီး သုံးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ခရစ္စတယ်ပဲလေ့စ်နှင့် အဲဗာတန်ပွဲတွင် အဲဗာတန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**သီဟ**





*စာမျက်နှာ ၁၀ မှ*

**ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိလာ**

ကယားပြည်နယ်၏ အောင်မြင်မှုအရှိဆုံးကဏ္ဍသည် ခရီးသွားလုပ်ငန်းကဏ္ဍပင် ဖြစ်ပါသည်။ ပြည်နယ်၏ ခရီးသွားအရင်းအမြစ်များကြောင့် ခရီးသွားကဏ္ဍတွင် သုံးနှစ်တာအတွင်း ငွေကျပ်သန်းပေါင်း ၁၅၀၀၀ ကျော်၊ ၁၅ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမှုများ ရရှိခဲ့ပါသည်။ လက်ရှိအချိန်တွင် သဘာဝပတ်ဝန်းကျင် လုပမှုများကြောင့် ကျော်ကြားလျက်ရှိသည့် ဖရူဆိုမြို့နယ်ရှိ ဆင်ဖြူတောင်ဒေသနှင့် ဒီးမော့ဆိုမြို့နယ်ရှိ ရွှေတောင်တန်းဒေသများတွင် Eco-Farming Resort နှင့် လူထုအခြေပြုခရီးသွားလုပ်ငန်းများကို တွဲဖက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အဆိုပါဒေသနှစ်ခုကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် Master Plan ရေးဆွဲဖော်ဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်အတွင်း ဆောင်ရွက်မည့် ခရီးသွားလုပ်ငန်း စီမံကိန်းများသည် ဒေသခံတိုင်းရင်းသားများ၏ အကျိုးဖြစ်ထွန်းမှုအပေါ် အဓိကထား စဉ်းစားဆောင်ရွက်ကြပါသည်။ သဘာဝပတ်ဝန်းကျင် သာယာလှပမှုနှင့်အတူ ကယားဒေသ မျိုးစိတ်အပင်များ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများသည် ကယားပြည်နယ် ခရီးသွားလုပ်ငန်း၏ အရင်းအမြစ်များပင် ဖြစ်ပါသည်။ ထိုအရင်းအမြစ်များ တိုးပွားလာစေရေး ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရွှေတောင်တန်းဒေသနှင့် ဆင်ဖြူတောင်ဒေသ ခရီးသွားစီမံကိန်း အောင်မြင်လာပါက အနီးပတ်ဝန်းကျင် ကျေးရွာများရှိ ရွာသူရွာသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကြမည် ဖြစ်ပါသည်။ စီမံကိန်း ဆောင်ရွက်မှုများကြောင့် အခြေခံအဆောက် အအုံများ တိုးတက်ဖွံ့ဖြိုးလာမှုနှင့်အတူ ဆင်းရဲနွမ်းပါးမှုများပါ ပပျောက်သွားနိုင်မည် ဖြစ်ပါသည်။

ကယားပြည်နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လူထုအခြေပြုခရီးသွားလုပ်ငန်းများ၏ အောင်မြင်မှုများသည် ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်ပေးနေသည့် အရာတစ်ခုဖြစ်သလို ခရီးသွားအောင်မြင်မှုသည် ကယားပြည်နယ်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော တွန်းအားတစ်ရပ်ဖြစ်ပါသည်။ ကယားပြည်နယ်၏ လူမှုစီးပွားဘဝကို ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အညမည ဆက်စပ်မှုများဖြင့် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အောင်မြင်မှုများရရှိပါစေကြောင်း ဂုဏ်ပြုရေးသား တင်ပြလိုက်ရပါသည်။ ။

# ကာကွယ်ဆေးအသင့်မဖြစ်မီ လူပေါင်းနှစ်သန်း ကိုဗစ် – ၁၉ ကြောင့် သေဆုံးနိုင်

**ဂျီနီဗာ စက်တင်ဘာ ၂၆**

ကိုဗစ် – ၁၉ အတွက် ကာကွယ်ဆေးမတွေ့မီ လူပေါင်းနှစ်သန်းနီးပါး အသက်ဆုံးရှုံးနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျန်းမာရေး အရေးပေါ်ကိစ္စရပ်များဆိုင်ရာ အစီအစဉ်မှ အကြီးအကဲဖြစ်သူ မိုက်ကယ်ရိုင်ယန်က စက်တင်ဘာ ၂၅ ရက်တွင် ဂျီနီဗာမြို့၌ သတင်းထောက်များအား ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုအခါ ကမ္ဘာတစ်ဝန်း ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ တစ်သန်းနား နီးကပ်နေပြီဖြစ်သည်။ ယင်းအချက်ကို ကိုးကားကာ မိုက်ကယ်ရိုင်ယန်က ယခုလို ခန့်မှန်းပြောကြားခဲ့ခြင်းဖြစ်သည်။ လာမည့်ကိုးလအတွင်း ကိုဗစ် –၁၉ ကာကွယ်ဆေး ရရှိခဲ့လျှင် လူပေါင်းနှစ်သန်းနီးပါး သေဆုံးနေလောက်ပြီဟု ၎င်းက ပြောကြားခဲ့သည်။

ယင်းအချက်မှာ စိတ်ကူးကြည့်ခြင်းမျှသာ မဟုတ်ဘဲ ကံမကောင်း အကြောင်းမလှလျှင် လက်တွေ့ဖြစ်ပွားနိုင်ဖွယ်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သေဆုံးသူအရေအတွက် လျှော့ချနိုင်ရေးအတွက် ဆေးစစ်ပေးမှု၊ ကိုဗစ်– ၁၉ ရောဂါရှိသူနှင့် ထိတွေ့မိသူများနောက် ခြေရာခံလိုက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခြင်းနှင့် လူမှုဝေးကွာအစီအစဉ်များ လိုက်နာခြင်းတို့ အပါအဝင် လုပ်ဆောင်နိုင်သမျှ အကုန်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်တိုက်တွန်းပြောကြားသည်။

ဥရောပနိုင်ငံများရှိ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများသည်လည်း ယခုအခါ လေးလံသည့် ဝန်ထုပ်ဝန်ပိုးများကို ထမ်းထားရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကိုဗစ်– ၁၉ တုံ့ပြန်ရေးဆိုင်ရာ နည်းပညာပိုင်းဆိုင်ရာ အကြီးအကဲ မာရီယန်ဗန်ခါ့ခ်ဟိုဗာက ပြောသည်။

အထူးကြပ်မတ်ကုသဆောင်များနှင့် ဆေးရုံများတွင် လူများ ပြည့်ကျပ်နေပြီး ဆေးရုံတက်ရသည့်အရေအတွက်များပြားလာသည့်အတွက် စိုးရိမ်လျက်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



ပါရီမြို့မြောက်ပိုင်း ဆေးရုံတစ်ရုံတွင် ဓာတ်ခွဲခန်းကျွမ်းကျင်သူတစ်ဦး နှာခေါင်း၊ အာခေါင်တို့ဖတ် နမူနာများကို စစ်ဆေးနေစဉ်။

# ရာသီဥတုပြောင်းလဲမှုကို အရေးတယူဆောင်ရွက်ကြရန် ကမ္ဘာ့လူငယ်များ စုဝေးတောင်းဆို

**စတော့ဟုမ်း စက်တင်ဘာ ၂၆**

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် ပတ်သက်ပြီး ပိုမိုအရေးယူဖြေရှင်းဆောင်ရွက်ပေးရန် ကမ္ဘာအနှံ့မှ လူငယ်များပူးပေါင်းကာ စက်တင်ဘာ ၂၅ ရက်တွင် စုဝေးတောင်းဆိုခဲ့ကြသည်။

ဆွီဒင် ဆယ်ကျော်သက်လူငယ် ဂရီတာသွန်းဘာ့ဂ်နှင့် အခြားလူများ အစပြုခဲ့သည့် အနာဂတ်အတွက် သောကြာနေ့များ လှုပ်ရှားမှု အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် လမ်းမပေါ်တက်ကာ ဆန္ဒပြခဲ့ကြသည်။ နိုင်ငံပေါင်း ၁၅၀ တွင် လှုပ်ရှားမှုပေါင်း ၃၅၀၀ ကျော် လုပ်ဆောင်ခဲ့ကြသည်ဟု ပွဲစီစဉ်သူများက ပြောသည်။

ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့ခြင်းကြောင့် အချို့သောနိုင်ငံများတွင် လူပေါင်းများစွာ စုဝေးခြင်းကို ကန့်သတ်ထားသည်။ သို့သော်လည်း ဆန္ဒပြပွဲများသည် ဒေသတွင်းအစိုးရက ထုတ်ပြန်ထားသည့် ကန့်သတ်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြသည်ဟု ပွဲစီစဉ်သူများက ပြောသည်။

ပြင်သစ်နိုင်ငံ ရန်းနက်စ်မြို့တွင် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ထားသည့် လူပေါင်း ၁၀၀ ခန့်မှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ကြသည်။ ကိုဗစ် – ၁၉ ကူးစက်မှုအန္တရာယ်များ ကြားမှ ချီတက်ဆန္ဒပြခြင်းဖြင့် ရာသီဥတုဖောက်ပြန် ပြောင်းလဲခြင်းကို ကိုင်တွယ်ဖြေရှင်းရန်လူများ ပိုမိုအာရုံစိုက်လာမည်ဟု တက္ကသိုလ်ကျောင်းသူတစ်ဦးက ပြောသည်။




ရာသီဥတုပြောင်းလဲမှု ဆန္ဒပြပွဲတွင်ပါဝင်ခဲ့ကြသည့် လူငယ်များကို စက်တင်ဘာ ၂၅ ရက်က ဟမ်းဘတ်မြို့၌ တွေ့ရစဉ်။

စတော့ဟုမ်း မြို့တွင်လည်း သွန်းဘာ့ဂ်နှင့် လက်တစ်ဆုပ်စာ လူအနည်းငယ်သည် ပါလီမန်အပြင်ဘက်တွင် စုဝေးခဲ့ကြသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို အလွှာတိုင်းက သတိထားမိစေရန်နှင့် ပြည်သူများ အတွေးအမြင်ရရှိလာစေရန် ရည်ရွယ်သည်ဟု ထင်ရှားသည့် တက်ကြွလှုပ်ရှားသူ တစ်ဦးဖြစ်သူ သွန်းဘာ့ဂ်က ပြောသည်။

စက်တင်ဘာ ၂၅ ရက်က ပြုလုပ်သည့် ချီတက်ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ကြသူများသည် ၎င်းတို့ ပါဝင်ခဲ့ကြပုံများကို လူမှုကွန်ရက်မီဒီယာများတွင် မျှဝေခဲ့ကြသည်။ လွန်ခဲ့သည့်နှစ်ကမူ ရာသီဥတု ပြောင်းလဲမှုအတွက် ဆန္ဒပြမှုတွင် လူပေါင်းများစွာ ပါဝင်နိုင်ခဲ့ကြသော်လည်း ယခုနှစ်တွင်မူ ကိုဗစ် –၁၉ ၏ ခြိမ်းခြောက်မှုကြောင့် လူဦးရေအနည်းငယ်သာ ပါဝင်နိုင်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အန္တရာယ်ရှိသော ကွန်တိန်နာများ ဘေရွတ်ဆိပ်ကမ်းတွင် ဆက်လက်ရှိနေဆဲဖြစ်

**ဘေရွတ် စက်တင်ဘာ ၂၆**

ဘေရွတ်မြို့ဆိပ်ကမ်းတွင် အန္တရာယ်ကြီးသည့် ကွန်တိန်နာ ၄၉ လုံး ရှိနေဆဲဖြစ်သည်ဟု လက်ဘနွန်ပါလီမန် ပြည်သူ့အလုပ်သမားနှင့် သယ်ယူပို့ဆောင်ရေး ကော်မတီအကြီးအကဲဖြစ်သူ နာဇီနာဂျမ်က စက်တင်ဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

အချို့သော ကွန်တိန်နာများမှာ ဘေရွတ်ဆိပ်ကမ်းတွင် ၂၀၀၉ ခုနှစ်ကတည်းက ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ယင်းအချိန်မှစ၍ အဆိုပါကွန်တိန်နာများကို လျစ်လျူရှုခဲ့ကြောင်း နာဂျမ်က ပြောသည်။ ယခုအချိန်အထိတိုင်အောင် ဘေရွတ်ဆိပ်ကမ်းမှ အဆိုပါကွန်တိန်နာများကို ဖယ်ရှားခြင်းမပြုဘဲ ဆက်လက်ထားရှိရသည့်အကြောင်းကို စုံစမ်းစစ်ဆေးသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဩဂုတ် ၄ ရက်တွင် ဘေရွတ်ဆိပ်ကမ်း၌ ကြီးမားသည့် ပေါက်ကွဲမှုကြီးနှစ်ခု ဖြစ်ပွားခဲ့ပြီး မြို့တော်၏ အစိတ်အပိုင်း အတော်များများကို ပျက်စီးစေခဲ့သည်။ အဆိုပါပေါက်ကွဲမှုကြောင့် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံခန့် ပျက်စီးဆုံးရှုံးသွားရသည်ဟု ခန့်မှန်းထားသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်း ၅၉၀၀၀၀၀ ကျော်ရှိလာပြီး သေဆုံးသူ ၉၀၀၀၀ ကျော်ရှိလာ

**နယူးဒေလီ စက်တင်ဘာ ၂၆**

အိန္ဒိယနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူအရေအတွက်မှာ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ၅၉၀၀၀၀၀ ကျော် ရှိလာသည်ဟု အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း တိုင်းပြည်တစ်ဝန်း နောက်ထပ်ကူးစက်ခံရသူစုစုပေါင်း ၈၅၃၆၂ ဦး တိုးလာခဲ့သည်။

ထို့ပြင် နောက်ထပ်သေဆုံးသူပေါင်းမှာလည်း ၁၀၈၉ ဦး ရှိသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်း ကူးစက်ခံရသူစုစုပေါင်း ၅၉၀၃၉၃၂ ဦးရှိပြီး သေဆုံးသူစုစုပေါင်းမှာ ၉၃၃၇၉ ဦးရှိသည်။ ရောဂါလက္ခဏာများ သက်သာပျောက်ကင်းပြီး ဆေးရုံမှဆင်းသွားသူ စုစုပေါင်းမှာ ၄၈၄၉၅၈၄ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ တိုင်းပြည်အတွင်း ရောဂါမပျောက်ကင်းသေးဘဲ ကျန်ရှိနေသူ ၉၆၀၉၆၉ ဦး ရှိသည်။

ထိုအချိန်တွင် တိုင်းပြည်တစ်ဝန်း ကိုဗစ် – ၁၉ ကူးစက်ခံရခြင်း ရှိ မရှိ လူပေါင်းသန်း ၇၀ ထက်မနည်း စစ်ဆေးပေးခဲ့ပြီးဖြစ်သည်။ စက်တင်ဘာ ၂၅ ရက် တစ်ရက်တည်း၌ပင် လူပေါင်း ၁၃၄၁၅၃၅ ဦးကို ရောဂါ ရှိ မရှိ စစ်ဆေးပေးနိုင်ခဲ့သည်။

လတ်တလောတွင် အိန္ဒိယနိုင်ငံသည် ကိုဗစ် – ၁၉ ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို ဆိုးရွားစွာ ရင်ဆိုင်နေရသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ် – ၁၉ ကူးစက်ခံရမှု ဒုတိယအမြင့်ဆုံးနိုင်ငံလည်း ဖြစ်သည်။

**ဆင်ဟွာ**

# ပါရီမြို့တွင် ဓားထိုးမှုဖြင့် လူနှစ်ဦးကို ထိန်းသိမ်းထား

**ပါရီ စက်တင်ဘာ ၂၆**

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဓားထိုးခံရပြီးနောက် ပြင်သစ်ရဲများသည် အကြမ်းဖက်မှု ဆန့်ကျင်တိုက်ဖျက်ရေး စုံစမ်းစစ်ဆေးမှုကို စတင်ခဲ့ကြသည်။

၂၀၁၅ ခုနှစ်က ချာလီဟတ်ဘ်ဒို သရော်စာရေးသားသည့် သတင်းစာတိုက်တွင် အစ္စလာမ္မစ် အစွန်းရောက်များက ဝင်ရောက်တိုက်ခိုက်မှုကြောင့် လူ ၁၂ ဦး သေဆုံးခဲ့ရပြီး ယခုဓားထိုးမှုသည်လည်း ချာလီဟတ်ဘ်ဒို သတင်းစာတိုက် ရုံးဟောင်းနား၌ စက်တင်ဘာ ၂၅ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဓားထိုးခံရသည့် လူနှစ်ဦးမှာ ရုပ်သံထုတ်လုပ်ရေး ကုမ္ပဏီတွင် လုပ်ကိုင်နေကြသည့် ဝန်ထမ်းများဖြစ်ကြကြောင်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြကြသည်။

ဓားထိုးခံရသူနှစ်ဦးမှာ ဆိုးဆိုးရွားရွား ဒဏ်ရာရရှိသော်လည်း အသက်အန္တရာယ် မစိုးရိမ်ရဟု ပြင်သစ်အာဏာပိုင်များက ပြောသည်။ အခင်းဖြစ်ပွားရာနေရာနှင့် အနီးတစ်ဝိုက်မှ လူနှစ်ဦးကို ရဲများက ဖမ်းဆီးထိန်းသိမ်းထားသည်။

ဖမ်းဆီးခံထားရသူ တစ်ဦးမှာ အသက် ၁၈ နှစ်အရွယ် ပါကစ္စတန်မှ လာသူဖြစ်သည်ဟု မီဒီယာများတွင် ဖော်ပြကြသည်။ ပြင်သစ်ဝန်ကြီးချုပ် ယန်းကက်စတက် သည်လည်း စက်တင်ဘာ ၂၅ ရက်က အခင်းဖြစ်ပွားရာနေရာသို့ လာရောက်ခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မှုကို တိုက်ဖျက်သွားရန် တတ်နိုင်သမျှ နည်းလမ်းများ အသုံးပြုသွားမည်ဟု ကတိပြုပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



လက်နက်အပြည့်အစုံဖြင့် လုံခြုံရေးတာဝန်ယူထားသည့်ရဲများကို အခင်းဖြစ်ပွားရာနေရာတွင် တွေ့ရစဉ်။

# ယခုနှစ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၆၀၀ ကျော် ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်

**တိုကျို စက်တင်ဘာ ၂၆**

၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းလောက်တွင် ကိုဗစ်- ၁၉ ကာကွယ်ဆေး သန်း ၆၀၀ ကျော်ကို ထုတ်လုပ်ဖြန့်ဝေနိုင်မည်ဟု မျှော်မှန်းထားကြောင်း တရုတ်အစိုးရက ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် တရုတ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အကြီးတန်းအရာရှိတစ်ဦးက တရုတ်နိုင်ငံအတွင်း စမ်းသပ်မှုများ လုပ်ဆောင်နေသည့် ကာကွယ်ဆေး ၁၁ မျိုးအနက် လေးမျိုးမှာ နောက်ဆုံးအဆင့် လက်တွေ့စမ်းသပ်ကုသမှု လုပ်ဆောင်နေပြီဖြစ်ပြီး စမ်းသပ်မှုအဆင့်ဆင့်မှာလည်း အခြေအနေကောင်းမွန်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ပြင်ပ၌လည်း နောက်ဆုံးအဆင့် ကာကွယ်ဆေးစမ်းသပ်မှုများ လုပ်ဆောင်နေကြောင်း တရုတ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အကြီးတန်းအရာရှိ ဝူယွမ်ဘင်က ပြောသည်။ တရုတ်နိုင်ငံရှိ နေရှင်နယ်ဘိုင်အိုတက်ဂရု၏ ပံ့ပိုးမှုဖြင့် ဖော်စပ်ထုတ်လုပ်ထားသော အလားအလာရှိသည့် ကာကွယ်ဆေး လေးမျိုးအနက် နှစ်မျိုးကို အရှေ့အလယ်ပိုင်းဒေသရှိ ပြည်သူ ၃၅၀၀၀ ကျော်သို့ ပေးပို့ခဲ့ရာ ထူးထူးခြားခြားပြဿနာ တစ်စုံတစ်ရာ ပေါ်ထွက်လာခဲ့ခြင်းမရှိကြောင်း ၎င်းက ပြောသည်။

တောင်အမေရိကနှင့် အရှေ့တောင်အာရှတို့တွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ဆိုင်နိုဗက်ဘိုင်အိုတက်က ဖော်စပ်ထုတ်လုပ်ထားပြီဖြစ်ပြီး ကန်စီနိုဘိုင်အိုတက်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဓာတ်ခွဲခန်းတို့ အတူတကွ ပူးပေါင်းထုတ်လုပ်ထားသည့် ကာကွယ်ဆေးမှာလည်း အာရှနှင့် ဥရောပတို့တွင် စမ်းသပ်မှုနောက်ဆုံးအဆင့်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကုန်ပိုင်းလောက်တွင် တရုတ်နိုင်ငံက ကိုဗစ်- ၁၉ ကာကွယ်ဆေး သန်းပေါင်း ၆၁၀ အထိ ထုတ်လုပ်နိုင်ဖွယ်ရှိကြောင်း ဆေးသိပ္ပံနှင့်နည်းပညာဆိုင်ရာ အမျိုးသားကျန်းမာရေးကော်မရှင် ဖွံ့ဖြိုးရေးစင်တာမှ ဒါရိုက်တာ ကျန်ကျုံဝီက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



# ဗြိတိန်၌ ကိုဗစ်- ၁၉ ကူးစက်မှု ဆက်လက်အရှိန်မြင့်နေသည့်အတွက် မြို့ကြီးများတွင် အဝင်၊ အထွက်ကန့်သတ်ပိတ်ဆို့မှုများ ပိုမိုလုပ်ဆောင်မည်

**လန်ဒန် စက်တင်ဘာ ၂၆**

ဗြိတိန်၌ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် တစ်ဟုန်ထိုး တိုးလာလျက်ရှိရာ ရောဂါကူးစက် ဖြစ်ပွားမှုကို ထိန်းချုပ်ရန်ကြိုးပမ်းမှု အစိတ်အပိုင်းတစ်ခုအနေဖြင့် နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများ၌ အဝင်၊ အထွက်ကန့်သတ်ပိတ်ဆို့မှုများ ပိုမိုချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရက စက်တင်ဘာ ၂၅ ရက်တွင် ကြေညာလိုက်သည်။




ဗြိတိန်၌ နှာခေါင်းစည်းတပ်ဆင်ရန် ညွှန်ကြားထားသည့် သတိပေးဆိုင်းဘုတ်အနီးတွင် လူတစ်ဦးဖြတ်လျှောက်နေစဉ်။

လိဒ်၊ ဘလက်ပူးလ်၊ ဝီဂန်နှင့် စတော့ပေါ့တို့တွင် ကိုဗစ်- ၁၉ ထိန်းချုပ်ရေး ကန့်သတ်ချက်အသစ်များ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဗြိတိန်ကျန်းမာရေးဝန်ကြီး မတ်ဟန်းကော့က ပြောကြားခဲ့သည်။ စက်တင်ဘာ ၂၆ ရက်မှစတင်ကာ အဆိုပါမြို့ကြီးများတွင် ကန့်သတ်ချက်အသစ်များ စတင်အသက်ဝင်မည်ဖြစ်သည်ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၂၅ ရက်က ဗြိတိန်မြို့တော် လန်ဒန်ကို ကိုဗစ်- ၁၉ အန္တရာယ်စိုးရိမ်ဖွယ်ရာ အကောင်းဆုံးစောင့်ကြည့်မှု ဧရိယာစာရင်းတွင် ထည့်သွင်းခဲ့သည်။ စက်တင်ဘာ ၂၅ ရက်က လန်ဒန်မြို့တွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၆၂၀ စစ်ဆေးတွေ့ရှိခဲ့ပြီးနောက်တွင် ထိုသို့ထည့်သွင်းခဲ့ခြင်း ဖြစ်သည်။ မြို့တော်၌ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု ဆက်လက်အရှိန်မြင့်လာသည့်အတွက် လန်ဒန်မြို့တော်ဝန်ကလည်း အလွန်စိုးရိမ်ရသည့် အမှတ်တစ်ခုသို့ရောက်ရှိလာပြီဖြစ်ကြောင်း သတိပေးနှိုးဆော်ထားသည်။

လက်ရှိတွင် ဗြိတိန်တစ်နိုင်ငံလုံးရှိ ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၄၂၃၂၃၆ ဦး ရှိလာပြီး ရောဂါကြောင့် သေဆုံးသူ အရေအတွက်မှာ ၄၁၉၃၆ ဦးအထိရှိကြောင်း နောက်ဆုံးရအချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

## အမေရိကန်လုပ် ဒုံးကျည်ကာကွယ်ရေးစနစ်ကို အစားထိုးရန် ဂျပန်အစိုးရအလေးပေးနေ

**တိုကျို စက်တင်ဘာ ၂၆**

အမေရိကန်လုပ် Aegis Ashore ဒုံးကျည်ကာကွယ်ရေးစနစ်ကို အစားထိုးရန်နှင့် ပတ်သက်၍ လေ့လာမှုများ ပြုလုပ်နေသည်ဟု ဂျပန်အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် မစ္စတာ ခီတမူရာ ရှီဂဲရုက အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ရောဘတ်အိုဘရိုင်ယန်ထံသို့ ပြောကြားခဲ့ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ်သစ် ဆူဂါယိုရှီဟီဒဲသည် အမေရိကန်နှင့် မဟာမိတ်ဆက်ဆံရေး အားကောင်းစေရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မစ္စတာ ခီတမူရာက ပြောသည်။ ဂျပန်အစိုးရသည် Aegis Ashore ဒုံးကျည်ကာကွယ်ရေးစနစ်ကို အစားထိုးရန်နှင့် ဒုံးကျည်ကာကွယ်ရေးစနစ်နှင့် စပ်လျဉ်းသည့် မူဝါဒအသစ်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းနေကြောင်း မစ္စတာ ခီတမူရာက ပြောသည်။

မြေပြင်အခြေစိုက် ဒုံးကျည်ကာကွယ်ရေးစနစ် ချထားရေး အစီအစဉ်ကို ယခုနှစ်အစောပိုင်းတွင် ဂျပန်အစိုးရက ဖျက်သိမ်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ကိုလံဘီယာ၌ ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူအရေအတွက် ၂၅၀၀၀ ကျော်ပြီဖြစ်

**ဘိုဂိုတာ စက်တင်ဘာ ၂၆**

ကိုလံဘီယာနိုင်ငံတွင် စက်တင်ဘာ ၂၅ ရက်က ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၁၇၉ ဦး ထပ်တိုးလာပြီးနောက် တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက် စုစုပေါင်း ၂၅၀၀၀ ကျော်ပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ရောဂါထပ်မံကူးစက်ခံရသူ အရေအတွက်မှာ စက်တင်ဘာ ၂၅ ရက်က ၇၄၉၄ ဦးရှိသည်။ လက်ရှိတွင် တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ အရေအတွက်စုစုပေါင်း ၇၉၈၃၁၉ ဦးရှိပြီး သေဆုံးသူအရေအတွက် စုစုပေါင်း ၂၅၁၀၃ဦးအထိ ရှိလာပြီဖြစ်သည်။

ဘိုဂိုတာမြို့သည် လာမည့် နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု ဒုတိယအမြင့်ဆုံးအမှတ်သို့ ရောက်ရှိနိုင်ကြောင်း မြို့တော်ကျန်းမာရေးဝန်ကြီး အလီဂျန်ဒရို ဂိုမက်ဇ်က ပြောကြားလိုက်ပြီး ပြည်သူများအနေဖြင့် ရောဂါကူးစက်မှုနည်းနိုင်သမျှနည်းစေရန်အတွက် ကပ်ရောဂါထိန်းချုပ်ရေး လမ်းညွှန်ချက်များကို ဆက်လက်လိုက်နာကျင့်သုံးကြရန် တိုက်တွန်းလိုက်သည်။

လာမည့် အောက်တိုဘာ ၁ ရက်မှစတင်ကာ ကိုလံဘီယာနိုင်ငံရှိ ပြည်တွင်းလေကြောင်းလိုင်း ၁၁ ခုကို ပြန်ဖွင့်ပေးမည်ဖြစ်ကြောင်း အဗီယန်ကာလေကြောင်းလိုင်းများကွန်ရက် လုပ်ငန်းဆောင်ရွက်မှု ဒုတိယဥက္ကဋ္ဌ ဂျူလီယန်လာဗာဒီက ပြောသည်။

**ဆင်ဟွာ**

# ယူကရိန်း စစ်လေယာဉ်ပျက်ကျမှုတွင် သေဆုံးသူ ၂၃ ဦးအထိ တိုးလာ

**ကီယက်ဗ် စက်တင်ဘာ ၂၆**

ယူကရိန်းလေတပ်ဖွဲ့ လေယာဉ်တစ်စင်း နိုင်ငံအရှေ့ပိုင်း၌ ပျက်ကျမှုဖြစ်ပွားခဲ့ပြီးနောက် စက်တင်ဘာ ၂၆ ရက်တွင် သေဆုံးသူအရေအတွက် ၂၃ ဦးအထိ ဖြစ်လာကြောင်း အရေးပေါ် ဝန်ဆောင်မှုအဖွဲ့က ပြောကြားခဲ့သည်။

ဗိုလ်လောင်းဦးရေ ၂၀ နှင့် လေယာဉ်အမှုထမ်း ခုနစ်ဦးလိုက်ပါလာသည့် ယူကရိန်းလေတပ်မှ အန်တိုနော့ဗ် ၂၆ သယ်ယူပို့ဆောင်ရေးလေယာဉ်သည် စက်တင်ဘာ ၂၅ ရက်က ခါကစ်ဗ်မြို့အနီး ချပ်ဂီ စစ်အခြေစိုက်စခန်းမှ တစ်မိုင်ခန့်အကွာတွင် မတော်တဆ ပျက်ကျသွားခဲ့သည်။



လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့သည့် နေရာတွင် ကယ်ဆယ်ရေးအဖွဲ့ဝင်များကို တွေ့ရစဉ်။

စက်တင်ဘာ ၂၆ ရက် အစောပိုင်းတွင် ပျက်ကျလေယာဉ်၏ အပျက်အစီးများအောက်၌ သေဆုံးသူ အလောင်းတစ်လောင်း ထပ်မံတွေ့ရှိခဲ့ရာ သေဆုံးသူ ၂၃ ဦးအထိ ရှိလာကြောင်း အရေးပေါ် ဝန်ဆောင်မှုအဖွဲ့က ပြောသည်။ လေယာဉ်ပျက်ကျမှုအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သူ နှစ်ဦးရှိသည်။

ပျောက်ဆုံးနေသူ နောက်ထပ်နှစ်ဦးကို ရှာဖွေရေး ဆက်လက်လုပ်ဆောင်နေကြောင်း အရေးပေါ် ဝန်ဆောင်မှုအဖွဲ့က ပြောသည်။

စစ်လေယာဉ် ပျက်ကျရသည့် အကြောင်းကို စုံစမ်းစစ်ဆေးမှုများ ဆက်လက် လုပ်ဆောင်နေဆဲဖြစ်သည်။ ယူကရိန်းကာကွယ်ရေးဝန်ကြီး အန်ဒရီ တာရန်က လေယာဉ်သည် မြေပြင်ပေါ်တွင် တောင်ပံနှင့် ထိခိုက်မိခဲ့ဟန်ရှိပြီး ယင်းနောက် မီးစွဲလောင်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဇီကာဗိုင်းရပ်စ်ဒဏ် ခံခဲ့ရတဲ့ ကလေးငယ်တွေအပေါ် ကိုဗစ်- ၁၉ ထပ်မံခြိမ်းခြောက်

ကလျာမိုးမြင့်

ကိုဗစ်–၁၉ ရောဂါကျရောက်မှုကို ကမ္ဘာတစ်ဝန်းလုံးက မလွှဲသာ မရှောင်သာ ရင်ဆိုင်ကြုံတွေ့ရချိန်မှာ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယနိုင်ငံနဲ့ ဘရာဇီးနိုင်ငံတို့ဟာ ရောဂါကူးစက်ဖြစ်ပွားမှု အဆိုးဆုံးနိုင်ငံတွေ စာရင်းမှာ ထိပ်ဆုံးကနေ ပါဝင်နေတာကို တွေ့ရပါတယ်။ ကိုဗစ်–၁၉ ကြောင့် စက်တင်ဘာ ၂၄ ရက်အထိ အမေရိကန်ပြည်သူတွေ သိန်းနဲ့ချီပြီး အသက်ဆုံးရှုံးရမှုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကိုယ်တိုင်က အရှက်ရစရာ ဖြစ်ရပ်တစ်ခုအဖြစ် ဝန်ခံခဲ့ပါတယ်။



### ထိချက်ပြင်း

စက်တင်ဘာ ၂၄ ရက်အထိ အမေရိကန်မှာ ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူအရေအတွက် အားလုံးပေါင်း ၂၀၆၅၉၈ ဦးရှိပြီး ဘရာဇီးမှာ သေဆုံးသူ အရေအတွက် ၁၃၉၀၆၅ ဦးအထိ ရှိခဲ့ပါတယ်။ ဘရာဇီးနိုင်ငံရဲ့ သေဆုံးသူ အရေအတွက်က အမေရိကန်လောက် မမြင့်ဘူးဆိုပေမယ့်လည်း တစ်ချိန်က ဇီကာဗိုင်းရပ်စ်ရဲ့ မွေးနောက်ခြင်းကြောင့် ကံဆိုးမိုးမှောင်ကျရောက်ခဲ့ရတဲ့ ဘရာဇီးနိုင်ငံက ကလေးငယ်တွေအတွက်တော့ ကိုဗစ်–၁၉ ရဲ့ ရိုက်ခတ်မှုဟာ အတော်လေး ထိချက်ပြင်းခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဘရာဇီးနိုင်ငံမှာ ပြီးခဲ့တဲ့ နှစ်တွေအတွင်း ဇီကာဗိုင်းရပ်စ်ကြောင့် မိုက်ခရိုဆက်ဖလေ ( microcephaly)လို့ ခေါ်တဲ့ မွေးရာပါ ဦးခေါင်းသေးပြီး ခန္ဓာကိုယ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုအမျိုးမျိုးနဲ့ မွေးဖွားလာကြတဲ့ ကလေးငယ် အမြောက်အမြားရှိခဲ့ပြီး အဲဒီထဲက အများစုဖြစ်တဲ့ကလေးငယ် ၃၅၀၀ ကျော်လောက်ဟာ ဆင်းရဲနွမ်းပါးတဲ့ မိသားစုတွေထဲက ဖြစ်ပါတယ်။ ဇီကာဗိုင်းရပ်စ်ကြောင့် မွေးရာပါ ချို့ယွင်းမှုတွေနဲ့ လူ့လောကထဲ ရောက်လာကြတဲ့ ကလေးငယ်တွေဟာ ကိုဗစ်–၁၉ ရောဂါရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ထိုးနှက်ချက်တွေကို ယခုတစ်ဖန် ထပ်မံခံစားနေကြရပြန်ပါပြီ။

### ကာယကုသမှုတွေရပ်ဆိုင်း

ရောဂါကူးစက်မှုအန္တရာယ်ကို စိုးရိမ်ရတဲ့အတွက် ဘရာဇီးနိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေးစနစ်က ဇီကာဗိုင်းရပ်စ်ဒဏ်ကို ခံစားနေကြရတဲ့ ကလေးတွေကို ဆောင်ရွက်ပေးနေတဲ့ ကာယကုသမှုနဲ့ တခြားကုသမှုတွေကို ရပ်ဆိုင်းလိုက်တဲ့အတွက် ကလေးငယ်တွေရဲ့ အခြေအနေတွေ ပိုဆိုးဖို့ ဖြစ်လာခဲ့ပါတယ်။

မိဘတွေဟာ ၎င်းတို့ရဲ့ ကလေးငယ်တွေ ပိုပြီး ခါးကုန်းလာတာ၊ ကိုင်းလာတာ ကြွက်သားတွေ မာကျောတောင့်တင်းလာတာတွေကို ဒီအတိုင်းပဲ အကူအညီမဲ့စွာ ထိုင်ကြည့်နေခဲ့ရပြီး တစ်ခါတစ်ရံမှာတော့ ငြီးငွေ့စရာကောင်းတဲ့ နာကျင်မှုဝေဒနာကနေ ၎င်းတို့ကို ထားရစ်ခဲ့ပြီး ထွက်ခွာသွားတာကို ရင်နာနာနဲ့ ကြည့်နေခဲ့ရပါတယ်။

### ခံနိုင်ရည်မရှိ

နောက်ထပ်စိုးရိမ်စရာ အချက်တစ်ခုကတော့ ဗိုင်းရပ်စ်တစ်မျိုးမျိုး ဝင်ရောက်ခံခဲ့ရပြီးတဲ့ ကလေးငယ်တွေမှာ ကူးစက်ရောဂါအမျိုးမျိုးဖြစ်စေနိုင်တဲ့ ဗိုင်းရပ်စ်နောက်တစ်မျိုးရဲ့ ဒဏ်ကို ခံနိုင်ရည်မရှိဘူးဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။

အသက်လေးနှစ်သာရှိသေးတဲ့ ဟယ်လီနာ မီရင်ဒါဟာ ၎င်းကို မမွေးဖွားခင် မိခင်ရဲ့ ဝမ်းဗိုက်ထဲမှာရှိနေချိန် ဇီကာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရမှုကြောင့် ဦးနှောက်ကို ထိခိုက်ခဲ့ပါတယ်။ အဲဒီအကျိုးဆက်ကြောင့် ၎င်းကို မွေးဖွားခဲ့ချိန်ကစပြီး ယနေ့အထိ လှုပ်ရှားသွားလာနိုင်ဖို့ အတော်လေး ကြိုးစားရုန်းကန်နေရပြီး အစားစားချိန်တိုင်းမှာ ဆို့နင့်တာမဖြစ်ဖို့ ၎င်းရဲ့ ဦးခေါင်းကို မော့ထားပေးရပါတယ်။ ၎င်းရဲ့ မိဘတွေဟာ အခုအချိန်မှာ အတော်လေးကို စိုးရိမ်ပူပန်နေကြပြီး ဘာဆက်ဖြစ်လာမှာလဲ ဆိုတာကို မတွေးဝံ့အောင် ဖြစ်နေကြပါတယ်။

### အသက်ရှူကျပ်

အခုလိုအချိန်မျိုးမှာသာ ကျွန်မတို့ရဲ့ သမီးလေးကိုဗစ်–၁၉ ကူးစက်ခံလိုက်ရရင်တော့ ဖြင့် သူ့ဘဝက အဆုံးသတ်ပြီလို့ တွေးနေမိတယ်လို့ ဟယ်လီနာရဲ့မိခင် နီကိုးလ်မီလို အီဆီလ်ဗာက ဆို့နင့်စွာ ဖွင့်ဟခဲ့ပါတယ်။ ကိုဗစ်– ၁၉ ရောဂါ ဘရာဇီးနိုင်ငံရဲ့ အရှေ့မြောက်ပိုင်း ပြည်နယ်တွေအထိ ကူးစက်ရောက်ရှိလာတဲ့အချိန်မှာ ဆီလ်ဗာဟာ ဆွေမျိုးတွေနဲ့ အတူနေဖို့အတွက် သမီးဖြစ်သူကို မြို့ပြင်ကို ခေါ်ထုတ်သွားခဲ့ပါတယ်။ ဆီလ်ဗာရဲ့ခင်ပွန်းဖြစ်သူက ဒေသဆေးသိုလှောင်ရုံတစ်ခုမှာ ညပိုင်းအလုပ်ဆင်းနေသူဖြစ်ပြီး ဖျားနာသူတွေနဲ့ မကြာခဏ ထိတွေ့နေရတဲ့အတွက် ဆီလ်ဗာက ၎င်းနဲ့ခွဲပြီး ဘေးကင်းရာမှာနေဖို့ ဆုံးဖြတ်လိုက်ရတာ ဖြစ်တယ်လို့ ပြောပြခဲ့ပါတယ်။

ဇီကာဗိုင်းရပ်စ်ကြောင့် မွေးရာပါဦးခေါင်းသေးပြီး ခန္ဓာကိုယ် ချို့ယွင်းမှုခံစားနေရတဲ့ ကလေးငယ်တွေမှာ တခြားကလေးငယ်တွေထက် ခုခံအားနည်းတယ်လို့ မထင်ရပေမယ့် ဒီကလေးငယ်တွေမှာ မကြာခဏဆိုသလို အသက်ရှူကျပ်တာကို ခံစားရလေ့ရှိတဲ့အတွက် တကယ်လို့သာ ကိုဗစ်– ၁၉ ကူးစက်ခံလိုက်ရမယ်ဆိုရင် ပိုပြီးအသက်အန္တရာယ် ရှိနိုင်တယ်လို့ ဆရာဝန်တွေက ပြောပါတယ်။

> “ရောဂါကူးစက်မှုအန္တရာယ်ကို စိုးရိမ်ရတဲ့အတွက် ဘရာဇီးနိုင်ငံရဲ့ ပြည်သူ့ကျန်းမာရေးစနစ်က ဇီကာဗိုင်းရပ်စ်ဒဏ်ကို ခံစားနေကြရတဲ့ ကလေးတွေကို ဆောင်ရွက်ပေးနေတဲ့ ကာယကုသမှုနဲ့ တခြားကုသမှုတွေကို ရပ်ဆိုင်းလိုက်တဲ့အတွက် ကလေးငယ်တွေရဲ့ အခြေအနေတွေ ပိုဆိုးဖို့ဖြစ်လာ”

### ရောဂါနှစ်မျိုးလုံး ဖိစီးနှိပ်စက်နိုင်

အထူးသဖြင့်ကတော့ ဆင်းရဲနွမ်းပါးတဲ့ မိသားစုထဲမှာ ဇီကာဗိုင်းရပ်စ်ဒဏ်ခံထားရတဲ့ ကလေးငယ်တွေရှိရင် ရောဂါနှစ်မျိုးလုံးရဲ့ ဖိစီးနှိပ်စက်မှုကို ပြင်းပြင်းထန်ထန် ခံရနိုင်တယ်လို့ ဆရာဝန်တွေက ပြောပါတယ်။

လူဦးရေ ထူထပ်ကျပ်ညပ်စွာနေထိုင်ရတဲ့ လူမှုဝန်းကျင်အနေအထားနဲ့ မိလ္လာရေဆိုးစနစ် ကောင်းကောင်းမရှိတဲ့ အခြေအနေတွေက ဇီကာဗိုင်းရပ်စ်ကို သယ်ဆောင်တဲ့ အေးဒီးစ်ခြင်တွေ ကောင်းကောင်းပေါက်ပွားစေနိုင်တဲ့ ပတ်ဝန်းကျင်တစ်ခု ဖြစ်တယ်။ အဲဒီ ပတ်ဝန်းကျင်အခြေအနေကြောင့်ပဲ ကိုဗစ်–၁၉ ဟာ လွယ်လွယ်ကူးစက်ပျံ့နှံ့နိုင်သလို ဘရာဇီးနိုင်ငံကို ရောဂါကူးစက်ဖြစ်ပွားမှု အဆိုးဆုံး စာရင်းဝင်နိုင်ငံတစ်ခုအဖြစ် ရောက်ရှိစေခဲ့တာဖြစ်တယ်လို့ ဆေးဘက်ကျွမ်းကျင်သူတွေက ထောက်ပြပါတယ်။ ဘရာဇီးနိုင်ငံဟာ လက်ရှိမှာ အမေရိကန်ပြီးရင် သေဆုံးသူအရေအတွက် အများဆုံးနိုင်ငံအဖြစ် ဒုတိယလိုက်နေပါတယ်။

### တစ်ဦးသေဆုံး

ဒါကြောင့် ကိုဗစ်– ၁၉ ရောဂါဆိုးကြီး ဝင်ရောက်လာပြီဆိုတဲ့အချိန်မှာ ဘရာဇီးနိုင်ငံက ဆရာဝန်တွေဟာ ဇီကာဗိုင်းရပ်စ်ကြောင့် ထိခိုက်ခံစားခဲ့ရတဲ့ ကလေးငယ်တွေကို လိုအပ်တဲ့အကူအညီတွေပေးဖို့ ကြိုးစားရုန်းကန်နေကြရပါတယ်။ မကြာသေးခင်ကပဲ နိုင်ငံအတွင်းမှာ ဇီကာဗိုင်းရပ်စ်ကြောင့် မွေးရာပါမသန်စွမ်းမှုခံစားနေရတဲ့ ကလေးငယ်ခြောက်ဦးအထိ ကိုဗစ်– ၁၉ ကူးစက်ခံခဲ့ရပြီး ၎င်းတို့ထဲကတစ်ဦး သေဆုံးခဲ့ပါတယ်။ တစ်ဦးကတော့ အထူးကြပ်မတ်ကုသဆောင်ထဲမှာ တစ်လကျော်ကြာအောင် ကုသမှုခံယူခဲ့ရပါတယ်။ ။

**ကိုးကား– ဝေါစထရိဂျာနယ်**

---

## နိုင်ငံတကာသတင်းတိုထွာ

### အိုလံပစ်အားကစားပွဲများဘေးကင်းစွာကျင်းပနိုင်ရေး ကြိုးပမ်းရန် ဂျပန်ဝန်ကြီးချုပ်နှင့် နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌ သဘောတူ

တိုကျို စက်တင်ဘာ ၂၆

လာမည့်နှစ်တွင် တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကျင်းပရေး အနီးကပ်ပူးပေါင်းဆောင်ရွက်သွားကြရန် ဂျပန်ဝန်ကြီးချုပ်နှင့် နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌတို့ သဘောတူခဲ့ကြကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲ ဝန်ကြီးချုပ်ရာထူး ရရှိပြီးနောက် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတကာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်စ်ဘတ်ချ်နှင့် စက်တင်ဘာ ၂၃ ရက်က တယ်လီဖုန်းဖြင့် ၁၅ မိနစ်ခန့် ဆက်သွယ်ဆွေးနွေးခဲ့မှုအတွင်း အားကစားပွဲများ ဘေးကင်းစွာ ကျင်းပနိုင်ရေးကြိုးပမ်းရန် သဘောတူခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ တိုကျိုအိုလံပစ်အားကစားပွဲများကို ကိုဗစ်– ၁၉ ကပ်ရောဂါကြောင့် တစ်နှစ်ရွှေ့ဆိုင်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### ကိုဗစ်- ၁၉ ကြောင့် ပိတ်ထားသည့် နီပေါ- တရုတ် နယ်စပ်ဂိတ်ကိုပြန်ဖွင့်

ခတ္တမန္ဒူ စက်တင်ဘာ ၂၆

ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ရက်သတ္တသုံးပတ်ကြာအောင် ပိတ်ထားခဲ့သည့် နီပေါနှင့် တရုတ်နယ်စပ်အကြားရှိ ရာစူဝါဂါဒီ – ကီရမ် နယ်စပ်ဂိတ်ကို ပြန်ဖွင့်လိုက်ပြီဖြစ်ကြောင်း နီပေါနိုင်ငံ အကောက်ခွန်အာဏာပိုင်အဖွဲ့မှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

နီပေါနိုင်ငံ၌ ကုန်တင်ယာဉ်များသို့ ကုန်ပစ္စည်း ပို့ဆောင်သည့် အလုပ်သမားတစ်ဦးတွင် ကိုဗစ်– ၁၉ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက်တွင် နီပေါနှင့် တရုတ်အိမ်နီးချင်းနှစ်နိုင်ငံအကြား အဓိကကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သည့် အဆိုပါနယ်စပ်ဂိတ်ကို ရက်သတ္တသုံးပတ်ကြာအောင် ပိတ်ထားခဲ့သည်။

စက်တင်ဘာ ၂၃ ရက်က အဆိုပါနယ်စပ်ဂိတ်ကို ပြန်ဖွင့်ခဲ့ပြီးနောက်တွင် ဆေးပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ယာဉ်နှစ်စီး နီပေါသို့ ဝင်ရောက်လာကြောင်း အကောက်ခွန်အရာရှိက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၄၂ ရက် သာ**

**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။**

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- ➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- ➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

# မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၆

**မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ အထွေထွေအတွင်းရေးမှူး ဒေါ်စန်းစန်းကျော့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**




ရှိသေလေးစားရပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရဟန်းရှင်လူ တိုင်းရင်းသား မိဘပြည်သူအပေါင်းတို့ကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်စုံရပါစေကြောင်း ကျွန်မနှင့်အတူ "မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ"ဝင်များအားလုံးမှ မင်္ဂလာဆုမွန်ကောင်းပို့သအပ်ပါတယ်ရှင်။

ကျွန်မကတော့ မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီမှ အထွေထွေအတွင်းရေးမှူး ဒေါ်စန်းစန်းကျော့ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ပါတီဟာ နိုင်ငံရဲ့ အဓိကအင်အားစုကြီးများဖြစ်တဲ့ တောင်သူလယ်သမားများ၊ အလုပ်သမားများနဲ့ လက်လုပ်လက်စားပြည်သူများကို ကိုယ်စားပြုပြီး အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ဟန်ချက်ညီညီပူးပေါင်းပါဝင်မှုဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံရဲ့ ဒေသခံတိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ပြီး လူမျိုးစုတစ်စုတည်း၊ ဒေသတစ်ခုတည်းအတွက်သာ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံထောင့်စုံ အကြားအလပ်မရှိ တန်းတူညီမျှစွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံသား အားလုံးတို့၏ လူမှုစီးပွားဘဝအရပ်ရပ်ကို တည်ငြိမ်အေးချမ်းစေရန်၊ ချမ်းသာကြွယ်ဝစေရန်၊ တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှု အမှန်တကယ်ရရှိအောင်နှင့် ကမ္ဘာ့နိုင်ငံများအလယ်တွင် စီးပွားရေးအင်အားကြီးမားသော၊ ပညာရေးအင်အားကြီးမားသော၊ ကာကွယ်ရေးအင်အားကြီးမားသော ဂုဏ်သိက္ခာမြင့်မားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို တည်ဆောက်တက်လှမ်းသွားမှာဖြစ်ပါတယ်။

ကျွန်မတို့ "မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ" PPMFW ရဲ့ အဓိကဦးစားပေး နိုင်ငံရေး မူဝါဒသဘောတရားများကို တင်ပြသွားမှာ ဖြစ်ပါတယ်။

- ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသော၊ ပြည်သူ့ဗဟိုပြုတဲ့ သန့်ရှင်းသော၊ အဂတိကင်းရှင်းသော ပြည်သူ့အစိုးရ အုပ်ချုပ်ရေးစနစ် အားကောင်းခိုင်မာရေး၊
- ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသော၊ မိမိတို့နိုင်ငံနှင့် လျော်ညီသော ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးနှင့် အမြော်အမြင်ကြီးမားသည့် ဥပဒေပြုရေးမဏ္ဍိုင် အားကောင်းခိုင်မာစေရေး၊
- မှန်ကန်မျှတသော၊ လွတ်လပ်ပွင့်လင်းသော၊ အဂတိကင်းရှင်းသော တရားဥပဒေစိုးမိုးမှု အားကောင်းခိုင်မာရေး၊
- ပြည်တွင်းငြိမ်းချမ်းရေးနှင့်အတူ ညီညွတ်မျှတသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ဖြစ်ပါတယ်။

အမှန်တကယ်ကောင်းမွန်သော၊ သန့်ရှင်းသော ပြည်သူ့ဗဟိုပြုအစိုးရ အုပ်ချုပ်ရေးစနစ် တည်ဆောက်မယ်ဆိုရင် ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်သမ္မတကစပြီး ရပ်ကွက်/ကျေးရွာအဆင့်အထိ ပြည်သူ့ဆန္ဒနှင့် ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်စေရပါမယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်မှာ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး၊ ပွင့်လင်းမြင်သာမှုရှိရေး ဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ချပြီးတော့ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ဦးဆောင်မှုအခန်းကဏ္ဍကိုလည်း ပါဝင်စေရပါမယ်။

ဥပဒေပြုရေးကဏ္ဍမှာ တရားမျှတသော၊ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးနိုင်သော ဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးကို အမြော်အမြင်ကြီးကြီးဖြင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တရားစီရင်မှုစနစ်မှာလည်း လာဘ်ပေးလာဘ်ယူ အဂတိကင်းရှင်းစေရေး၊ ပွင့်လင်းမြင်သာမှုရှိရေး၊ အုပ်ချုပ်ရေးအာဏာ ကင်းလွတ်စေရေးကို ဂရုတစိုက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံရဲ့လွတ်လပ်ရေးနဲ့အတူ အမွေဆိုးတစ်ခုအဖြစ်ပါလာခဲ့တဲ့ ပြည်တွင်းစစ်မီးဟာလည်း ဒီကနေ့အထိ မငြိမ်းသတ်နိုင်သေးပါဘူး။ ယနေ့တိုင်အောင် နိုင်ငံရေးခေါင်းဆောင်များ၊ လက်နက်ကိုင်များရဲ့ တင်းမာတဲ့ သဘောထားတွေဟာ ဒီကနေ့ ကျွန်မတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှု နောက်ကျစေခဲ့ပါတယ်။ သမိုင်းဟောင်းရဲ့အမွေဆိုးများ လွှမ်းမိုးမှုမှ ရုန်းထွက်ပြီးတော့ တောက်ပြောင်တဲ့ သမိုင်းသစ်ကို လက်ရှိအခြေအနေနှင့် လိုက်လျောညီစွာ ရေးထိုးကြရမှာ ဖြစ်ပါတယ်။ သဘောထားကြီးမှု၊ အပြန်အလှန်နားလည်မှုတွေ တည်ဆောက်ကြရမှာဖြစ်ပါတယ်။ မျှတခြင်းဆိုတာရှိမှ ယုံကြည်မှုနှင့်အတူ ညီညွတ်ရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ်ကို စွန့်ပယ်၍ သဘောထားကျယ်ပြန့်သော နိုင်ငံသားစိတ်ဓာတ်ကို မွေးမြူပျိုးထောင်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေကတစ်ဆင့် အပြန်အလှန်ယုံကြည်မှု၊ သဘောတူညီမှုများနဲ့အတူ ညီညွတ်မျှတသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးဟာ ကျွန်မတို့ "မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ" PPMFW ရဲ့ အရေးကြီးတဲ့ ပန်းတိုင်တစ်ခုပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီရဲ့ နိုင်ငံခြားရေးမူဝါဒအနေနဲ့ အမျိုးသားအကျိုးစီးပွားကို ရှေးရှုသော၊ လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမှာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်လာအောင် ဆောင်ရွက်သွားမှာဖြစ်ပြီး အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားခြင်းနှင့်အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကို ကိုင်စွဲထားမှာဖြစ်ပါတယ်။

ပါတီ၏စီးပွားရေးဆိုင်ရာ မူဝါဒသဘောတရားများ ဆက်လက်တင်ပြပါမယ်။

- စက်မှုလယ်ယာစနစ်ကို အခြေခိုင်စေပြီး အင်အားကြီးစက်မှုနိုင်ငံအဖြစ် တက်လှမ်းတည်ဆောက်သွားမှာဖြစ်တယ်၊ စားနပ်ရိက္ခာ ထုတ်လုပ်မှုအင်အားကြီးနိုင်ငံအဖြစ် အနှစ် ၂၀ ရေရှည်စီမံကိန်းချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။
- အစိုးရရဲ့ စီးပွားရေးချုပ်ကိုင်မှုများကို လျှော့ချပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ အခန်းကဏ္ဍကို မြှင့်တင်သွားပါမယ်။
- လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို အားပေးမှာဖြစ်ပြီး နိုင်ငံအတွက် ရေရှည်အကျိုးရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားမှာဖြစ်ပါတယ်။ ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များရဲ့ ယှဉ်ပြိုင်ရပ်တည်နိုင်စွမ်းကိုလည်း အကာအကွယ်ပေးမယ့် မူဝါဒများ ရေးဆွဲဆောင်ရွက်ရပါမယ်။
- နိုင်ငံ့သယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရာတွင်လည်း အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ရေရှည်မြော်မြင်ပြီး သယံဇာတဆိုင်ရာ မူဝါဒများကို ရေးဆွဲဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြည်သူ့သယံဇာတဆိုင်ရာ ဘဏ္ဍာရေးကော်မရှင်များ ဖွဲ့စည်းပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

နိုင်ငံ့ဝင်ငွေရရှိရေးအတွက် သယံဇာတအလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းအပေါ် အဓိကမှီခိုနေရတဲ့ အခြေအနေကို ကျော်လွန်နိုင်ဖို့ ဆက်လက်အားစိုက်ကြိုးစားရမှာဖြစ်ပြီး နိုင်ငံရဲ့ သဘာဝပထဝီအနေအထားနှင့် လူသားစွမ်းအားအရင်းအမြစ်ကို မြှင့်တင်ပေါင်းစပ်နိုင်သော စီးပွားရေး အခြေခံအုတ်မြစ်များကို တည်ဆောက်သွားရမှာဖြစ်ပါတယ်။

နိုင်ငံ၏ ရေလမ်း၊ ကုန်းလမ်း၊ ဆက်သွယ်ရေး၊ ဆေးရုံ၊ တက္ကသိုလ်များ၊ အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ အစရှိတဲ့ Infrastructure များ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားမှာဖြစ်တယ်။ ပုဂ္ဂလိက အသေးစား အလတ်စား လုပ်ငန်းရှင်များကို နည်းပညာ၊ ချေးငွေနှင့် အခြား အထောက်အပံ့များ ဥပဒေဆိုင်ရာ အကာအကွယ်များ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လယ်ယာကုန်ထုတ်လုပ်ငန်းများအတွက် နည်းပညာနှင့် အရည်အသွေးမြှင့်တင်ရေးအပြင် အလွန်အရေးကြီးသော နိုင်ငံတကာဈေးကွက်ရရှိရေးကို ကျွန်မတို့ မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီအနေဖြင့် ခိုင်ခိုင်မာမာ တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဘဏ်လုပ်ငန်းများနှင့် ငွေကြေးဆိုင်ရာ တည်ငြိမ်မှုများရရှိအောင် ကုန်ဈေးနှုန်းတည်ငြိမ်အောင် ထိန်းကျောင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပညာရေးကဏ္ဍဆိုင်ရာမူဝါဒအနေနဲ့ အမှန်တကယ်နားလည်တတ်မြောက်ရေး၊ ကိုယ်ပိုင်တွေးခေါ်ကြံဆနိုင်သော လွတ်လပ်မြင့်မားတဲ့ ပညာရေးစနစ်ကို ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ ပညာရေးအသုံးစရိတ်မြှင့်တင်ရေး၊ ပညာသင်ထောက်ပံ့ကြေးများ လုံလောက်စွာပံ့ပိုးနိုင်ရေး၊ ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေး၊ နိုင်ငံတကာသို့ ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေး စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံသား ပညာတတ်များကိုလည်း ပြည်တွင်း၌ပင် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးရမှာဖြစ်ပါတယ်။

ကျန်းမာရေးဆိုင်ရာ မူဝါဒအနေနဲ့ အမျိုးသားအဆင့်စီမံကိန်းများ ရေးဆွဲ၍ ကျန်းမာရေးအသုံးစရိတ် လုံလောက်စွာ တိုးမြှင့်ပေးပြီး ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား အခမဲ့ဆေးကုသနိုင်ခွင့်ရှိစေရပါမယ်။ သွားလာရေးခက်ခဲသည့် ဒေသများပါမကျန် နယ်လှည့်ဆေးကုသရေး အစီအစဉ်များ ဆောင်ရွက်သွားပါမယ်။ ဆေးဘက်ဆိုင်ရာပညာရှင်များ ပိုမိုမွေးထုတ်၍ အရည်အသွေးနှင့် စိတ်စေတနာမြင့်မားရေး လေ့ကျင့်ပျိုးထောင်သွားပါမယ်။

တိုင်းရင်းသားလူမျိုးစုများအားလုံးတို့၏ ရသင့်သော ကိုယ်ပိုင်အခွင့်အရေးမှန်သမျှကို အသိအမှတ်ပြုအာမခံပါတယ်။ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု၊ စာပေ အနုပညာများကို အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးသွားမှာ ဖြစ်ပါတယ်။

တောင်သူလယ်သမားများနဲ့ အလုပ်သမားများ၊ အခြေခံလက်လုပ်လက်စား ပြည်သူများ ချမ်းသာမှ နိုင်ငံချမ်းသာမှာဖြစ်တဲ့အတွက် အခြေခံလူအဖွဲ့အစည်းများ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်အောင် အစီအမံများချမှတ်ဆောင်ရွက်သွားမှာ ဖြစ်တယ်။ တောင်သူလယ်သမား၊ အလုပ်သမားများရဲ့ ရပိုင်ခွင့် အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ပေးတဲ့ ဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းပေးသွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားများရဲ့ လယ်ယာမြေပိုင်ဆိုင်ခွင့်ကို အာမခံပေးသွားမှာဖြစ်ပြီး လက်ရှိ မြေယာလက်ဝါးကြီးအုပ်မှု အခြေအနေကို ပပျောက်စေ၍ လယ်လုပ်သူတိုင်း လယ်ယာမြေပိုင်ဆိုင်ခွင့်ရရှိစေမှာ ဖြစ်ပါတယ်။ လက်ရှိ ဖြစ်ပေါ်နေတဲ့ လယ်ယာမြေ အငြင်းပွားမှုများကိုလည်း အမြန်ဆုံး မှန်မှန်ကန်ကန် ဖြေရှင်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။




တောင်သူလယ်သမားများ၏ လယ်ယာထွက်ကုန်ပစ္စည်းများ ခိုင်မာသော ပုံမှန်ဈေးကွက်နှင့် ထိုက်တန်သော ဈေးနှုန်းရရှိစေရေးအတွက် ကျွန်မတို့ မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီမှ နိုင်ငံတကာဈေးကွက်ထိုးဖောက်နိုင်ရေးကို ခိုင်ခိုင်မာမာ အာမခံဆောင်ရွက်ပါမယ်။ လိုအပ်တဲ့နည်းပညာ၊ အရင်းအနှီး၊ စက်ယန္တရားများရရှိနိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အော်ဂဲနစ် (Organic) သီးနှံဈေးကွက်ကို ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ လယ်ယာကုန်ထုတ်သမဝါယမအသင်းများ ဖွဲ့စည်း၍ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝအရပ်ရပ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားပါမယ်။

အလုပ်သမားများအတွက် နိုင်ငံ၏ အနိမ့်ဆုံး လုပ်ခနှုန်းထားသတ်မှတ်ချက်သည် အာဆီယံနိုင်ငံများနှင့် တန်းတူဖြစ်စေရပါမယ်။ ပြည်ပရောက် မြန်မာနိုင်ငံသား အလုပ်သမားများကိုလည်း နိုင်ငံတကာ အလုပ်သမား ဥပဒေများနှင့်အညီ အခွင့်အရေးအပြည့်အဝရရှိစေရေး ကာကွယ်စောင့်ရှောက်ပေးမှာဖြစ်ပါတယ်။ နိုင်ငံတွင်း အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိပေါ်ပေါက်အောင် အမျိုးသားအဆင့်စီမံကိန်းများ ရေးဆွဲဆောင်ရွက်သွားပါမယ်။

နိုင်ငံတော်ရဲ့ အရေးကြီးလှတဲ့ ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေရတဲ့ တပ်မတော်သားများနှင့် မိသားစုဝင်များရဲ့ လူမှုဘဝပြည့်စုံရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့ကောင်းများ အနာဂတ်အတွက် အစီအမံများ ချမှတ်ပေးမှာဖြစ်ပါတယ်။ မြန်မာ့တပ်မတော်ကို ပြည်သူချစ်တဲ့ ပြည်သူ့အပေါ်၊ နိုင်ငံအပေါ် သစ္စာရှိတဲ့ ပြည်သူ့သားကောင်း တပ်မတော်ဖြစ်စေရပါမယ်။ ဂုဏ်ကျက်သရေရှိသော ပြည်သူ့တပ်မတော်အဖြစ် ပြည်သူအားလုံးနှင့် တစ်သွေးတည်းတစ်သားတည်း ဖြစ်စေရန်မှာ နိုင်ငံတိုင်း နိုင်ငံတိုင်းရဲ့ အသက်ဝိညာဉ်ပဲဖြစ်ပါတယ်ရှင်။

ပြည်သူ့ဝန်ထမ်းများအားလုံး လစာနှင့် အခြားခံစားခွင့်များလုံလောက်စွာ ရရှိစေရပါမယ်။ တစ်ဖက်ကလည်း အကျင့်ပျက်ခြစားမှုများကို ပြင်းထန်စွာ တိုက်ဖျက်သွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှာ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ကို အပြည့်အဝထောက်ခံပါသည်။ သို့သော် ဘာသာရေးအစွန်းရောက်ဝါဒများ စွဲကိုင်ပြီး တစ်ဖက်နှင့်တစ်ဖက် စော်ကားတိုက်ခိုက်ခြင်းမျိုး မဖြစ်စေရန် အင်မတန်အရေးကြီးပါတယ်။ အမျိုးဘာသာသာသနာ ဝံသာနုရက္ခိတ တရားများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်မှာ မိမိတို့မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီနှင့် နိုင်ငံသားအားလုံးရဲ့ သမိုင်းပေးတာဝန်ကြီး ဖြစ်ပါတယ်။

အချုပ်အားဖြင့်တင်ပြရရင် ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ လက်ရှိဘဝမှာပဲ သဘာဝအရင်းအမြစ် အလွန်ချမ်းသာနေတုန်းပဲလို့ ပြောချင်ပါတယ်။ ပြည်သူများသာလျှင် ဆင်းရဲနေရတဲ့ အခြေအနေဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး ချမ်းသာကြွယ်ဝစေဖို့အတွက်ဆိုရင် စစ်မှန်တဲ့ ဒီမိုကရေစီအနှစ်သာရနဲ့ ကောင်းမွန်တဲ့ အစိုးရအုပ်ချုပ်ရေးတစ်ရပ် ရွေးချယ်တင်မြှောက်နိုင်ရေးဟာ အင်မတန်အရေးကြီးပါတယ်။

ပြည်သူကို အလုပ်အကျွေးပြုမည်ဆိုသည့် ခိုင်မာသော သန္နိဋ္ဌာန်၊ စိတ်ဓာတ်မြင့်မားမှုနှင့်အတူ အရည်အသွေး၊အရည်အချင်းပြည့်ဝတဲ့ ကျွန်မတို့ပါတီဝင်များ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်စွမ်းရှိတဲ့၊ ဆောင်ရွက်ပေးမယ့် ကျွန်မတို့ မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မိဘပြည်သူများအနေနဲ့ မဲပေးရွေးချယ်ပေးကြဖို့ တောင်းဆိုတင်ပြအပ်ပါတယ်။

ကျွန်မတို့ပါတီရဲ့ ဆောင်ပုဒ်ကတော့ -

"လိုအပ်ချက်တွေဖြည့်ဆည်းဖို့
မတရားမှုတွေမှ ကာကွယ်ဖို့
ပြည်သူ့အနာဂတ်တွေ သာယာပြည့်စုံဖို့
မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီကို မဲပေးစို့"

ဖြစ်ပါတယ်။

မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ပါးသာယာချမ်းမြေ့၍ အနာဂတ်ဘဝများ တိုးတက်ပြည့်စုံပါစေကြောင်း မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီမှ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။

# ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၆

**ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဇောက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက်စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါ ဟောပြောချက်စာမူအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**

လေးစားအပ်ရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူအပေါင်းတို့ကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ် ခင်ဗျား

ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ ဘူးသီးတောင်မြို့မှ ဒိုင်းနက်လူမျိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဇော ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီဟာ ၂၀–၃–၂၀၁၅ ခုနှစ်က ပါတီ ဖွဲ့စည်းရန် လျှောက်လွှာတင်ခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၂၇–၈–၂၀၁၅ နေ့တွင် နိုင်ငံရေးပါတီ မှတ်ပုံတင်အမှတ်၊ (၁၀၀) ဖြင့် ခွင့်ပြုခဲ့သော ပါတီဖြစ်ပါတယ်။ အလျဉ်းသင့်လို့ ကျွန်တော်တို့ ဒိုင်းနက်လူမျိုးများအကြောင်းကို အနည်းငယ်တင်ပြပါရစေ။

ကျွန်တော်တို့ ဒိုင်းနက်လူမျိုးတွေကို အရင်က သက်၊ သက္ကမ၊ ဆက်၊ ဆက္ကမ လို့ ခေါ်ခဲ့ကြပါတယ်။ ယခုလည်း ဒိုင်းနက်လူမျိုးတွေဟာ မိမိကိုယ်မိမိ ဆက္ကမ ဟု ခေါ်ဆိုကြပါတယ်။ ဆက္ကမကို စွမ်းရည်ရှိသော လူဟုအဓိပ္ပာယ် သတ်မှတ်ကြပါတယ်။ ဆက္ကဆိုသည်မှာ စွမ်းရည်ရှိသောဟု အဓိပ္ပာယ်ရပြီး မကို မာ လူ ဟု အဓိပ္ပာယ်ဖွင့်ဆို၍ ဆက္ကမ(စွမ်းရည်ရှိသော) လူ ဟု အဓိပ္ပာယ် ဖော်ဆောင်ကြပါတယ်။ အင်္ဂလိပ်အစိုးရ အုပ်ချုပ်စဉ်ကာလက ဆက်လူမျိုးဟုလည်း ခေါ်ခဲ့သည်။ အင်္ဂလိပ်တို့က ဒိုင်းနက်လူမျိုးများဟာ ရိုးသားကြိုးစားပြီး ယုံကြည်စိတ်ချ အားကိုအားထားပြုနိုင်သောလူမျိုးဟု အသိအမှတ်ပြုခဲ့ပါတယ်။ အင်္ဂလိပ်အစိုးရက ဆက်လူမျိုးဟု သတ်မှတ်ခဲ့သော လူမျိုးအား ဗမာ၊ ရခိုင်တို့က ဒိုင်းနက်လူမျိုးဟု ခေါ်ဆိုကြပါတယ်။ ဆက်လူမျိုးဆိုသည်မှာ ဆက္ကမ (ချက္ကမာ)ကို ခေါ်သော အမည်ဖြစ်ပါသည်။

**လေးစားအပ်သော မိဘပြည်သူ တိုင်းရင်းသားအပေါင်းတို့ခင်ဗျား**

လူမျိုးအကြောင်းကို ပြောပြီးနောက် ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ ဖြစ်ပေါ်တည်ထောင်လာရခြင်းအကြောင်းကို အကျဉ်းချုပ်တင်ပြပါရစေ။ ဒိုင်းနက်(ဆက္ကမ)လူမျိုးတွေမှာ ယခင်အစိုးရ ခေတ်အဆက်ဆက်က နိုင်ငံရေးပါတီမဆိုထားနှင့် နိုင်ငံရေးဆိုတာဘာလဲ ဆိုတာတောင် နားမလည်၊ စိတ်မဝင်စားခဲ့ကြပါဘူး။ အခုမှဘာကြောင့် နိုင်ငံရေးပါတီ တည်ထောင်ရသလဲလို့ မေးစရာရှိကြမှာပေါ့။ ဒိုင်းနက်လူမျိုးတွေဟာ ပညာမတတ်ကြဘူး၊ ဆင်းရဲကြတယ်၊ အရှက်အကြောက်အလွန်ကြီးတယ်၊ တောလက်ကျေးရွာတွေမှာ စုစည်းနေထိုင်ကြပြီး တောတောင်လယ်ယာမြေတွေကို အမှီသဟဲပြု၍ ရိုးကုပ်စွာဖြင့် လုပ်ကိုင်စားသောက်နေထိုင်ကြသော လူမျိုးဖြစ်တဲ့အတွက် အပြင်ဗာဟိရ နိုင်ငံရေးဆိုတာကို လုံးဝ(လုံးဝ) နားမလည်စိတ်မဝင်စားကြပါ။ အဲဒီလို ရိုးကုပ်စွာနေထိုင်ကြတဲ့ လူမျိုးတွေကို တချို့သူတွေက မြို့ပေါ်ခေါ်တင်ပြီး အခွင့်အရေးပေးသလိုလိုနှင့် စည်းရုံးသိမ်းသွင်းကြတယ်။ အဲဒါကို အဟုတ်မှတ်ပြီး ပြန်မပြောဝံ့၊ မဆိုဝံ့နှင့် ပေးတာကိုယူ၊ ကျွေးတာကိုစား၊ ခိုင်းတာကို တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ လုပ်ပေးရတဲ့ ဘဝနဲ့ ဒုက္ခဆင်းရဲပေါင်းများစွာဖြင့် ဘဝကို ဖြတ်သန်းလာခဲ့ပါတယ်။

ဒိုင်းနက်လူမျိုးတွေဟာ ဒီဘက်ခေတ်ရောက်မှပဲ တစ်ယောက်စ၊ နှစ်ယောက်စ မြို့ပေါ်တက် ပညာသင်၊ အစိုးရဌာနအသီးသီးမှာ အမှုထမ်း၊ အမြို့မြို့အရွာရွာ ရောက်ခဲ့ကြမှသာ တခြားမြို့ရွာတွေမှာ ရှိနေကြတဲ့ လူမျိုးတွေရဲ့ ဘဝနှင့် မိမိတို့ ဒိုင်းနက်လူမျိုးတွေရဲ့ဘဝ လူနေမှုအဆင့်အတန်း ကွာခြားလွန်းနေတာကို မြင်တွေ့လာကြတယ်။ မိမိတို့ လူမျိုးတွေဘာကြောင့် အဆင့်အတန်းနိမ့်ကျ၊ အောက်တန်းကျ ဆင်းရဲနေကြရသလဲဆိုတာကို သိမြင်လာပါတယ်။ တခြားလူမျိုးတွေ အခွင့်အရေးရပြီး ငါတို့လူမျိုးတွေ ဘာကြောင့်အခွင့်အရေး ဆုံးရှုံးနေရသလဲဆိုတာကို တွေ့မြင်ခံစားလာကြပါတယ်။ တခြားလူမျိုးတွေနဲ့ တန်းတူအခွင့်အရေးရရှိရေး တရားမျှတစွာ နေထိုင်နိုင်အောင် မိမိတို့က ဦးဆောင်ပြီး လုပ်မှဖြစ်တော့မယ်လို့ ဆုံးဖြတ်ကြတယ်၊ ဒိုင်းနက်လူမျိုးတွေထဲက လူငယ်တွေလည်း အပြိုင်အဆိုင် ပညာကြိုးစားလာတယ်။ အစိုးရဌာနတွေမှာ အမှုထမ်းလုပ်တာ များလာကြတယ်။ အစိုးရဌာနတွေမှာ လုပ်နေရတာတောင် ဒိုင်းနက်လူမျိုး အကြီးအကဲမရှိတဲ့ဘဝမှာ အနှိမ်ခံရတဲ့ အောက်ခြေဝန်ထမ်းအဖြစ်နဲ့ပဲ နေလာခဲ့ရပါတယ်။ တရားမျှတရေး၊ တန်းတူအခွင့်အရေးရရှိရေးအတွက် ဘယ်လိုတောင်းဆိုကြမလဲ၊ ဘယ်သူတွေနဲ့ ပူးပေါင်းရင် အဆင်ပြေမလဲဆိုတာကို စိတ်ဝင်စားလာကြပါတယ်။

မြန်မာနိုင်ငံရေးအခြေအနေ၊ ရခိုင်ပြည်နယ်အခြေအနေ အရပ်ရပ်ကို လေ့လာပြီး ငါတို့လူမျိုးတွေမှာလည်းပဲ တခြားလူမျိုးတွေလို အခွင့်အရေးရရှိရေးကို တင်ပြတောင်းဆိုနိုင်တဲ့ နိုင်ငံရေးပါတီရှိမှ ဖြစ်တော့မယ်ဆိုပြီး မြင်လာကြပါတယ်။

**လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူအပေါင်းတို့ခင်ဗျား**

ယခုအခါ ပါတီစုံဒီမိုကရေစီခေတ် ရောက်ပြီးမှ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအလိုက်၊ လူမျိုးနွယ်အလိုက် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပေးလာသဖြင့် မိမိကိုယ်မိမိ ဆက္ကမ ဟုခေါ်သော ဒိုင်းနက်လူမျိုးများအနေနဲ့လည်း အခြားသော တိုင်းရင်းသားမျိုးနွယ်စုများနည်းတူ နိုင်ငံရေးပါတီတစ်ခု တည်ထောင်ကြမယ်ဆိုပြီး မိမိတို့အမျိုးသားတွေနဲ့ ဆွေးနွေးတိုင်ပင်ကာ ဤဒိုင်းနက်လူမျိုးများ တိုးတက်ရေးပါတီကို တည်ထောင်ရခြင်းဖြစ်ပါကြောင်း ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူအားလုံးအား တင်ပြအပ်ရပါတယ် ခင်ဗျား။

ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီရဲ့ မူဝါဒ၊ လုပ်ငန်းစဉ်များကိုလည်း အကျဉ်းချုပ်တင်ပြပါမယ်။

**မူဝါဒ၊ သဘောထား**

(က) ကမ္ဘာ့နိုင်ငံရေးအလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအဖြစ် ရပ်တည်သွားနိုင်ရေး ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးအားလုံး ပူးပေါင်းဆောင်ရွက်သွားရန်၊

( ခ ) စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ပီပြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း လက်တွဲဆောင်ရွက်သွားရန်၊

( ဂ ) ဒိုင်းနက်တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ရေးတို့အား အားသွန်ခွန်စိုက်ဆောင်ရွက်ရင်း အခြားသော လူနည်းစု၊ လူမျိုးစုငယ်တို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးကူညီသွားရန်၊

(ဃ) တိုင်းရင်းသား လူမျိုးအချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်ယုံကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှု၊ သည်းခံခွင့်လွှတ်မှု ဟူသော မိသားစုစိတ်ဓာတ် ခိုင်မာရှင်သန်စေရေး ဆောင်ရွက်သွားရန်၊

( င ) ဒိုင်းနက်လူမျိုးတို့၏ ရိုးရာ၊ ဓလေ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ခေတ်နှင့်လျော်ညီစွာ တီထွင်ကြံဆ ပြုစုပျိုးထောင်မှုများ ပြုလုပ်သွားရန် ဖြစ်ပါတယ်။

**လုပ်ငန်းစဉ်**

(က) ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်များဖြစ်ကြောင်းကို တိုင်းရင်းသားစည်းလုံးညီညွတ်အားဖြင့် ကမ္ဘာ့အလယ်တွင် ရပ်တည်ဆောင်ရွက်သွားရန်၊

( ခ ) ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရွက်ရာတွင် တိုင်းရင်းသားအချင်းချင်း တန်းတူရည်တူထားရှိမှု၊ အပြန်အလှန်လေးစားမှု၊ ပုဂ္ဂိုလ်ရေးရပိုင်ခွင့်နှင့်လွတ်လပ်ခွင့်များကို အခြေခံ၍ဆောင်ရွက်သွားရန်၊

( ဂ ) ဗဟုသုတနည်းပါး၍ အသိမကြွယ်မှု၊ အခွင့်အလမ်းနည်းပါးမှု၊ ဆုံးရှုံးမှုတို့ကြောင့် ခေတ်နောက်ကျ ကျန်ရစ်ခဲ့သော မိမိတို့ လူမျိုးများနှင့် အခြားသော တိုင်းရင်းသားလူမျိုးနွယ်စု၊ လူနည်းစုတို့၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားရန်၊

(ဃ) ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ အမျိုးသားရေးကဏ္ဍများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန်၊

( င ) မိမိတို့ ဒိုင်းနက်လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ပါက အခြားသော တိုင်းရင်းသား၊ ပါတီ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူများခင်ဗျား**

ဒိုင်းနက်လူမျိုးများ တိုးတက်ရေးပါတီဌာနချုပ်ရုံးကို ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ ဘူးသီးတောင်မြို့ အမှတ် (၅၉၃)၊ မင်းစောမွန်လမ်း၊ သပြေကုန်းရပ်ကွက်တွင် ဖွင့်လှစ်ထားရှိပါတယ်။

**ပါတီအလံနှင့် အမှတ်တံဆိပ်**

(က) ပါတီ၏အလံမှာ အနီနှင့်အဝါ အရောင်(၂) မျိုးဖြင့် သတ်မှတ်ထားရှိပါတယ်။ အထက်တွင် အနီ၊ အောက်တွင် အဝါရောင်ဖြင့် အချိုးညီ အလျားလိုက်ပြုလုပ်ထားပါတယ်။

( ခ ) အထက်အနီရောင်၏ လက်ဝဲဘက်ထောင့်တွင် ကြယ်ကြီးတစ်လုံး ပါရှိပြီး ကြယ်အရောင်မှာ အဖြူရောင်ဖြစ်ပါတယ်။

( ဂ ) အနီရောင်သည် ရဲရင့်ခြင်း၊ အဝါရောင်သည် အမျိုးဘာသာကို စောင့်ထိန်းခြင်း၊ အေးချမ်းခြင်း အဓိပ္ပာယ်ဆောင်ပြီး အဖြူရောင် ကြယ်ကြီးမှာ ပြည်ထောင်စုကြီးကို ရည်ညွှန်းပါတယ်။

(ဃ) ပါတီအလံကို ၅ : ၃ အချိုးအစားအတိုင်း အရွယ်အစားအမျိုးမျိုး သတ်မှတ်အသုံးပြုနိုင်ပါတယ်။

( င ) ဒိုင်းနက်လူမျိုးတိုးတက်ရေးပါတီ အမှတ်တံဆိပ်မှာ အဝါရောင် နောက်ခံပေါ်တွင် အနက်ရောင်ရှိသော ဒိုင်းနှင့်စကြာကို ထည့်သုံးထားပြီး အပေါ်ပိုင်းတွင် ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီဟု ပါရှိပါတယ်။ အနက်ရောင်ဒိုင်း၏အောက်တွင် Daingnet Development Party ၏ အင်္ဂလိပ်လို အတိုကောက်(D.N.D.P) ဟု ပါရှိပါတယ်။ အဝါရောင်သည် အမျိုးကိုစောင့်ထိန်းခြင်း၊ အေးချမ်းခြင်းကို ဖော်ဆောင်ပြီး အနက်ရောင်ရှိသောဒိုင်းသည် ဒိုင်းနက်လူမျိုးကို တိုက်ရိုက်အဓိပ္ပာယ် ဖော်ဆောင်ပါတယ်။ စကြာဝိုင်းသည် စွမ်းရည်သတ္တိနှင့် ပြည့်စုံသောလူမျိုးဖြစ်ကြောင်း ဖော်ညွှန်းပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူများနှင့် ကျွန်တော်တို့ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကို မဲဆန္ဒရှင်များခင်ဗျား

ကျွန်တော်တို့ဟာ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားမျိုးနွယ်စုဝင်များ ဖြစ်ကြပါတယ်။ ရခိုင်ပြည်နယ်ရှိ ခမီ၊ မြို၊ သက်၊ ရခိုင်၊ ဒိုင်းနက် စတဲ့ မျိုးနွယ်စုအချင်းချင်းဟာ ရှေးပဝေသဏီ ခေတ်အဆက်ဆက်ကပင် မရှိအတူ၊ ရှိအတူ အေးအတူပူအမျှ ဒုက္ခ၊ သုခ အတူတကွ နေလာခဲ့ကြသူတွေ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း မိမိတို့ပြည်နယ်၊ မိမိတို့လူမျိုးစု၊ မိမိတို့မျိုးနွယ်စုများ စည်းလုံးညီညွတ်မှုရရှိရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ တန်းတူညီမျှရေး ဖက်ဒရယ်စနစ်ကို ချီတက်ရေးမှာ မိမိတို့ ဒိုင်းနက်လူမျိုးများ တိုးတက်ရေးပါတီဟာ ပြည်နယ်အကျိုး၊ လူမျိုးစု၊ မျိုးနွယ်စုအကျိုးကို အခြေခံဥပဒေနှင့်အညီ နောင်တော်ပါတီများနှင့်အတူ ဆောင်ရွက်ခွင့်ရရှိရေးတို့ကို ကြိုးစားသွားမယ့် ပါတီဖြစ်ပါတယ်။

ယင်းကြောင့် ရခိုင်ပြည်နယ်ရှိ ကျွန်တော်တို့ လူမျိုးများ၊ မျိုးနွယ်စုများ ရခိုင်ပြည်သူ၊ ပြည်သားအားလုံးကို ပန်ကြားချင်တာက “ဒိုင်းနဲ့စကြာ” အမှတ်တံဆိပ်ပါတဲ့ ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီကို ဆန္ဒမဲထည့်ပေးကြပါလို့ မေတ္တာရပ်ခံရင်း ကျွန်တော့်ရဲ့ ဟောပြောချက်ကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား

အားလုံး ကျန်းမာ၊ ချမ်းသာကြပါစေ...

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .

- အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် နောက်ဆုံးအကြိမ်အဖြစ် ၁၄ ရက်ကြာ ထပ်မံ ကပ်ထားကြေညာမည်။
- မဲဆန္ဒရှင်များအနေဖြင့် လိုအပ်သော တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်။

# ထားဝယ်မြို့နယ်၌ လူငယ်များအား ပြည်သူ့နီတိနှင့် ဆန္ဒမဲပေးပုံ သင်ကြားပို့ချပေး

**ထားဝယ် စက်တင်ဘာ ၂၆**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ကလျာဏမိတ္တပရဟိတ ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မြို့နယ်အတွင်းမှ ပထမအကြိမ် ဆန္ဒမဲပေးမည့်လူငယ်များအား ပြည်သူ့နီတိနှင့် ဆန္ဒမဲပေးပုံ အသိပညာပေးခြင်းများကို ထားဝယ်မြို့နယ် ရေဝိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ စက်တင်ဘာ ၂၄ ရက်က ပြုလုပ်သည်။

ထို့နောက် ထားဝယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးလွင်က လာမည့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသော နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရန်အတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ကပ်ထား၍ ကြေညာပေးခဲ့ပြီးဖြစ်ကြောင်း၊ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကိုလည်းမကြာမီထပ်မံကြေညာပေးသွားမည် ဖြစ်၍ မိမိအမည် ပါ/မပါ သွားရောက်ကြည့်ရှုကြရန် လိုအပ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် နိုင်ငံသားအခွင့်အရေး မဆုံးရှုံးရအောင် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်သူ မဲဆန္ဒရှင်အားလုံး မိမိသက်ဆိုင်ရာမဲရုံများတွင် ဆန္ဒမဲပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်ကလျာဏမိတ္တပရဟိတ ဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးအောင်သူရလင်းက ပထမအကြိမ် ဆန္ဒမဲပေးကြမည့် လူငယ်များအား ပြည်သူ့နီတိနှင့် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ လွှတ်တော်အဆင့်ဆင့် ရွေးချယ်တင်မြှောက်မှု၊ မဲပေးခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ မဲစာရင်းကြည့်ရှုခြင်း၊ ပယ်မဲ၊ ခိုင်လုံမဲ၊ ကြိုတင်မဲ၊ ကိုဗစ်-၁၉ ကာလအတွင်း မဲပေးရန် လက်တွေ့သရုပ်ပြခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများ အသိပညာပေးခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ပညာပေးအစီအစဉ် အားလုံးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို တက်ရောက်လာကြသူ အားလုံးက လိုက်နာဆောင်ရွက်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မိုးနဲမြို့၌ မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရေး အွန်လိုင်းဆွေးနွေးပွဲပြုလုပ်

**မိုးနဲ စက်တင်ဘာ ၂၆**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် အွန်လိုင်းဆွေးနွေးပွဲတစ်ရပ်ကို စက်တင်ဘာ ၂၅ ရက်က မြို့နယ်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမျိုးညွန့်ရွှေက ဆွေးနွေးပွဲအကြောင်း ရှင်းလင်းပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးစိုင်းမြစိုးလှိုင်က ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ဒုတိယအကြိမ် မဲစာရင်းကြေညာကပ်ထားပြီးနောက် နိုင်ငံသားစိစစ်ရေးကတ် လိုအပ်မှုများရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် လိုအပ်ပါက အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးခဲ့သည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# ရွေးကောက်ပွဲသတင်းရယူမည့် မီဒီယာများအနေဖြင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးများ၌ မီဒီယာသက်သေခံကတ် လျှောက်ထားထုတ်ယူနိုင်

**ဖလမ်း စက်တင်ဘာ ၂၆**
၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သတင်းရယူမည့် သတင်းမီဒီယာသမားများအနေဖြင့် သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးများ၌ မီဒီယာသက်သေခံကတ်ပြားများ စတင်လျှောက်ထား ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

"သတင်းမီဒီယာ သက်သေခံကတ်ပြား လျှောက်ထားရာမှာ ပြည်တွင်းမီဒီယာတွေဆိုရင်တော့ သက်ဆိုင်ရာ မြို့နယ်အတွင်းမှာ သတင်းရယူမယ်ဆိုရင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှာ လျှောက်ထားရမှာဖြစ်ပြီး ခရိုင်ရုံးကနေ သတင်းမီဒီယာ သက်သေခံကတ်ပြားကို ထုတ်ပေးသွားမှာဖြစ်ပါတယ်။ လျှောက်ထားတဲ့နေရာမှာ မီဒီယာတစ်ခုအနေနဲ့ လေးဦးအထိ လျှောက်ထားနိုင်ပါတယ်၊ သတင်းရယူခွင့်ပြုသွားမှာပေ့ါနော်။ ဘာတွေပါဝင်ရမလဲဆိုရင် ကိုယ်စားပြုတဲ့ မီဒီယာတစ်ခုခုရဲ့ တာဝန်ပေး စေလွှတ်ထားသူဖြစ်ကြောင်း အထောက်အထားရယ်၊ ပြီးတော့ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံကို တင်ပြပြီးတော့ လျှောက်ထားရမှာဖြစ်ပါတယ်။ ပုဂ္ဂလိကသတင်းသမားဆိုရင်တော့ ကိုယ်တိုင်ရေးလျှောက်လွှာရယ်၊ ပြီးတော့ မိမိနဲ့ ဆက်သွယ်ဆောင်ရွက်မယ့် ပြည်တွင်းမီဒီယာတစ်ခုခုရဲ့ ထောက်ခံချက်နဲ့အတူ ပတ်စပို့ဓာတ်ပုံနှစ်ပုံတင်ပြပြီးတော့ လျှောက်ထားရမှာဖြစ်ပါတယ်" ဟု ဖလမ်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမင်းခန့်က ပြောသည်။



နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သတင်းရယူမည့် ပြည်တွင်းသတင်းမီဒီယာများအနေဖြင့် သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မီဒီယာ သက်သေခံကတ်ပြားများ လျှောက်ထားရမည်ဖြစ်ကာ ပြည်ပ သတင်းမီဒီယာများအနေဖြင့် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနသို့ အောက်တိုဘာ ၂၃ ရက် နောက်ဆုံးထား၍ မီဒီယာသက်သေခံကတ်ပြား လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လေးမျက်နှာမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးပြုလုပ်

**လေးမျက်နှာ စက်တင်ဘာ ၂၆**
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ အစည်းအဝေးကို မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းဝေးခန်းမ၌ စက်တင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါ်ကြင်ငွေးက စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန် ၁၂ ချက်နှင့် ကော်မတီ၏ သက်တမ်း၊ မြို့နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အငြင်းပွားမှု/ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အချိန်တိုအတွင်း ညှိနှိုင်းဖြေရှင်း ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး ကော်မတီဝင်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့သည်။

လေးမျက်နှာမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ၂၇ ဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ဝေဝေ(လေးမျက်နှာ)

# ကန့်ဘလူခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီး

**ကန့်ဘလူ စက်တင်ဘာ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်နှင့် ကန့်ဘလူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံသစ်ကို ယခုနှစ် ဖေဖော်ဝါရီလက စတင်ဆောက်လုပ်ခဲ့ရာ စက်တင်ဘာ ၂၅ ရက်တွင် ရာခိုင်နှုန်းပြည့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

အဆိုပါ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ကျပ် ၁၅၈ ဒသမ ၇ သန်းဖြင့် အလျား ပေ ၆၀၊ အနံ ၄၄ ပေ အာရ်စီနှစ်ထပ် အဆောက်အအုံအဖြစ် ကေသရာထက်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# သီပေါမြို့နယ်၌ မဲရုံများလုံခြုံရေးအတွက် အထူးရဲ ၁၁၆ ဦး ခန့်အပ်ဆောင်ရွက်မည်

**သီပေါ စက်တင်ဘာ ၂၆**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင် ပြည်သူများ လုံခြုံစိတ်ချစွာ မဲပေးနိုင်ရေးအတွက် မဲရုံလုံခြုံရေး တာဝန်ထမ်းဆောင်ရန် အထူးရဲ ၁၁၆ ဦးကို ခန့်အပ်မည်ဖြစ်ကြောင်း သိရသည်။

သီပေါမြို့နယ်အနေဖြင့် အမှတ်(၁)မဲဆန္ဒနယ်နှင့် အမှတ်(၂)မဲဆန္ဒနယ်တို့တွင် လျာထားမဲရုံ ၁၁၁ ရုံရှိပြီး မဲရုံများ လုံခြုံရေးအတွက် အထူးရဲများကို ခန့်အပ်သွားမည်ဖြစ်ကြောင်း၊ အထူးရဲများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ပူးပေါင်းကာ ပြည်သူများ လုံခြုံစိတ်ချစွာ မဲပေးနိုင်ရေးအတွက် မဲရုံလုံခြုံရေးတာဝန်ကို ဆောင်ရွက်ရန်ဖြစ်ပြီး နယ်မြေခံရဲတပ်ဖွဲ့ကလည်း ရွေးကောက်ပွဲကာလတွင် မဲဆန္ဒရှင်များအား မဲမပေးနိုင်အောင် ဟန့်တားမှုများမဖြစ်စေရေး၊ မဲရုံပရဝဏ်နှင့် ကိုက် ၅၀၀ အတွင်း မလိုလားအပ်သောပြဿနာ အနှောင့်အယှက် အဟန့်အတားများ မဖြစ်စေရေးနှင့် မူးယစ်သောက်စား ရမ်းကားဆူပူမှုများ မဖြစ်စေရေးအတွက် လှည့်ကင်း၊ ရပ်ကင်းများဖြင့် လုံခြုံရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဖြိုးဝေက ပြောသည်။

အဆိုပါ အထူးရဲများကို အောက်တိုဘာ ၁ ရက်မှစ၍ အောက်တိုဘာ ၂၈ ရက်အထိ သင်တန်းပေး၍ ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲ ကျင်းပပြီးချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၌ ဆက်လက် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိလျှင်လည်း သတ်မှတ်ချက်နှင့်ကိုက်ညီလျှင် လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

စိုင်း(သီပေါ)

# ကောလင်းမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးပြုလုပ်

**ကောလင်း စက်တင်ဘာ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ အစည်းအဝေးကို စက်တင်ဘာ ၂၅ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ ပြုလုပ်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ



ဥက္ကဋ္ဌ ဦးဝင်းကိုကိုက အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှု/ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်ပါက အချိန်တိုအတွင်း ညှိနှိုင်းဖြေရှင်းပေးနိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်ချစ်စုလှိုင်က မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးကြပြီး ကော်မတီဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

မြို့နယ်(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲအတွက် မီဒီယာ သက်သေခံကတ်ပြားများ ထုတ်ယူနိုင်

**ရန်ကုန် စက်တင်ဘာ ၂၆**
၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် သတင်းရယူကြမည့် ပြည်တွင်းသတင်းမီဒီယာများမှ သတင်းထောက်များအတွက် မီဒီယာသက်သေခံကတ်များ ထုတ်ယူခွင့်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ စက်တင်ဘာ ၂၃ ရက်မှစ၍ အောက်တိုဘာ ၂၃ ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း လျှောက်ထားထုတ်ယူနိုင်ပြီဖြစ်ကြောင်း ရန်ကုန်မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

အဆိုပါမီဒီယာသက်သေခံကတ်ပြားထုတ်ယူမည့်သတင်းထောက်များအနေဖြင့် မိမိအား တာဝန်ယူစေလွှတ်သည့် သတင်းမီဒီယာဌာန သို့မဟုတ် အဖွဲ့အစည်းအတွက် ကိုယ်စားပြု တာဝန်ယူရေးသားမည်ဖြစ်ကြောင်း အထောက်အထား ထောက်ခံစာနှင့် လိုင်စင်ဓာတ်ပုံအရွယ် ရောင်စုံ ဓာတ်ပုံနှစ်ပုံ ပါရှိရမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာက ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် ညွှန်ကြားချက်များကို လိုက်နာရန် ဝန်ခံကတိပြုရမည်ဖြစ်ကြောင်း၊ ဝန်ခံကတိပြုရမည့် အချက်များကို ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် စီစဉ်ထားရှိပြီးဖြစ်ကြောင်း ရန်ကုန်မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်၏ ပြောကြားချက်အရ သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

# ဒလမြို့နယ်ပြည်သူ့ဆေးရုံ၌ ဖျားနာလူနာများနှင့် အထွေထွေရောဂါများ ကုသပေးရန် ဆေးခန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကိုဗစ်- ၁၉ ကာလအတွင်း မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အခမဲ့ကုသပေးမည့် ဆေးပေးခန်းကို မြို့နယ်ပြည်သူ့ဆေးရုံအတွင်း၌ ဖွင့်လှစ်ထားရှိပြီး ဖျားနာလူနာများနှင့် အထွေထွေရောဂါများကို ကုသပေးလျက်ရှိသည်။

"ကျွန်တော်တို့ မြို့နယ်မှာရှိတဲ့ ဒေသခံပြည်သူအများစုရဲ့ အထွေထွေကျန်းမာရေးကိစ္စရပ်တွေကို ဆောင်ရွက်ပေးနိုင်ဖို့အတွက် အခုလို ဆေးပေးခန်းကို ဖွင့်လှစ်ရတာ ဖြစ်ပါတယ်။ အခုချိန်မှာ ကူးစက်မှုတွေကလည်း များပြားလာတယ်။ နေအိမ်မှာနေခြင်းကာလအနေနဲ့ အိမ်ထဲမှာ နေထိုင်ကြဖို့ အပြင်မထွက်ဖို့ ညွှန်ကြားထားတယ်။ တစ်ဖက်မှာလည်း ပုဂ္ဂလိက ဆေးပေးခန်းတွေကလည်း ပိတ်ထားတာဖြစ်တဲ့အတွက် ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေး အခက်အခဲကို စနစ်တကျ ဖြေရှင်းပေးနိုင်ဖို့နဲ့ ကုသပေးနိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့ ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်" ဟု မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထင်ရှားအောင်က ပြောသည်။

ဒလမြို့နယ်ပြည်သူ့ဆေးရုံအတွင်း၌ ပြင်ပလူနာများအတွက် ဆေးပေးခန်းတစ်ခု၊ အနံ့မရသော လူနာများအတွက် သီးသန့်ဆေးပေးခန်းတစ်ခု ဖွင့်လှစ်ထားရှိပြီး မြို့နယ်ဆရာဝန်ကြီး၏ ကြီးကြပ်မှုဖြင့် အဆိုပါဆေးပေးခန်းတွင် ဆရာဝန်နှစ်ဦး၊ သူနာပြုဆရာ၊ ဆရာမများက အလှည့်ကျဖြင့် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိနှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ဆေးပေးခန်းဖွင့်လှစ်၍ မြို့နယ်အတွင်းရှိ ဖျားနာလူနာများနှင့် အထွေထွေရောဂါလူနာများအား ကုသပေးလျက်ရှိကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

# ဘီးလင်းမြို့နယ်၌ ဒေသခံများ ဝင်ငွေရရှိရေး စီမံကိန်းများ ဆောင်ရွက်ပြီးစီး

**ဘီးလင်း စက်တင်ဘာ ၂၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးကုစားမှုအစီအစဉ်တစ်ရပ်အနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၅ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဒေသခံများ ဝင်ငွေရရှိရေးစီမံကိန်း လုပ်ငန်းခွဲပေါင်း ၂၅ ခုကို ပြီးခဲ့သည့် ဇူလိုင် ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာတစ်ရွာလျှင် ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ စီဖြင့် ရွာသူရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၂၄ ရက်က မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **မောင်မွေး**

အောက်တိုဘာလ ၁ ရက်တွင် ကျရောက်မည့် (၅၆) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး လုပ်ဆောင်ခြင်းကို စက်တင်ဘာ ၂၆ ရက်က မော်လမြိုင်မြို့ တောင်ရိုးတန်းရှိ ဆံတော်ရှင်ဦးဇိနစေတီတော် မြတ်ကြီးတောင်ကြောတစ်လျှောက်၌ ပြုလုပ်စဉ်။ ခရိုင်(ပြန်/ဆက်)






## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | ဝင်းကျော် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| **အငယ်တန်းသတင်းထောက်များ** | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၉ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၂၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၃၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ


| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၀၉ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၂ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၇၁ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၄၁ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၆ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၂ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၇၄၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၁ . ၆၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၄ . ၂၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၅၂၉ |


(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)


### စတော့အိတ်ချိန်းဈေးကွက်


| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၆၆ | ၆၅၃၄၀၀ |
| MTSH | ၃၆၅၀ | ၃၇၀၀ | ၇၁၁ | ၂၅၉၉၃၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁ | ၈၀၀၀ |
| FPB | ၂၂၅၀၀ | ၂၃၀၀၀ | ၉၄၃၁ | ၂၁၆၈၄၃၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁၈၅ | ၄၉၉၆၅၀ |
| EFR | ၃၀၀၀ | ၃၀၀၀ | ၄၅ | ၁၃၅၀၀၀ |

ခင်ရတနာ - စုစည်းသည်


HTOO
မိချွေး.. ဒါက ဘယ်လဲ..
ဈေးကိုသွားမလို့ ဦးတင့်..
အပြင်ထွက်ရင် မတ်တပ်သွားရမယ်လေ..
ယူလို့သွားနေတာ ဦးတင့် မမြင်ဘူးလား
ဘာပြောတယ်.. နင့်ကို မတ်စ်လို့ ခေါ်တဲ့ နှာခေါင်းစည်း တပ်ဖို့ သတိပေးနေတာဟဲ့..
ဟြော.. ဟုတ် ဟုတ်...
နှာခေါင်းစည်းတော့ ပါတာပေါ့.. ဈေးပေါက်ဝရောက်မှ တပ်မယ်လို့ စိတ်ကူးထားလို့ပါ.. ဒီမှာ..
အိမ်ပြင်ထွက်တာနဲ့ မတ်စ်တပ်ရမယ်လို့ သတိကြားထားတာကို မထေမဲ့မြင် လုပ်တဲ့သဘောလား
COVID.19 ကာကွယ်ပါ...
ဟုတ်ဘူး ဦးတင့်ရဲ့...
ဆိုးထားတဲ့ နှုတ်ခမ်းနီက မတ်စ်ကို ပေကျံကုန်ရင် နှမြောစရာကြီး ဦးတင့်ရဲ့..
ဘာ...
မတ်စ် ဆိုတာ နှာခေါင်းမှာစည်းပြီး ကိုဗစ်ကို ကာကွယ်ဖို့ လုပ်ထားတာဟဲ့.. နောက်သုံးပြီးပြီးရင် လျှော်ပစ်ရမယ်.. တစ်ခါကိုင်လည်း သုံးသွားဖို့ မဟုတ်ဘူးနော်.. မနှမြောသင့်တာ နှမြောတဲ့
မိချွေး..အခု..တပ်
ဟုတ်.. တပ်ပြီ.. တပ်ပါပြီ.....


မေကြီးရေ.. သားကို ကယ်ပါဦးဗျ.. အီး...ဟီး...ဟီး
ဟဲ့ အသံတွေကြားနဲ့ ဘာဖြစ်လာကာလဲ ဖိုးသထူးရဲ့..
သား နှာခေါင်းက အနံ့ခံလို့ မရတော့လို့ မေကြီးရဲ့..
ဟယ် အကြာပါပဲ.. ကိုဗစ်များ ကူးပြီလားမသိဘူး
နေဦး အကြံတစ်ခု ရပြီ..
အမလေး အဟွတ် နံလိုက်တာ.. အနံ့ကြီး.. ဘာနံ့ကြီးပါလိမ့်
အနံ့ ရတယ်ဆိုရင် ဘာမှမဖြစ်ဘူး စိတ်မပူနဲ့တော့..


ကာတွန်းကိုမိုး
ဟေ့ သားငယ် အပြင်ထွက်ရင် MASK တပ်သွားဦး ...
MASK ခြေမတပ်ခဲ့ဘူး...








## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ပြတိုက်တွေကို ရောက်အောင်သွားပါ

ကေ - ဂျူဝယ်လ်



မင်္ဂလာပါ ကလေးလေးတို့ရေ။ မမတို့ရဲ့ အပတ်စဉ် ရင်သွေးကမ္ဘာကဏ္ဍက ကြိုဆိုပါတယ်နော်။ ဒီတစ်ပတ်မှာ မောင်လေးတို့၊ ညီမလေးတို့ကို မိတ်ဆက်ပေးချင်တဲ့ အကြောင်းက ပြတိုက်ဆိုတဲ့ စိတ်ဝင်စားစရာနေရာတစ်ခု အကြောင်းဖြစ်ပါတယ်။ ကလေးလေးတို့ရော ပြတိုက်တွေကို စိတ်ဝင်စားကြသလား။ ပြီးတော့ ရောက်ရော ရောက်ဖူးကြပြီလား။ မမတို့နိုင်ငံမှာ ပြတိုက်တွေ အများကြီးရှိပါတယ်။ ရန်ကုန်မှာဆိုရင် အမျိုးသားပြတိုက်၊ ဗိုလ်ချုပ်ပြတိုက်၊ သဘာဝသမိုင်းပြတိုက်၊ ငါးပြတိုက် စသည်ဖြင့် ပြတိုက်တွေ အများကြီးရှိသလို၊ အခု မမကေ-ဂျူဝယ်လ်တို့နေတဲ့ နေပြည်တော်မှာဆိုရင်လည်း တပ်မတော်စစ်သမိုင်းပြတိုက်၊ နက္ခတ်တာရာပြတိုက်တို့လည်းရှိတာပေါ့။ အခြားမြို့တွေမှာဆိုရင်လည်း သက်ဆိုင်ရာဒေသအလိုက် ယဉ်ကျေးမှု အနုသုခုမပစ္စည်းတွေ၊ ရှေးအဆက်ဆက်ထိန်းသိမ်းထားတဲ့အရာတွေကို ပြသတဲ့ ပြတိုက်တွေအသီးသီးရှိတာပေါ့။

### ပြတိုက်တွေကဘာတွေရနိုင်မလဲ

ဥပမာပြောရရင် မမတို့နိုင်ငံရဲ့ အမျိုးသားပြတိုက်ကြီးမှာ ခေတ်အဆက်ဆက်ဖြတ်သန်းမှု သမိုင်းကြောင်းတွေ၊ အထောက်အထား၊ မှတ်တမ်းတွေနဲ့ ရှေးဟောင်းအမွေအနှစ်အနုပညာလက်ရာတွေ၊ ပရိဘောဂတွေကို ပြသထားတဲ့အတွက် ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာစကား၊ ကိုယ့်နိုင်ငံနဲ့ ကိုယ့်ယဉ်ကျေးမှုအားလုံးကို သိရှိနိုင်တယ်လေ။ ပြတိုက်ထဲမှာ ပြသထားတဲ့အရာတွေဟာ သမိုင်းမှတ်တမ်းတွေအဖြစ် ကလေးတို့ကို ဗဟုသုတတွေပေးနိုင်သလို အားကျအတုယူစရာတွေကိုပေးတယ်။ ဒါ့အပြင် မမေ့နိုင်တဲ့ သတိပြုဆင်ခြင်စရာတွေကိုလည်း ပေးနိုင်တယ်။

### ပြတိုက်တွေဘယ်ကစ

ပြတိုက်တွေဟာ ဘီစီ ၅၃၀ ဝန်းကျင် ကာလတွေမှာ စတင်ပေါ်ပေါက်လာခဲ့တာပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၆၀၀ လောက်ကပေါ့။ လက်ရှိလည်းရှိနေတဲ့ သက်တမ်းအရင့်ဆုံး ပြတိုက်ကတော့ အီတလီနိုင်ငံ ရောမမြို့မှာ ၁၄၇၁ ခုနှစ်လောက်က စတင်ဖွင့်လှစ်ခဲ့တဲ့ ရှေးဟောင်းသုတေသနပြတိုက် တစ်ခုဖြစ်တဲ့ Capitoline ပြတိုက်ပဲ ဖြစ်ပါတယ်။ ရှေးဟောင်းရောမရုပ်တုတွေ၊ အသုံးအဆောင်တွေနဲ့ ကျောက်စာတွေကို ပြသထားတဲ့အပြင် ရှေးခေတ်က ရတနာတွေနဲ့ ရှားပါးပစ္စည်းတွေကိုလည်းပြသထားပါတယ်။ အခုနောက်ပိုင်းပေါ်လာတဲ့ပြတိုက်တွေအများစုကတော့ အနုပညာတွေ၊ ယဉ်ကျေးမှုတွေနဲ့ အဆင့်အတန်းမြင့်မားတဲ့ ခေတ်အဆက်ဆက် တိုးတက်ပြောင်းလဲမှုတွေကို မှတ်တမ်းတင်ထားဖို့အတွက် ထိန်းသိမ်းစောင့်ရှောက်ပြသထားတာတွေကများပါတယ်။

### လူတွေအသွားအများဆုံး ကမ္ဘာကျော်ပြတိုက်တွေ

လက်ရှိမှာ ကမ္ဘာပေါ်က ပြတိုက်တွေအသီးသီးအနက် လူအသွားအများဆုံးပြတိုက်တွေကတော့ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာရှိတဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀ ကျော်က နန်းတော်ကြီးဖြစ်ခဲ့တဲ့ Louvre ပြတိုက်ဖြစ်ပါတယ်။ သူက ကမ္ဘာပေါ်မှာ အကြီးဆုံးအနုပညာပြတိုက်ကြီးဖြစ်သလို သမိုင်းဝင်အထိမ်းအမှတ်အဆောက်အအုံကြီး တစ်ခုလည်း ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်တုန်းကဆိုရင် လူဦးရေ ကိုးသန်းကျော် လာရောက်လည်ပတ်ခဲ့ကြတဲ့ ကမ္ဘာပေါ်က လူသွားအများဆုံး ပြတိုက်ကြီးလည်းဖြစ်ပါတယ်။ ရှေးခေတ်ရောမတို့ရဲ့ အနုပညာလက်ရာတွေ၊ မံမီရုပ်အလောင်းတွေရဲ့ ရုပ်တုတွေအပြင် ပြတိုက်ကို အဓိက လာရောက်ကြည့်ရှုတဲ့အကြောင်းထဲမှာ ကမ္ဘာကျော်ပန်းချီဆရာကြီးဖြစ်တဲ့ လီယိုနာဒိုဒါဗင်ချီရဲ့ ကမ္ဘာကျော်ပန်းချီကားဖြစ်တဲ့ မိုနာလီဆာ ပန်းချီကားကြောင့်လည်း ပါဝင်ပါတယ်။

ကမ္ဘာပေါ်မှာ ဒုတိယညွှေ့သည်အလာဆုံး ပြတိုက်ကတော့ တရုတ်နိုင်ငံ ပေကျင်းမြို့က တရုတ်အမျိုးသားပြတိုက်ပဲ ဖြစ်ပါတယ်။ တစ်နှစ်ကို ဧည့်သည် ခုနစ်သန်းကျော် လာရောက်လေ့လာကြတဲ့ ပြတိုက်ကြီးဖြစ်ပါတယ်။ တရုတ်မင်းဆက်တွေအဆက်ဆက် အသုံးပြုခဲ့တဲ့ ရှေးဟောင်း အနုပညာလက်ရာမြောက်တဲ့ ပန်းချီ၊ ပန်းပုနဲ့ ရွှေထည်၊ ကြေးထည်၊ ကြွေထည်ပစ္စည်းတွေကိုလည်း မြင်တွေ့နိုင်ပါတယ်။




အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့က မြို့တော်အနုပညာပြတိုက်ကတော့ ကမ္ဘာပေါ်မှာ တတိယမြောက် လူသွားအများဆုံး ပြတိုက်ကြီးတစ်ခုဖြစ်ပြီး ကမ္ဘာအရပ်ရပ်က လူမျိုးစုပေါင်းများစွာရဲ့ ခေတ်အဆက်ဆက် ယဉ်ကျေးမှုအနုသုခုမ လက်ရာတွေကို စုစည်းထားပါတယ်။ ရှေးဟောင်း တူရိယာတွေ၊ ဘာသာ တရားပေါင်းစုံရဲ့ လက်ရာနဲ့ အထိမ်းအမှတ်ပစ္စည်းပေါင်းများစွာကို စုစည်းပေးထားတာကြောင့် သွားလာသူတွေနဲ့ အမြဲစည်ကားနေတတ်ပါတယ်။

အီတလီနိုင်ငံ ရောမမြို့ရှိ ဗာတီကန်ပြတိုက်ကတော့ ကမ္ဘာပေါ်မှာ အထင်ရှားဆုံးအနုပညာနဲ့ ပန်းပုပြတိုက်တစ်ခုဆိုရင် မမှားပါဘူး။ ၁၆ ရာစုအစောပိုင်းက တည်ထောင်ခဲ့တဲ့အတွက် နှစ်ပေါင်း ၅၀၀လောက် ရှိနေပြီပေါ့။ ကမ္ဘာ့အကြီးဆုံးပြတိုက်တွေထဲက တစ်ခုလည်းဖြစ်ပြီး လာရောက်လည်ပတ်တဲ့ ဧည့်သည်တွေဟာ တစ်နှစ်ကို ခြောက်သန်းကျော်ရှိပါတယ်။ တနင်္ဂနွေနေ့တွေမှာ ပြတိုက်ကို အခမဲ့ဝင်ရောက်နိုင်တဲ့အတွက် ရာပေါင်းများစွာသော ဧည့်သည်တွေက တန်းစီပြီး ပြတိုက်ထဲလေ့လာရအောင် စောင့်ဆိုင်းနေကြရတာမျိုးပါ။ ပြတိုက်မှာ ပြသထားတဲ့အရာအမျိုးပေါင်း ၇၀၀၀၀ လောက်ရှိပြီး အချို့အရာတွေကိုတော့ နှစ်အကြာကြီး တည်တံ့စေဖို့ လူတွေကို မပြသဘဲ လုံခြုံအောင် သိမ်းထားရပါတယ်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမှာရှိတဲ့ အမျိုးသားလေကြောင်းနှင့်အာကာသဆိုင်ရာ ပြတိုက်ကိုတော့ ကလေးတို့ စိတ်ဝင်စားဆုံးဖြစ်မယ်လို့ မမ ထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် အာကာသယာဉ်တွေ၊ ဒုံးကျည်တွေနဲ့ ၁၉၇၁ အပိုလို ၁၅ ဆိုတဲ့ အာကာသယာဉ်မှာ အာကာသယာဉ်မှူးကြီး ဝတ်ဆင်သွားတဲ့ အာကာသဝတ်စုံတွေလိုမျိုး စိတ်ဝင်စားစရာအရာတွေ အများကြီးရှိပါတယ်။ လေကြောင်းမောင်းနှင်မှုဆိုင်ရာနဲ့ အာကာသလေ့လာရေးနဲ့ ခရီးသွားခြင်းဆိုင်ရာ အကြောင်းတွေကို လေ့လာနိုင်သလို တယ်လီစကုပ်လို့ခေါ်တဲ့ အဝေးကြည့်မှန်ပြောင်းနဲ့ အာကာသကို ကိုယ်တိုင်ကိုယ်ကျ လေ့လာနိုင်တာကြောင့်လည်း အတော်လေး လူစိတ်ဝင်စားတဲ့ ပြတိုက်ကြီးပါ။ အဲဒီပြတိုက်ကို နှစ်စဉ် လူဦးရေ ခြောက်သန်းကနေ ခုနစ်သန်းအထိ လာရောက်လည်ပတ်ကြပြီး အာကာသနဲ့ သိပ္ပံစိတ်ဝင်စားသူတွေအတွက်တော့ ရတနာသိုက်ကြီးနဲ့ တူနေမှာ အမှန်ပါပဲ။

မမတို့၊ ကလေးတို့အနေနဲ့ကတော့ အဲဒီပြတိုက်တွေကို ရောက်နိုင်ဖို့က အခုအချိန်မှာမလွယ်ဘူးလေနော်။ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ကမ္ဘာလုံးမှာ ဖျားနာနေမကောင်းတာတွေ ဖြစ်နေကြတာဆိုတော့ အသွားအလာတွေ ပိတ်ထားသလို အဲဒီကမ္ဘာကျော်ပြတိုက်ကြီးတွေလည်း တော်တော်များများ ပိတ်ထားမှာပါပဲ။

### ကလေးတို့သွားနိုင်မယ့် ပြတိုက်တွေ

မမငယ်ငယ်က မိဘတွေနဲ့အတူ အမျိုးသားပြတိုက်တို့၊ မမတို့နိုင်ငံရဲ့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ နေအိမ်အထိမ်းအမှတ်ပြတိုက်တို့၊ မိုးပေါ်ကကြယ်တွေ၊ လတွေကို ကြည့်ရှုနိုင်တဲ့ နက္ခတ်တာရာပြတိုက်တို့နဲ့ ရေထဲက ငါးတွေ၊ လိပ်တွေ၊ မိကျောင်းတွေနဲ့ ဝေလငါး အရိုးကြီးတွေရှိတဲ့ ငါးပြတိုက်တို့ဆီကို ရောက်ခဲ့ဖူးတယ်။ စိတ်ဝင်စားစရာတွေ သိပ်ကိုများတာပဲ။ အသက်ကြီးလာတော့ တပ်မတော် စစ်သမိုင်းပြတိုက်၊ ပုဂံက ယဉ်ကျေးမှုပြတိုက်၊ ရှမ်းပြည်နယ်က စော်ဘွားကြီးတွေရဲ့ ဟော်နန်းတွေကို ပြတိုက်အဖြစ်ပြသထားတဲ့နေရာတွေနဲ့ နတ်မောက်မြို့က ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၊ သံဖြူဇရပ်မြို့က သေမင်းတမန်ရထားလမ်းပြတိုက်စတဲ့ ပြတိုက်နေရာအတော်များများကို ရောက်အောင်သွားပြီး လေ့လာမှတ်သားခဲ့ဖူးတယ်။ ပြတိုက်ဟာ ကလေးတို့အတွက် အသိပညာ၊ ဗဟုသုတတွေနဲ့ ခံစားမှုအသစ်တွေကို ပေးနိုင်မယ်လို့ မမကတော့ ယုံကြည်ပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ ရောဂါကြီး မမတို့ကမ္ဘာပေါ်က ပျောက်ကွယ်သွားတဲ့ အချိန်ကျရင် သွားလာလည်ပတ်ရမယ့် စာရင်းထဲမှာ ပြတိုက်တွေကိုလည်း မှတ်သားပြီး သွားရောက်လေ့လာကြပါလို့ မမက အကြံပြုပါရစေနော်။

## လောကဝတ် (Etiquette)

# တီဗွီကြည့်တဲ့အခါမှာလည်း လောကဝတ်တွေရှိသတဲ့

မမမေ

တီဗွီလို့ခေါ်တဲ့ ရုပ်မြင်သံကြားကို မကြည့်ဖူးတဲ့ ကလေးတော့ မရှိဘူးမဟုတ်လား။ ကလေးတို့ အားလုံးရဲ့ အကြိုက်ဆုံးအရာထဲမှာ တီဗွီကပြတဲ့ ကာတွန်းကားတွေလည်း ပါတယ်လေ။ မမတို့ငယ်ငယ်ကလည်း တီဗွီဆို သိပ်ကိုကြိုက်တာပေါ့။ သီချင်းတွေ နားထောင်ပြီး လိုက်ဆိုတယ်။ ရုပ်ရှင်တွေထဲက ရယ်စရာဆိုရင် အားရပါးရလိုက်ရယ်ပြီး ဝမ်းနည်းစရာဆိုရင် တရှုံ့ရှုံ့နဲ့ငိုကြတာပေါ့။ ကလေးတို့အားလုံးအတွက် တီဗွီကြည့်ရတာက အတော်ကို ပျော်စရာကောင်းတဲ့ အချိန်တွေပဲပေါ့နော်။ အဲဒီလို တီဗွီကြည့်တဲ့အခါမှာ ကလေးတို့အတွက်လည်း အနှောင့်အယှက်မဖြစ်စေမယ့် တီဗွီကြည့်ရင် လိုက်နာသင့်တဲ့ ကျင့်ဝတ်ကလေးတွေ ရှိပါသတဲ့။ ဒီတစ်ပတ်မှာ မမက တီဗွီကြည့်ရင်း ကလေးတို့ကို မိသားစုဝင်တွေ ပိုချစ်ခင်လာစေမယ့် အလေ့အကျင့်လေးတွေကို ပြောပြမယ်နော်။

### တည့်တည့်ပိတ်မကြည့်နဲ့

သူများတွေကြည့်လို့မရတဲ့အထိ တီဗွီရှေ့မှာ ပိတ်ထိုင်ပြီး အားရပါးရကြည့်နေတယ်ဆိုရင် အတော်ကိုဆိုးတဲ့ကလေးလို့ သတ်မှတ်ကြမှာပဲနော်။ ကလေးတို့က တီဗွီကြည့်တဲ့အခါတိုင်းမှာ ကလေးတို့နဲ့အတူတူ ကြည့်မယ့်သူတွေအတွက်လည်း ထည့်စဉ်းစားပြီးမှ နေရာယူသင့်ပါတယ်။ မဟုတ်ရင် သူတို့ ကြည့်ဖို့အဆင်မပြေတဲ့အခါ ကလေးတို့ကို လူဆိုးလေးတွေလို့ သတ်မှတ်သွားနိုင်လို့ပါပဲ။

### စကားမပြောရ

ရုပ်ရှင်ရုံတွေရောက်တဲ့အခါ စကားကျယ်ကျယ် မပြောရဘူးဆိုတာကို ကလေးတို့လည်း သိမှာပါနော်။ အခြားကြည့်နေသူတွေကို အာရုံပျက်စေလို့ စကားကျယ်ကျယ် မပြောသင့်တာပါ။ အဲဒီလိုပါပဲ။ အိမ်မှာ တီဗွီကို အားလုံးအတူတူ ထိုင်ကြည့်နေကြချိန် ကလေးတို့က စကားကို ကျယ်ကျယ်လောင်လောင်ပြောမယ်၊ သီချင်းတွေ အော်ဆိုမယ်ဆိုရင်တော့ ကိုရီးယားကားကြည့်နေတဲ့ မေမေက နှုတ်ခမ်းစူပြီး ကလေးတို့ကို ပါးစပ်ပိတ်ခိုင်းပါလိမ့်မယ်။ ဒါကြောင့် သူများတွေ စိတ်ဝင်တစား တီဗွီကြည့်နေချိန်မှာ အသံပြဲကြီးနဲ့ အနှောင့်အယှက် မပေးမိပါစေနဲ့နော်။



### တီဗွီလိုင်းတွေပြောင်းပြန်ပြီ

ကလေးတို့ကြည့်ချင်တဲ့ ကာတွန်းလိုင်းတွေကိုချည်း တစ်ချိန်လုံးထားမယ်ဆိုရင် ဖေဖေကြည့်ချင်တဲ့ အားကစားလိုင်းတွေ၊ မေမေကြည့်ချင်တဲ့ ဇာတ်လမ်းတွဲတွေကို သူတို့မကြည့်ရတော့ဘူးဖြစ်မှာပါ။ ဒါမှမဟုတ် ကလေးတို့က စိတ်မဝင်စားပေမယ့် လက်ရှိဖွင့်ထားတဲ့လိုင်းကို ကလေးတို့ မိသားစုဝင်တစ်ယောက်ယောက်က စိတ်ဝင်တစားကြည့်နေချိန်မှာ တီဗွီလိုင်းကို ပြောင်းပစ်လိုက်မယ်ဆိုရင် ကြည့်နေသူက ကလေးတို့ကို စိတ်ခုသွားနိုင်တာမို့ ခွင့်တောင်းပြီး အားလုံးသဘောတူမှပဲ တီဗွီလိုင်းတွေကို ပြောင်းပစ်ပေးနော်။ တီဗွီကြည့်တဲ့အခါ ဆင်ခြင်စရာတွေကို လေ့လာအတုယူလိုက်ကြပါဦးလို့ မမက တိုက်တွန်းလိုက်ပါရစေနော်။

# ပဲခူးစက်မှုဇုန်မှ ကုမ္ပဏီနှစ်ခုက တိုင်းဒေသကြီးအစိုးရသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ငွေနှင့်ပစ္စည်းများ လှူဒါန်း

**ပဲခူး စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ပဲခူးမြို့စက်မှုဇုန်၌ လုပ်ငန်းဆောင်ရွက်လျက်ရှိသော Karisma Apparel (Myanmar) ကုမ္ပဏီလီမိတက်နှင့် KM Healthcare Myanmar ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ စက်တင်ဘာ ၂၃ ရက်က လာရောက်ထောက်ပံ့လှူဒါန်းသည်။

လှူဒါန်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးသည် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့နှင့် ထိစပ်လျက်ရှိပြီး နေ့စဉ် နေရပ်ပြန်များလည်း ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်မှုမှာ မြင့်တက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး၌လည်း ကူးစက်မှုများ ရှိနေကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှ စ၍ ပြင်ပပုဂ္ဂိုလ်များ လာရောက် ထောက်ပံ့လှူဒါန်းမှုများကိုလည်း စနစ်တကျ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ လာရောက်ထောက်ပံ့လှူဒါန်းမှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် Karisma Apparel (Myanmar)ကုမ္ပဏီလီမိတက်က နေရပ်ပြန်ပြည်သူများနှင့် လိုအပ်သော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၅၀ နှင့် KM Healthcare Myanmar ကုမ္ပဏီလီမိတက်က PPE ဝတ်စုံ အစုံ ၅၀၀ နှင့် Face Shield အခု ၅၀၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဆန်းတို့ထံ လှူဒါန်းပြီး ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ဟိန်းထက်(ပဲခူး)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အလှူရှင်ကုမ္ပဏီမှ တာဝန်ရှိသူများ တွေ့ဆုံစဉ်။

## ကိုဗစ်-၁၉ လူနာများနှင့် ထိတွေ့ဆက်စပ်သူများအား ထားရှိမည့် နေရာများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကိုဗစ်-၁၉ ရောဂါ လူနာများနှင့် ထိတွေ့ဆက်စပ်သူများအား ထားရှိရန် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် ရန်ကင်း ပညာရေးကောလိပ်တို့တွင် နေရာပြင်ဆင်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ် ကုသရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးတို့က စက်တင်ဘာ ၂၅ ရက်တွင် သွားရောက် ကြည့်ရှုစစ်ဆေးသည်။

လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၊ ဝေဘာဂီဆေးရုံ၊ တောင်ဥက္ကလာပ အထူးကုဆေးရုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)အောင်မြင့်မိုရ်အိမ်ရာနှင့် ဒဂုံဆိပ်ကမ်းမြို့နယ် ရိုးမအိမ်ရာ၊ လှိုင်တက္ကသိုလ်နှင့် သုဝဏ္ဏဘောလုံးအကယ်ဒမီကျောင်း အပါအဝင် တိုင်းဒေသကြီးအတွင်းရှိ နေရာအချို့ကို ကိုဗစ်-၁၉ ယာယီ ဆေးရုံနှင့် ကွာရန်တင်းစင်တာများအဖြစ် အသုံးပြုပြီး ကိုဗစ်-၁၉ အတည်ပြုလူနာများ၊ ယင်းလူနာများနှင့် ထိတွေ့ဆက်စပ်သူများအား အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှု၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းဒေသကြီးအတွင်း၌ ယခုရက်ပိုင်းတွင် ကိုဗစ်-၁၉ အတည်မပြုရသေးသော စောင့်ကြည့်လူနာများ များပြားလာ၍ ၎င်းတို့အား သီးသန့်ထားစောင့်ကြပ်ကြည့်ရှုနိုင်ရန် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် ရန်ကင်း ပညာရေးကောလိပ်တို့ကို ထပ်မံ ပြင်ဆင်နေခြင်းဖြစ်သည်။

ဝန်ကြီးချုပ်အား အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်နှင့် ရန်ကင်းပညာရေးကောလိပ် ကျောင်းအုပ်ဆရာကြီး ဦးအောင်မြတ်စိုးတို့က စာသင်ဆောင်များ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၌ ရှင်းလင်းပြင်ဆင်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်နှင့် ဒေါက်တာဇော်ဝေစိုးတို့က ဖြည့်ဆည်းဆောင်ရွက်ပေးမည့် ကိစ္စများကို ရှင်းလင်းပြောကြား၍ အဆောင်များကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် ဒေါက်တာဇော်ဝေစိုးတို့သည် အောင်မြင့်မိုရ်နှင့် ရိုးမအိမ်ရာ ယာယီဆေးရုံများသို့ သွားရောက်ပြီး အုပ်ချုပ်မှုအဖွဲ့ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံ၍ အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုထားရှိသူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများ၊ နေထိုင်စားသောက်ရေး အခြေအနေများကို ဂရုတစိုက် ဆောင်ရွက်ပေးကြရန် မှာကြားခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုကူညီရေး အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား အားပေးစကား ပြောကြားခဲ့သည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**



လူနာထားရှိရန် ပြင်ဆင်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း သွားရောက်ကြည့်ရှုစဉ်

## မုဒုံမြို့နယ်မှ ကျေးရွာကမ်းပြိုကျသည့်နေရာကို မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မုဒုံ စက်တင်ဘာ ၂၆**

မွန်ပြည်နယ် မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာမှ ကမ်းပြိုကျမှုဖြစ်ပွားသည့်နေရာကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ စက်တင်ဘာ ၂၅ ရက်က သွားရောက် စစ်ဆေးကြည့်ရှုသည်။

အဆိုပါကျေးရွာတွင် စက်တင်ဘာ ၂၄ ရက် ညနေ ၃ နာရီခန့်က ဒီရေတိုက်စားမှုနှင့် ရေစီးကြောင်းပြောင်းလဲမှုတို့ကြောင့် ကတုံးပေါ်ချောင်း အရှေ့ကွက်၌ မြစ်ကမ်းပါးမြေပြိုကျမှု ဖြစ်ပွားခဲ့ပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် အဆိုပါ နေရာအနီးတွင် နေထိုင်သော လူနေအိမ် အလုံး ၃၀ မှ အိမ်ထောင်စု ၃၃ စု၊ လူဦးရေ ၁၆၄ ဦးအား ရွာလယ်ဓမ္မာရုံနှင့် မူလတန်းကျောင်းတို့တွင် ယာယီ ပြောင်းရွှေ့ပေးထားရသည်။

ဝန်ကြီးချုပ်သည် မုဒုံမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကမ်းပါးပြိုကျခဲ့သည့် နေရာနှင့် ထပ်မံ၍ ပြိုကျနိုင်သည့် နေရာများကိုလည်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားပြီးနောက် ယာယီ ပြောင်းရွှေ့နေရသော ကျေးရွာနေပြည်သူများအား ဝန်ကြီးချုပ်က အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ၊ စားနပ်ရိက္ခာ(ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာ) များနှင့် လိုအပ်သည့် ထောက်ပံ့ပစ္စည်းများကို ပြည်သူများထံ ပေးအပ်သည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## လားရှိုးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**လားရှိုး စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူ ၇၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲကို စက်တင်ဘာ ၂၅ ရက်က မယ်ဟန်ဘုန်းတော်ကြီး ကျောင်းဝင်း၌ ပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မယ်ဟန်ကျေးရွာမှ ပြည်သူများအတွက် နိုင်ငံသား စိစစ်ရေးကတ် ၅၇ ခု၊ နောင်သုံးကျေးရွာမှ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ် ၁၅ ခုနှင့် နမ့်ခိုက်ကျေးရွာမှ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ် ခြောက်ခုတို့ကို ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်း ဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အလှူငွေ ကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းကာ လားရှိုးမြို့ပေါ် အမှတ်(၁၊ ၅၊ ၉၊ ၁၀၊ ၁၂) ရပ်ကွက်များမှ ပြည်သူ ၂၅၅ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်များကို ရပ်မိရပ်ဖများထံ ပေးအပ်သည်။

လားရှိုးမြို့နယ်တွင် မဲဆန္ဒရှင်စာရင်း၌ အမည်ပါဝင်ပြီး (နိုင်ငံသားစိစစ်ရေးကတ် အပါအဝင်)ကိုင်ဆောင်လက်မှတ် မဖြည့်ရသေးသူ ၆၁၉၀၁ ဦးရှိကြောင်း၊ ယနေ့အထိ ၈၈၈၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်အမှတ် စိစစ်ဖြည့်သွင်းခဲ့ပြီးဖြစ်ကာ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများအတွက် အသစ်ပြုလုပ်ပေးခြင်းကိုလည်း ယနေ့အထိ ၂၆၀၂ ဦး ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်၏ ပြောကြားချက်အရ သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မြိတ်မြို့နယ်အတွင်းရှိ သဘာဝဘေးသင့်ကျေးရွာမှ အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**မြိတ် စက်တင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သဗျာကျေးရွာရှိ သဘာဝဘေးသင့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စက်တင်ဘာ ၂၅ ရက်က သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

သဗျာကျေးရွာတွင် စက်တင်ဘာ ၁၉ ရက်က မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ပင်လယ်ဒီရေလှိုင်း ရိုက်ပုတ်မှုများကြောင့် နေအိမ်နှစ်လုံး လုံးဝပျက်စီးခဲ့ပြီး ကိုးလုံး တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့၍ အဆိုပါအိမ်များမှ အိမ်ထောင်စုများအား ဝန်ကြီးချုပ်က တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့ပြီးနောက် လုံးဝပျက်စီးခဲ့သည့် နေအိမ်နှစ်လုံးကို တစ်အိမ်လျှင် ကျပ်နှစ်သိန်းစီနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် နေအိမ် ကိုးလုံးအတွက် ကျပ်တစ်သိန်းစီကို ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ဘေးသင့်အိမ်ထောင်စုများအား ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လက်သမားသုံးပစ္စည်း၊ တစ်ကိုယ်ရေသုံးပစ္စည်းနှင့် တာပေါ်လင်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## ရွှေကျင်မြို့နယ်၌ ငါးသယံဇာတ ပေါများလာစေရေးအတွက် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**ရွှေကျင် စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ငါးသယံဇာတများ ပေါများလာစေရေးအတွက် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ရွှေကျင်မြို့နယ်အတွင်းရှိ စပါးခင်း ဧက ၅၀ အတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးသားပေါက်များကို လယ်သမားများထံ ပေးအပ်ခြင်းတို့ကို စက်တင်ဘာ ၂၄ ရက်က ရွှေကျင်မြို့နယ် သရက်ချောင်းကျေးရွာ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ခဲ့သည်။

ရွှေကျင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းမှ စပါးခင်း ဧက ၅၀ ၌ ငါးမျိုးစိုက်ထည့်ရာတွင် ရွှေကျင်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းဦးနှင့် ဝန်ထမ်းများ၊ လယ်သမားများနှင့် ပဲခူးငါးလုပ်ငန်းစခန်းမှဝန်ထမ်းများ စုပေါင်း၍ ငါးခုံးမကြီး ကောင်ရေ ၃၇၅၀၀ ကို မျိုးစိုက်ထည့်ပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒါရိုက်တာကြည်စိုးထွန်းနှင့် မင်းသားကြီးမြင့်စိုး (ဒုတိယပိုင်း)

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

*စက်တင်ဘာ ၂၃ ရက်မှ အဆက်*

**မင်းသားကြီးမြင့်စိုး** ॥ ॥ နောက်ပြီးတော့ “အောင်ထူး”။ “မိမိကြီး” “ပြည်တန်တဲ့ကျည်ဆန်” တော်တော်လည်းစုံသွားပါပြီ။

**ကြည်စိုးထွန်း** ॥ ॥ ဟုတ်ကဲ့ ဒါပေမယ့် အဲဒီအထဲမှာ အဓိက အရေးကြီး ကျန်တာတစ်ကား ရှိသေးတယ် မင်းသားကြီးရဲ့။ ဘာလဲဆိုတော့ “လာလုလုငေး”။

**မင်းသားကြီးမြင့်စိုး** ॥ ॥ ဟုတ်တယ်။

**ကြည်စိုးထွန်း** ॥ ॥ “လာလုလုငေး” ကျန်တယ်။ ဘာလို့ဆို “လာလုလုငေး” အကြောင်းသတိရလဲဆိုတော့ “လာလုလုငေး” က ကျွန်တော်တို့ အင်မတန်ကြိုက်တဲ့ စာရေးဆရာကြီးရိုက်တဲ့ကား။

**မင်းသားကြီးမြင့်စိုး** ॥ ॥ ဦးတင့်တယ်။

**ကြည်စိုးထွန်း** ॥ ॥ ဦးတင့်တယ်။ ဒါရိုက်တာနဲ့ကျ သူအကျိုးမပေးဘူး။ ရုပ်ရှင်ဒါရိုက်တာနဲ့က သူအကျိုးမပေးဘူးနော်။

**မင်းသားကြီးမြင့်စိုး** ॥ ॥ ဒီလိုဆရာရဲ့။ အဲဒါကျွန်တော်သတိရတာ။ ဆရာဦးတင့်တယ်က ပျော်ပျော်ပါးပါး နေတတ်တယ်။ ပျော်ပျော်ပါးပါးနေတတ်တော့ ယမကာလေးလည်း နည်းနည်းဝါသနာပါတာပေါ့။ သူ့ရဲ့ စရိုက်ပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ॥ ॥ မှန်တာပေါ့လေ။






**မင်းသားကြီးမြင့်စိုး** ॥ ॥ ဖြည်းဖြည်း ဇာတ်ကားတစ်ကားကို ဟိုဘက်က ထားတို့ ဘာတို့ရိုက်နေတော့ တစ်ခါ “လာလုလုငေး” ဆိုတဲ့အတိုင်း နှစ်နဲ့ ချီကြာသွားတာ။

**ကြည်စိုးထွန်း** ॥ ॥ ဝေးသွားတာ။

**မင်းသားကြီးမြင့်စိုး** ॥ ॥ ကာတွန်းတွေကတောင်မှ “လာလုလုငေး”ကို မျှော်ရင်းနဲ့ လည်ပင်းကြီးအရှည်ကြီးပြသေးတယ် ...။ ဘာဖြစ်လဲဆိုတော့ ဒဂုန်ခင်ရဲ့ ဝတ်တဲ့အဝတ်အစား တစ် scene ထဲမှာကိုပဲ လက်တိုဖြစ်လိုက် လက်ရှည်ဖြစ်လိုက်။

**ကြည်စိုးထွန်း** ॥ ॥ သြော်– မှတ်တမ်းကလည်းနော်။

**မင်းသားကြီးမြင့်စိုး** ॥ ॥ မှတ်တမ်းတွေက script က။

**ကြည်စိုးထွန်း** ॥ ॥ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ॥ ॥ ပျောက်ကုန်တာလား ဘာလားမသိဘူး။

**ကြည်စိုးထွန်း** ॥ ॥ ဒဂုန်ခင်ကလည်း အမှန်လည်း အနုပညာရှိတဲ့ အမျိုးသမီးပဲ။

**မင်းသားကြီးမြင့်စိုး** ॥ ॥ အဆိုတော် နာမည်ကြီးလေ။

**ကြည်စိုးထွန်း** ॥ ॥ အဆိုလည်းနာမည်ကြီး နောက်ပြီးတော့ ပြဇာတ်တွေလည်း ကဖူးတယ်သူက။

**မင်းသားကြီးမြင့်စိုး** ॥ ॥ ပထမဆုံးကျွန်တော် ဂုဏ်သုံးဆယ်မှာ ဒဂုန်ခင်နဲ့ ကတာ။

**ကြည်စိုးထွန်း** ॥ ॥ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ॥ ॥ နောက်တော့မှပြဇာတ် ရဲပြဇာတ်လေ။

**ကြည်စိုးထွန်း** ॥ ॥ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ॥ ॥ ဒဂုန်ခင်နဲ့ ကပြီးတော့မှ နောက်တော့ ကြည်ကြည်ဝေတို့ ဘာတို့နဲ့ကတာ ॥

**ကြည်စိုးထွန်း** ॥ ॥ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ॥ ॥ ဒဂုန်ခင်က သူက ကျွန်တော့်ဆရာ တက္ကသိုလ်စိုးရဲ့ တပည့်အရင်း xx ရုပ်ရွှာမျက်နှာဖုံး ရွှေမိကိုခင်ကြတယ်တော့ xx ॥

**ကြည်စိုးထွန်း** ॥ ॥ ဟုတ်တယ်။ ရွှေမိသီချင်းနဲ့ ॥

**မင်းသားကြီးမြင့်စိုး** ॥ ॥ ရွှေမိသီချင်းနဲ့ သူက နာမည်ကြီးသွားတာ။

**ကြည်စိုးထွန်း** ॥ ॥ xx တောကမောင်ကြီးတွေက မရွှေမိကိုခင်ကြတယ်တော့ xx အလှူတွေဆိုလည်း ရွှေမိတို့ပါတယ် xx မင်္ဂလာဆောင်ဆိုလည်း ရွှေမိတို့ပါတယ် xx ... ဒဂုန်ခင်က ရွှေမိသီချင်းနဲ့လည်း နာမည်ကြီးတယ်။ နောက်တစ်ခုက စာဆိုတော်နေ့တွေမှာလည်း ကဖူးတယ်။ နောက်တစ်ခါ ကျတော့ အဲဒီထဲမှာ မို့မို့နော် သူ့နာမည်က။

**မင်းသားကြီးမြင့်စိုး** ॥ ॥ မို့မို့ဆိုတဲ့နာမည်နဲ့ ဆရာဦးတင့်တယ်က ပေးလိုက်တာ။

**ကြည်စိုးထွန်း** ॥ ॥ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ॥ ॥ ဇာတ်ထုပ်အရ ကျွန်တော်က ကိုအောင်တင့်၊ သူကရှင်းရှင်းပြောရင် ဦးတင့်တယ်က ကိုယ်စား ကျွန်တော်က ကိုအောင်တင့် ဆိုပြီးလုပ်ရတာ။

**ကြည်စိုးထွန်း** ॥ ॥ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ॥ ॥ သူက မို့မို့ဆိုပြီး လုပ်တယ်။

**မင်းသားကြီးမြင့်စိုး** ॥ ॥ adapt လုပ်တာပေါ့။

**ကြည်စိုးထွန်း** ॥ ॥ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ॥ ॥ အဲဒီမှာ အဲဒီဇာတ်လမ်းကို adaption လုပ်ပြီးတော့ မို့မို့က ရှမ်းမလေးက သူ့ရဲ့အစ်မရဲ့ ကလေးကို မော်တော်ကား အက်ဆီးဒင့်ဖြစ်ပြီးတော့ မော်တော်ကားနဲ့ တိုက်မိတဲ့အတွက်၊ ကလေးလေး သေသွားတဲ့အတွက်၊ ကလေးကို အစားပေးမယ်ဆိုပြီးတော့ သူက စာရေးဆရာနဲ့ ကြိုက်ကြတာ။ တော်တော်ကောင်းတဲ့ ဇာတ်လမ်းလေးဆရာ။ ကျွန်တော် အဲဒီဇာတ်လမ်းလေး မေ့နေပြီ။ တော်တော်ကောင်းတယ်ဆရာ။ အဲဒီအစားပေးမယ်ဆိုပြီးတော့ ဒီစာရေးဆရာနဲ့ ဖြစ်ကြတာ။

**ကြည်စိုးထွန်း** ॥ ॥ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ॥ ॥ ဖြစ်ကြပြီးတော့ ကျွန်တော်နဲ့ ချစ်ပြီးခါမှ သူက ကျွန်တော့်ကိုခွဲသွားတာ၊ မို့မို့ပရိယာယ် တင့်တယ် ငါ့ဝယ်မလာ ငါ့မှာ နားမလည်ရှာပါ ဆိုတာ ကဗျာလေးတောင်ရှိတယ်။

**ကြည်စိုးထွန်း** ॥ ॥ သြော်။

**မင်းသားကြီးမြင့်စိုး** ॥ ॥ မို့မို့ပရိယာယ် တင့်တယ်။ နားဝယ် မလည်ရှာ ဆိုပြီးတော့ ဆရာတင့်တယ် စာရေးကောင်းတယ်။

**ကြည်စိုးထွန်း** ॥ ॥ ဟုတ်။

**မင်းသားကြီးမြင့်စိုး** ॥ ॥ မို့မို့က သူ့ကိုခွဲသွားတာ။

**ကြည်စိုးထွန်း** ॥ ॥ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ॥ ॥ ဇာတ်ထုပ်လေး ပြောပြမလို့ပါ။ ခွဲသွားတော့ ကျွန်တော့်ကို အကျိုးအကြောင်းမဆက်ဆံဘဲနေတော့ ကျွန်တော်ရင်ကွဲတာပေါ့ ဆရာရယ်။ စာရေးဆရာတစ်ယောက်က ရှမ်းမချောချောလေးနဲ့ ဖြစ်ပြီးတော့ ရှမ်းမလေးက သစ်စိမ်းချိုးချိုးသွားတော့ ရင်ကွဲတဲ့အခန်း။ ရင်ကွဲတဲ့အခန်း ဆိုတော့ ဆရာသော်တာဆွေရယ်၊ မောင်သာရရယ်၊ ကိုသန်းဆွေရယ်၊ အဲဒီ ဂျော်လီဆွေရယ် အဲဒီ သင်္ကြန်။ သင်္ကြန်မှာ သူတို့က သွားပျော်နေကြတယ်။ ပျော်နေကြတော့ ကျွန်တော်ကမပျော်နိုင်ဘူး။ ကျွန်တော်က မှိုင်နေတယ်။ မှိုင်နေတော့ သင်္ကြန်က ပျော်ပြီးပြန်လာကြတာ။ ပြန်လာကြတော့ ကျွန်တော့်ကို မောင်တင့်ပေါ့၊ မင်းဘာကြောင့် ဒီလောက်လွမ်းနေရတာလဲ။ တော်ကွာ ငါ့ဘဝမကောင်းပါဘူး ဘာညာပြောတယ်ပေါ့။ ကျွန်တော့်ကို အားပေးတဲ့ အခန်းမှာ အကုန်လုံး ဆရာသန်းဆွေကလည်း အားပေးတဲ့ မျက်နှာလေးနဲ့ ပြောတယ်။ ဂျော်လီဆွေကလည်းပဲ လူရွှင်တော်ဖြစ်ပေမယ့် အားပေးတဲ့ မျက်နှာလေးနဲ့ ပြောတယ်။ မောင်သာရလည်း ပြောတယ်။ သော်တာဆွေ အလှည့်ကျတော့ ပြဿနာဖြစ်ပါလေရော။ သော်တာဆွေက နဂိုတည်းက မျက်နှာကပြုံးနေတာ။

*စာမျက်နှာ ၂၅ သို့*


ဦးတင့်တယ်


ဒဂုန်ခင်


ကြည်ကြည်ဝေ


သော်တာဆွေ


သန်းဆွေ

စာမျက်နှာ ၂၄ မှ

**ကြည်စိုးထွန်း** ။ ။ ပြုံးပြုံးကြီး။

**မင်းသားကြီးမြင့်စိုး** ။ ။ ပြုံးနေတော့ ပြုံးပြုံးနဲ့ သူက ပါးချိုင့်လေးလည်း ပေါ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်တောင် ဆောင်းပါးတစ်ပုဒ်ရေးလိုက်သေးတယ်။ ကျွန်မပါးတွင် ပါးချိုင့်လေးနဲ့ သူ့သော်တာဆွေအကြောင်း ဆောင်းပါးထဲမှာ ကျွန်တော်ရေးလိုက်သေးတယ်။ သူက ပြုံးနေတော့ ဆရာတင့်တယ်က ပြောတယ်။ ကိုဆွေတဲ့ မင်းသားကို မင်းသားလွမ်းနေတဲ့အခါမှာ ခင်ဗျား မပြုံးပါနဲ့ဗျာ။

**ကြည်စိုးထွန်း** ။ ။ စပ်ဖြီးဖြီးကြီး မလုပ်ပါနဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ မရယ်ပါနဲ့ဗျာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဆရာပြောသလိုပေါ့။ ခုနက supporting က ရှိရမယ်လေ။

**ကြည်စိုးထွန်း** ။ ။ မှန်တာပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ မဟုတ်လား ခုနက ဆရာ့ဆောင်းပါး။

**ကြည်စိုးထွန်း** ။ ။ မှန်တာပေါ့ ။

**မင်းသားကြီးမြင့်စိုး** ။ ။ တစ်ယောက်နဲ့ ပြောလို့မရ တစ်ယောက်။

**ကြည်စိုးထွန်း** ။ ။ မှန်တာပေါ့ ။

**မင်းသားကြီးမြင့်စိုး** ။ ။ ခင်ဗျားနဲ့ close up ပြောနေတာ။ ခင်ဗျားက ပြုံးပြီး ရယ်ပြီး ပြောနေတော့။

**ကြည်စိုးထွန်း** ။ ။ ဒါပေါ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဘယ်လိုလုပ်ကောင်းမလဲဗျာဆိုတော့သော်တာဆွေက ဘာပြောလဲ။ ကျွန်တော့်အမေ မွေးတည်းက ပါးချိုင့်လေးနဲ့ ပြုံးနေတယ်ဗျ။ ကျွန်တော်ပြုံးနေတော့ ပြုံးမှာပဲဗျတဲ့။ ဘာသွားသတိရလဲဆိုတော့ ဗိုလ်အောင်ဒင်ဇာတ်လမ်းထဲမှာ။


ဂျော်လီဆွေ


မောင်သာရ

**ကြည်စိုးထွန်း** ။ ။ ဟုတ်တာပေါ့ ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟိုဥစ္စာလေ။

**ကြည်စိုးထွန်း** ။ ။ ရာမ။

**မင်းသားကြီးမြင့်စိုး** ။ ။ ရာမမင်းကွာ ငါပြောနေတယ်။မင်းခပ်တည်တည်နဲ့ မျက်နှာကြီးက ပုပ်သိုးလိုက်တာဆိုတာ။

**ကြည်စိုးထွန်း** ။ . ဟုတ်တယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော့်အမေမွေးတည်းက အဲဒီသော်တာဆွေကပြောတာ သွားသတိရတယ်ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ "လာလုလုငေး" မှာ။

**ကြည်စိုးထွန်း** ။ ။ "လာလုလုငေး" ပေါ့နော်။ စာရေးဆရာ ဦးတင့်တယ်နော်။ နောက်တစ်ခုကျန်သေးတယ်။ အဲဒါကတော့ ကျွန်တော် စိန်ရတုရုပ်ရှင်စိန်ရတုမှာ မောင်းကြီးတစ်လုံးနဲ့ ကြော်ငြာလုပ်ခဲ့တာလေ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့ဆရာ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ပြီ အဲဒါဟုတ်ပြီ။ ကောင်းတယ် ကောင်းတယ်။

**ကြည်စိုးထွန်း** ။ ။ အဲဒါတွေလည်း ပါခဲ့တဲ့အလျောက်နော် ရုပ်ရှင်စိန်ရတုမှာ ပထမဆုံးထွက်ထွက်ချင်းအခန်းမှာပဲ။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော် သွားသတိရတယ်။ ဆရာ ဦးကြည်စိုးထွန်းကတော့လို့ ငါကြော်ငြာဒါရိုက်တာလုပ်လို့ ငါ့ကိုမောင်းနဲ့ ကြော်ငြာလုပ်ခိုင်းတာပဲလို့ ကျွန်တော်က ချတာပဲ မောင်းကြီးတစ်လုံးနဲ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။ တိုက်ဆိုင်သွားတာပါ။ ကျွန်တော်တို့ ရုပ်ရှင်ကို ရိုက်လာတဲ့အခါမှာ ဒီလိုမကောင်းမှုတွေ ပရိသတ်အပေါ်မှာ မဖြစ်အောင်၊ တတ်နိုင်ရင်တော့ ကောင်းမှုလေးတွေပြုအောင်ဆိုတဲ့ စေတနာလေးနဲ့ ကျွန်တော်တို့က ရုပ်ရှင်တွေကို ရိုက်လာကြတယ်။ သရုပ်ဆောင်ကြတယ်။ ဒါရိုက်တာ လုပ်လာကြတာ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့ဆရာ။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော့်ထက်ဆိုရင် မင်းသားကြီးက အများကြီး စောပြီးလုပ်တာ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့ဆရာ အသက်လည်းကြီးတော့ အရင်ရတော့တာပေါ့ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဒါပေါ့ ကျွန်တော် ဆယ်နှစ်သားလောက် ကတည်းကပေါ့လေ။ ဆယ်နှစ်သားလောက်ကတည်းက မင်းသားကြီးဟာ ဒီလောကမှာ ကျင်လည်ခဲ့ပြီးတော့ အသံတိတ်ခေတ်ကစပြီးတော့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ် အသံတိတ်ကို မီတာပေါ့။

**ကြည်စိုးထွန်း** ။ ။ အသံထွက်ခေတ်၊ အသံထွက်ခေတ်မှာလည်း မင်းသားအမျိုးမျိုး၊ မင်းသမီးအမျိုးမျိုး၊ ဒါရိုက်တာအမျိုးမျိုးနဲ့တွဲ၊ တွဲတဲ့အပြင်မှာ ကျွန်တော်တို့ထက်တောင်သာသေးတယ်။ ကျွန်တော်တို့ ကြော်ငြာသုံးလေးခုပဲ ရိုက်ဖူးတယ်။ မင်းသားကြီးက ကြော်ငြာပေါင်းများစွာ ရိုက်ဖူးတယ်။ ပြီးတော့ အောင်မြင်မှုတွေလည်း အများကြီးရ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်ဆရာ။

**ကြည်စိုးထွန်း** ။ ။ အဲဒီဟာတွေကို ဒါတွေဟာတော့ ဒါအများအတွက်။

**မင်းသားကြီးမြင့်စိုး** ။ ။ ရှိပါတယ် ဆရာ။ ကျွန်တော်တို့ ကုသိုလ်ကောင်းမှုလုပ်တာ ကြုံလို့ပြောရဦးမယ်။ သမ္မတသက်န်းတို့၊ ကြာငါးခိုင်သက်န်းတို့၊ ဂျပန်နားသန့်ဆေးတို့ဆို ဘယ်လောက်အောင်မြင်လဲ ဆရာ။

**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒါတွေက ကုသိုလ်ရတယ် ဆရာ။

**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဆေးကြော်ငြာတာ ကုသိုလ်ရတယ်။

**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ်ခင်ဗျာ။

**မင်းသားကြီးမြင့်စိုး** ။ ။ နောက် သက်န်းကြော်ငြာတာ ကုသိုလ်ရတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်မှာပဲ။ ဒါကိုယ့်အတွက်ကောင်းတဲ့ အလုပ်တွေလို့ ကိုယ့်ဟာကိုယ်သဘောထား ပီတိဖြစ်ရင်းနဲ့။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ် ပီတိဖြစ်။

**ကြည်စိုးထွန်း** ။ ။ ဒါတွေပါ ကျေနပ်ပြီးတော့ပေါ့ဗျာ ဟုတ်တယ်မှတ်လား။ ကျွန်တော်တို့ အနုပညာသည်တွေရဲ့ ဘဝဆိုတာကလည်း တကယ်တမ်းကျတော့ ကျွန်တော်တို့က သမ္ဗပ္ပလာပဝါစာပေါ့။ သမ္ဗပ္ပလာပဝါစာနဲ့က မကင်းနိုင်ကြဘူး၊ မကင်းနိုင်ကြတဲ့အခါကျတော့ ဒါလေးတွေကို လျှော့ပြီးတော့ လမ်းတည့်တည့်နဲ့ပေါ့လေ။ မကောင်းမှုလေးတွေ များများရှောင် ဒါနဲ့ပဲ ကျွန်တော်တို့က လာခဲ့ကြတာကိုး။ မင်းသားကြီးဆို။

**မင်းသားကြီးမြင့်စိုး** ။ ။ ဆရာရုပ်တည်နိုင်တဲ့ဥစ္စာ။ ဒီစိတ်ကြောင့်။

**ကြည်စိုးထွန်း** ။ ။ (ရယ်၍) ဟုတ်ပါပြီ ဟုတ်ပါပြီ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်လား။ ဒီစေတနာထားလို့ နံပါတ်တစ်စေတနာပဲ ဆရာရဲ့။

**ကြည်စိုးထွန်း** ။ ။ မှန်ပါတယ်ခင်ဗျ။

**မင်းသားကြီးမြင့်စိုး** ။ ။ အဲဒါကြောင့် ရုပ်တည်နိုင်တာ၊ အားလုံး လူကြီးတွေရော၊ လူငယ်တွေရော သာဓုခေါ်တယ်ဆရာ။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ အခုကျွန်တော့်ရဲ့ ရုပ်ရှင်စကားဝိုင်းမှာပေါ့၊ ရုပ်ရှင်စကားဝိုင်းရဲ့ရည်ရွယ်ချက်ကတော့ စောစောက ကျွန်တော်တင်ပြသလိုပေါ့။ ကျွန်တော်တို့ ဒီနေ့ ရုပ်ရှင်ရှေးကပေါ့လေ၊ ရှေးကဆိုတာ မင်းသားကြီးဆိုလည်း ကျွန်တော်တို့ရဲ့ ရှေ့ကိုအများကြီးကို။

**မင်းသားကြီးမြင့်စိုး** ။ ။ လုပ်ခဲ့ပါတယ်။

**ကြည်စိုးထွန်း** ။ ။ ရှိပါတယ်။ လှုပ်ရှားခဲ့ကြတဲ့ ဒီပုဂ္ဂိုလ်တွေရဲ့ လှုပ်ရှားမှု၊ ဒီပုဂ္ဂိုလ်တွေရဲ့ စွမ်းဆောင်မှုတွေကို ကျွန်တော်က ပြန်လည်ထုတ်ဖော်နေတာက ရုပ်ရှင်လောကသားတွေဟာဖြင့်ရင်တော့ အလဟဿ၊ လူပျင်း၊ လူညံ့၊ လူပေါ့သွပ်တွေ မဟုတ်ဘူးဆိုတာတွေလည်း သိစေချင်တာရယ်၊ နောက်ပြီးတော့ ဒီအနုပညာရပ်တစ်ရပ်ကိုလည်း ကျွန်တော်တို့မြန်မာတွေဟာ ထက်ထက်သန်သန် အားကြိုးမာန်တက် လုပ်ခဲ့ကြတယ်ဆိုတဲ့အကြောင်းရယ်။


ဒါရိုက်တာ ကြည်စိုးထွန်းက မင်းသားကြီးမြင့်စိုးအား ဂါရဝပြုလက်ဆောင် ပေးအပ်စဉ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ထဲထဲဝင်ဝင် လုပ်ခဲ့ကြတာ။

**ကြည်စိုးထွန်း** ။ ။ လုပ်ခဲ့ကြတယ်ဆိုတဲ့ အကြောင်းတွေရယ်ကို ကျွန်တော်က တင်ပြချင်လို့ ဒီရုပ်ရှင်စကားဝိုင်းလေးကို ကျွန်တော်က ဖန်တီးတာပါ ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်တယ်ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ အဲဒီလို ဖန်တီးတဲ့ ရုပ်ရှင်စကားဝိုင်းမှာ အသံတိတ်ခေတ်ကနေပြီးတော့ ကြော်ငြာခေတ်ထိအောင် တစ်ခါတည်း အသက်ရှစ်ဆယ်ကျော်တဲ့ထိအောင် လှုပ်ရှားလာခဲ့တဲ့ မင်းသားကြီးက ဒီစကားဝိုင်းကို ဒီလိုဝင်ရောက်ပြောပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ပြောခဲ့တာလည်း တော်တော်လေးအချိန်ကြာတဲ့အတွက် မင်းသားကြီးကို အထူးကျေးဇူးတင်တဲ့အကြောင်း ထပ်မံပြောပါရစေ ။

**မင်းသားကြီးမြင့်စိုး** ။ ။ ကျွန်တော်က ကျေးဇူးအထူးတင်ပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့၊ နောက်တစ်ခုက မေတ္တာရပ်ခံချင်တာက မင်းသားကြီးက ကျွန်တော်တို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပေါ့လေ။ ဂါရဝေါစ နိဝါတောစ မိမိထက် အသက်အားဖြင့်လည်းကောင်း၊ ဂုဏ်အားဖြင့်လည်းကောင်း ကြီးတဲ့ပုဂ္ဂိုလ်များကို ဒီလို သီတင်းကျွတ်အခါမှာ ကန်တော့လေ့ရှိပါတယ်။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့ဆရာ။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော် အဲဒီမှာ တာဝန်ယူကတည်းက စပြီးတော့ အသက်(၇၀) ပြည့်ရင် ကျွန်တော်တို့ အဲဒီမှာ အကန်တော့ခံပုဂ္ဂိုလ်အဖြစ် သတ်မှတ်ပြီးတော့ လုပ်ခဲ့တာ၊ အခုနောက်ပိုင်း ကျွန်တော်တို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှာ လုပ်ကိုင်နေကြတဲ့ပုဂ္ဂိုလ်တွေကလည်း ဒီဟာလေးကိုတော့ ဂရုတစိုက် အမြဲတမ်း နှစ်တိုင်းမဖြစ်ဖြစ်အောင် လုပ်ပါတယ်။ အဲဒီတော့ သိပ်လည်းမကြာတော့ပါဘူး။ နောက်နှစ်ပတ်လောက်ဆိုရင် ကျွန်တော်တို့ ကန်တော့ကြတော့မှာပါ သီတင်းကျွတ်။ အဲဒီမှာလည်း မင်းသားကြီးက ၈၁ နှစ် ရုပ်ရှင်သက်ကြီးပုဂ္ဂိုလ်အနေနဲ့ အကန်တော့ခံပါဦး၊ နောက်တစ်ခါကျတော့ သိပ်မကြာတော့ပါဘူး၊ ၁၁ နှစ်၊ ၁၂ နှစ်နေရင် ကျွန်တော်တို့ ရုပ်ရှင်ရာပြည့်တော့မယ်။ မြန်မာ့ရုပ်ရှင် ရာပြည့်တော့မယ်။ နှစ်(၁၀၀) ပြည့်ပါတော့မယ်။ အဲဒီမှာကျတော့လည်း မင်းသားကြီးတို့၊ ကျွန်တော်တို့ အတိတ်အကြောင်းပြောရင်း၊ လက်ရှိလူတွေနဲ့လည်း တပျော်တပါး တွေ့ကြုံကြပြောကြရင်းနဲ့ ပျော်ပျော်ပါးပါး ထပ်မံတွေ့ဆုံကြပါဦးစို့လို့။

**မင်းသားကြီးမြင့်စိုး** ။ ။ မီနိုင်အောင်လည်း ကျွန်တော်လည်း ဆုတောင်းပါတယ်ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ မီပါတယ် မီပါတယ် မီဦးမှာပါ။

**မင်းသားကြီးမြင့်စိုး** ။ ။ မီမှ ကျွန်တော်လည်း ကုသိုလ်ရမှာပေါ့ ဆရာရယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့။ အဲဒါတွေ့ဆုံရအောင်လို့ ပြောကြားရင်းနဲ့ ကျွန်တော်တို့ ရဲ့ ဒီနေ့ရုပ်ရှင်စကားဝိုင်းလေးကို ဒီမှာတင် နိဂုံးချုပ်လိုက်ပါပြီ။

**မင်းသားကြီးမြင့်စိုး** ။ ။ ဟုတ်ကဲ့ ကျန်းမာချမ်းသာပါစေဗျာ။

**ကြည်စိုးထွန်း** ။ ။ သာဓု သာဓု သာဓု။

# ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်းပွဲကြည့်စင်များ တည်ဆောက်မှု ၅၆ ရာခိုင်နှုန်းပြီးစီး

**ဟားခါး စက်တင်ဘာ ၂၆**

ချင်းပြည်နယ်၏ အထင်ရှားဆုံးဘောလုံးကွင်းဖြစ်သည့် ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်း၏ ပွဲကြည့်စင်များကို ၁၉၉၈ ခုနှစ် ကျောင်းသားအားကစားပွဲတော်ကျင်းပစဉ်က တည်ဆောက်ခဲ့ရာ ပျက်စီးယိုယွင်းခဲ့သဖြင့် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုဘဏ္ဍာရန်ပုံငွေကျပ် ၆၃၃ ဒသမ ၆ သန်းဖြင့် အသစ်ပြန်လည်တည်ဆောက်လျက်ရှိရာ ယနေ့အထိ လုပ်ငန်းတစ်ခုလုံး၏ ၆၅ ရာခိုင်နှုန်းပြီးစီးလျက်ရှိပြီး လာမည့် နိုဝင်ဘာလကုန်တွင် အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူးညွှန်ကြားရေးမှူး ဦးသန်းအောင်က ပြောသည်။

အဆိုပါ ပွဲကြည့်စင်များကို အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တွင် စုစုပေါင်း အလျားပေ ၄၀၀ ၊ အနံ ၄၅ ပေရှိ အဆင့် ၁၈ ဆင့်ပါ အာစီအမျိုးအစားဖြစ်ပြီး ဟားခါးမြို့ ရှန်းမိသားစုကုမ္ပဏီလီမိတက်က တာဝန်ယူကာ ပြီးခဲ့သည့် ဇန်နဝါရီ ၂၇ ရက်က စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး နိုဝင်ဘာ ၃၀ ရက်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းအရည်အသွေးပြည့်မီစေရေးနှင့် လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရှန်းမိသားစုကုမ္ပဏီက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများကလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဝမ္မသူးမောင်အားကစားကွင်း မီတာ ၄၀၀ ပြေးလမ်း အကြမ်းခင်းခြင်းအပါအဝင် လုပ်ငန်းစီမံကိန်းခြောက်ခု၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တွင် လုပ်ငန်းစီမံကိန်း ၁၇ ခု ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)


# မည်သည့်အကြောင်းပြချက်နှင့်အမျှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ




ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံခံစားရနိုင်ပါတယ်။




ငွေရေးကြေးရေးနဲ့ စီးပွားရေး အကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း၊




ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း၊




စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းအစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း၊




အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကိုပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲ ဖြစ်တယ်အစရှိတဲ့ ဂျန်ဒါတရားသေအယူအဆများကြောင့် အမျိုးသမီး အများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း၊




ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း၊




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့ပိုးထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း၊





အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီဆောင်ရွက်ပေးပါ။





အိမ်တွင်းအကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ။




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ Help Line ဖုန်း ၀၆၇– ၄၀၄၂၂၂ အပြင် ၀၆၇–၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ်အကူအညီ ရယူနိုင်ပါတယ်။




အိမ်တွင်းအကြမ်းဖက်မှုများအပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကူစားရေးအဖွဲ့(မြန်မာ)၏ Hot Line ဖုန်းနံပါတ်များ ဖြစ်သော ၀၉–၂၆၆၆၈၄၄၄၈ သို့ လည်းကောင်း၊ ၀၉–၂၆၆၆၈၄၄၄၉ သို့ လည်းကောင်း ဆက်သွယ်အကူအညီ ရယူနိုင်ပါသည်။




အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်။

## တနိုင်းမြို့နယ်အတွင်းရှိ လမ်းရေကျော်မှုများ ထပ်မံဖြစ်ပွား ယာဉ်လမ်းကြောင်းများ ယာယီပြတ်တောက်လျက်ရှိ



**တနိုင်း စက်တင်ဘာ ၂၆**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် စက်တင်ဘာ ၂၁ ရက်မှစ၍ မိုးများ အဆက်မပြတ် ရွာသွန်းမှုကြောင့် စက်တင်ဘာ၂၅ ရက် နံနက်ပိုင်းမှစ၍ နေရာတချို့၌ လမ်းသားပျက်စီးမှုများ၊ လမ်းမကြီးရေကျော်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ **(ယာပုံ)**

ယနေ့ နံနက်ပိုင်းတွင်လည်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နေရာတချို့ ရေကျဆင်းမှုမရှိဘဲ နမ္မတီး- တနိုင်း- ပန်ဆောင်လမ်း ကောင်ရာကျေးရွာအထွက် မိုင်တိုင်အမှတ် KM-120 နှင့် KM-121 ကြားတွင် အရှည်ပေ ၃၀၀၀ ခန့်၊ အနက် နှစ်ပေနှင့် သုံးပေခန့်၊ မိုင်တိုင်အမှတ် KM-123 နှင့် KM-125 ကြားတွင် အရှည်ပေ ၁၀၀၀ ခန့်၊ အနက် နှစ်ပေ ခွဲခန့် လမ်းရေကျော်မှုများ ထပ်မံဖြစ်ပွားလျက်ရှိပြီး ယာဉ်များ သွားလာ၍မရဘဲ လမ်းကြောင်း ယာယီ ပြတ်တောက်လျက်ရှိသည်။

နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း လီဒိုလမ်းမကြီး မိုင်တိုင်အမှတ် KM-123 နှင့် KM-125+500 ကြားတွင် အရှည်ပေ ၆၅၀၀ ခန့်၊ အနက် နှစ်ပေ ခွဲခန့် ထပ်မံ၍ လမ်းရေကျော်မှု ဖြစ်ပေါ်လျက်ရှိပြီး လမ်းကြောင်းများ ပြတ်တောက်နေကြောင်း သိရသည်။

**ဝါဝါ(ပြန်/ဆက်)**

## ချီဖွေမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းဘေးမြေစာများ ပြိုကျမှုများနှင့် မြို့ပေါ်ရပ်ကွက်အတွင်း အုတ်နံရံပြိုကျပျက်စီးမှုဖြစ်

**ချီဖွေ စက်တင်ဘာ ၂၆**

ကချင်ပြည်နယ် ချီဖွေ-မြစ်ကြီးနားကားလမ်း ချီဖွေမြို့မှ သုံးမိုင်ခန့် အကွာတွင် စက်တင်ဘာ ၂၄ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စက်တင်ဘာ၂၆ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် လမ်းဘေးမြေစာများ ပြိုကျမှုဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းဘေးမြေစာများ ပြိုကျမှုဖြစ်ရာသို့ မြို့နယ်လမ်းဦးစီးဌာနLoaderယာဉ်တစ်စီးဖြင့် ရှင်းလင်းဆောင်ရွက်နေစဉ် မိုးသည်းထန်စွာ ဆက်လက်ရွာနေ၍ ထပ်မံပြိုကျလာနိုင်ဖွယ်ရှိသဖြင့် မြေစာရှင်းလင်းမှုအား ရပ်နားခဲ့ရပြီး မိုးရွာသွန်းမှု ရပ်စဲချိန်မှသာ ဆက်လက် ရှင်းလင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးရုံးမှ သိရသည်။

အလားတူ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချီဖွေမြို့ပေါ် ရစ်လောခေါင်ရပ်ကွက်အတွင်း နံနက် ၁၀ နာရီခန့်က ဦးခေါင်ဂျုံးနေအိမ်ပေါ်သို့ အမြင့်ပေ ၈၀ ခန့်ရှိသည့် မြေကမ်းပါးပြိုကျမှုကြောင့် အကျယ် ၁၀ ပေ၊ အမြင့်ကိုးပေ အုတ်နံရံ ထပ်မံပြိုကျခဲ့ပြီး အရှည်ပေ ၃၀ သွပ်မိုး အဖီ ပြိုကျ ပျက်စီးခဲ့သည်။



လက်ရှိတွင် အုတ်နံရံပြိုကျအိမ်နေရာအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းစိုးစံနှင့်ဝန်ထမ်းများ၊ မြို့မရဲစခန်းမှူး ဒုရဲအုပ် နိုင်ထွန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်ဒုတိယဦးစီးမှူး ဦးအောင်ဖြိုးဝေနှင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ များက မြေစာရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ချီဖွေမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချီဖွေ-ပန်ဝါလမ်း၊ ချီဖွေမြို့နှင့် ခြောက်ဖာလုံ ခန့်အကွာတွင် တောင်ကမ်းပါးပြိုကျမှု ထပ်မံဖြစ်ရာ လမ်းအရှည်ပေ ၅၀၊ အမြင့်၁၅ပေခန့်ရှိမြေစာများလမ်းပေါ် ပိတ်ဆို့မှုဖြစ်၍ လက်ရှိအချိန်တွင် ယာဉ်သွားလမ်း ယာယီပြတ်တောက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဥရုချောင်းရေမြင့်တက်မှုကြောင့် ဖားကန့်၌ နေအိမ်များရေဝင်

**ဖားကန့် စက်တင်ဘာ ၂၆**

ကချင်ပြည်နယ် ဖားကန့်မြို့၌ စက်တင်ဘာ ၂၅ ရက်က ဥရုချောင်းဖျား ကံဆီးဒေသတွင် မိုးသည်းခဲ့သည့်အတွက် ဖားကန့်မြို့ပေါ် အနိမ့်ပိုင်း ရပ်ကွက်မှ နေအိမ်အချို့ ချောင်းရေဝင်မှုရှိခဲ့ပြီး ယနေ့အထိ ရေပြန်မကျနိုင်သေးသည့်အခြေအနေတွင် သွားလာရခက်ခဲနေသည့် ရေဘေးသင့်ပြည်သူများအား အိမ်တိုင်ရာရောက် ထမင်းဘူး ဝေငှပေးရန် ကွန်းဖောင်ဒေးရှင်းက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဖားကန့်၌ မိုးတွင်းကာလတွင် ဥရုချောင်းဖျားမှ မိုးသည်းတိုင်း မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များအတွင်း ချောင်းရေဝင်လေ့ရှိပြီး ချောင်းရေဝင်သည့်အချိန်တိုင်း သွားလာရခက်ခဲသည့် ပြည်သူများအတွက် ကွန်းဖောင်ဒေးရှင်းက ထမင်းဘူး ဝေငှလေ့ရှိရာ ယနေ့တွင် ထမင်းဘူးနှင့် ရေသန့်ဘူးများ လှူနှစ်ထောင်စာအတွက် နံနက်စာနှင့် ညနေစာကို ပြင်ဆင်ထားကြောင်း သိရသည်။ လက်ရှိတွင် ဥရုချောင်းနှင့် ကပ်လျက်ရှိသည့် ၄က်ပျောတောရပ်ကွက်နှင့် မြို့မရပ်ကွက်တို့တွင် ဥရုချောင်းရေ နှစ်ပေခန့် ကျန်ရှိနေကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

## ပန်နန်းဒင်မြို့တွင် မိုးရွာသွန်းပြီး ချောင်းရေတိုက်စားမှုများကြောင့် လမ်း ၂၇ နေရာခန့်နှင့် တံတားနှစ်စင်းပျက်စီး

**ပန်နန်းဒင် စက်တင်ဘာ ၂၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပန်နန်းဒင်မြို့တွင် စက်တင်ဘာ ၂၃ ရက်မှစ၍ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နောင်မွန်မြို့နယ်နှင့် ပန်နန်းဒင်မြို့သို့ ဆက်သွယ်ထားသော လမ်းပိုင်းနေရာများတွင် တောင်ကျချောင်းရေများ မြင့်တက်လာရာ ချောင်းရေတိုက်စားမှုများကြောင့် ကြိုးတံတား နှစ်စင်းနှင့် လမ်းပိုင်း ၂၇ နေရာခန့် ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါတောင်ပြိုကျမှုများ၊ လမ်းများပျက်စီးမှုများကြောင့် ခရီးသွားလာသူများ အခက်အခဲဖြစ်နေသည်။ ပျက်စီးသွားသော နေရာများသို့ ပန်နန်းဒင်မြို့အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းနှင့် အဖွဲ့များက စက်တင်ဘာ ၂၅ ရက်တွင် လိုက်လံကြည့်ရှုစစ်ဆေးပြီး ပျက်စီးသွားသည့် လမ်းနှင့် တံတားများအား လမ်းဦးစီးဌာနမှ ဦးဒါဝိနှင့် အဖွဲ့သားများက လိုက်လံပြုပြင်ရှင်းလင်းမှုများ ဆောင်ရွက်နေကြောင်း မြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

**နောယော်ဘော်**
**(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းမတပ်သူများကို အရေးယူသွားမည်

**ရေတာရှည် စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်နိုင်ရန် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိဘဲ သွားလာသူများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီမြို့များတွင် အသံချဲ့စက်များဖြင့်လှည့်လည်၍ အသိပေးကြေညာသည်။

ကြေညာချက်များတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ရောဂါကာကွယ်ရေးအတွက် အသိပေးနှိုးဆော်ချက်များ၊ ရောဂါကူးစက်ခံရသူ၊ သေဆုံးမှုများပါဝင်ပြီး အပြင်ထွက်၍ ခရီးသွားလာကြသူများအား မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ကြရန်နှင့် ပြည်ပနိုင်ငံများ၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြန်လည်ရောက်ရှိသူများရှိပါက သက်ဆိုင်ရာ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးမှူးတို့ထံ အမြန်ဆုံးသတင်းပို့ရန်တို့ ပါဝင်သည်။

ရေတာရှည်မြို့နယ် ဆွာမြို့စောင့်ကြည့်ရေးစခန်းတွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦး စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ပိုးတွေ့ရှိကြောင်း သိရှိရပြီးနောက် နေရာဒေသအနှံ့အပြားတွင် အသွားအလာနည်းပါးသွားကြောင်း သိရသည်။

**သန်းလွင်**

### ■ ကျောဖုံးမှ

အသီးသီးတွင် ပြည့်တန်ဆာအိမ်နှစ်အိမ်၊ တရားမဝင် ကေတီဗွီဆိုင် တစ်ဆိုင်တို့မှ ပိုင်ရှင်၊ မန်နေဂျာ၊ လုပ်ကိုင်သူ တရားခံအမျိုးသား ရှစ်ဦး၊ အမျိုးသမီး ၁၈ ဦး၊ စုစုပေါင်း ၂၆ ဦးအား လည်းကောင်း၊ ညမထွက်ရ အချိန်ကျော်လွန်အကြောင်းမဲ့သွားလာသူများကို စိစစ်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ ၁၈၈ ဖြင့် အရေးယူခဲ့ရသည့် အမှုပေါင်း ၇၃ မှုနှင့် ကျူးလွန်သူ အမျိုးသား ၁၄၁ ဦး၊ အမျိုးသမီး ၈ ဦး၊ စုစုပေါင်း ၁၄၉ ဦးကို လည်းကောင်း၊ နှာခေါင်းစည်းမတပ်ဆင်ဘဲ သွားလာသူများကို ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ-၁၅ ဖြင့် အရေးယူခဲ့သည့် အမှုပေါင်း ၃၀၄ မှုနှင့် ကျူးလွန်သူ အမျိုးသား ၂၇၂ ဦး၊ အမျိုးသမီး ၇၈ ဦး၊ စုစုပေါင်း ၃၅၀ ကို လည်းကောင်း အရေးယူဆောင်ရွက်ခဲ့ရသည်။

နှာခေါင်းစည်းမတပ်ဆင်ဘဲသွားလာမှုကြောင့် အရေးယူရသည့်အမှုများ လျော့ကျသွားခြင်းမရှိဘဲ ယခင်အပတ်ကထက် တိုးလာသဖြင့် ပြည်သူလူထုအနေဖြင့် အသိ/သတိရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် COVID-19 ရောဂါကာကွယ်ရေးသတ်မှတ်စည်းကမ်းချက်များကို အလေးထား လိုက်နာဆောင်ရွက်ကြပါရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**

## မဘိမ်းနှင့် သိန္နီမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၆**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီခွဲက မဘိမ်းမြို့နယ် စီပိန်းကျေးရွာအနီး စီပိန်း- ပင်ကြိမ်ကားလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ နေဝင်းထိုက်နှင့် မစိုးစိုးအောင်တို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၅ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သိန္နီမြို့နယ် ပန်စုံကျေးရွာအနီး မူဆယ်-မန္တလေးကားလမ်းတွင် တုံပေါက်ဟန်(ခ)စိန်လှိုင်မောင်းနှင်လာသော ခြောက်ဘီးယာဉ်အား ရပ်တန့်ရှာဖွေရာ Acetic Anhydride Acid ၁၅၀၀ လီတာ၊ Dichloromethane ၂၆၄၀ လီတာ၊ Theophylline ၉၇၅ ကီလိုနှင့် မြန်မာငွေကျပ် ၃၀၀၀၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ ဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၁၄ စီး၊ သွင်းကုန် ၃၂၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၀၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၅ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၁၈၀ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် Soy Milk(Lactasoy) တစ်ပါကင် ၃၆ ဘူးပါ ပါကင် ၂၀ (20Pkgs) ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၁-၉-၂၀၂၀** ရက်နေ့မှ စတင်၍ **၅-၁၂-၂၀၂၀** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူအကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ဖြေဆိုကြရမည်ဖြစ်ပြီး ဖြေဆိုရမည့်နေ့ရက်အချိန်အား ထပ်မံထုတ်ပြန်ပေးမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-**ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင်ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင်**ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့်တိုင်းစစ်ဌာနချုပ်များတွင်စုံစမ်းမေးမြန်းနိုင်ပါသည်။

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၂)ရေနံချက်စက်ရုံ (ချောက်)မှ ဖယောင်းတိုင် ၃၈၃ သေတ္တာ(သေတ္တာသုံးရာရှစ်ဆယ်သုံးတိတိ)အား ၂၇-၁၀-၂၀၂၀ ရက် ၁၃:၀၀နာရီတွင် တင်ဒါပိတ်ပြီး ယင်းနေ့ ၁၄:၀၀နာရီတွင် တင်ဒါဖွင့်လှစ် ရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လ ကြိုတင်၍ ဤလုပ်ငန်း ရုံးချုပ်(ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## ချင်းပြည်နယ်ပညာရေးမှူးရုံး
## ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အစိုးရအဖွဲ့-ဟားခါးမြို့၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး)ခွင့်ပြုရန်ပုံငွေမှ ချင်းပြည်နယ် အတွင်းရှိ အခြေခံပညာကျောင်း/ရုံး (၁၀၉)၏ ကျောင်းဆောင်နှင့် ရုံးအဆောက် အအုံသစ်များ ဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများ အား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၁၀-၂၀၂၀ရက် (ရုံးချိန်)
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၄-၁၀-၂၀၂၀ရက် (ရုံးချိန်) (သန်း-၁၀၀အောက်)
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၈-၁၀-၂၀၂၀ရက် (ရုံးချိန်) (သန်း-၁၀၀အထက်)
**တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်ပညာရေးမှူးရုံး၊ ချင်းပြည်နယ်-ဟားခါးမြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

ချင်းပြည်နယ်ပညာရေးမှူးရုံး-ဟားခါးမြို့၊ ဖုန်း-၀၉-၂၆၅၂၄၅၆၅၅၊ ၀၉-၂၅၉၀၄၅၂၉၀

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မုံရွာ)
## တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်မြင့်ပညာဦးစီးဌာန၊နည်းပညာ တက္ကသိုလ်(မုံရွာ)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက် ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါ သည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁။ | နည်းပညာတက္ကသိုလ် (မုံရွာ) | ၄ခန်းတွဲ ၄ ထပ် ဆရာ/မဆောင် RC (၁၀၀'x၃၀')၊ အဆောင်အဝင်လမ်း (၁၀၀'x၁၂'x၈")၊ပြင်ပရေ(၄လက်မ အဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5HP Submersible Pump နှင့် အဆောက် အအုံ)၊ ပြင်ပမီးသွယ်တန်းခြင်းအပါအဝင် (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း |
| ၂။ | နည်းပညာတက္ကသိုလ် (မုံရွာ) | ဘက်စုံသုံးအားကစားခန်းမ(၁၂၀'x၈၈'x၂၇') (ရေမီးအပါအဝင်)၊အဝင်လမ်း(၁၀၀'x၁၂'x၈") ဆောက်လုပ်ခြင်းလုပ်ငန်း Steel Structure |
| ၃။ | နည်းပညာတက္ကသိုလ် (မုံရွာ) အဝင်) | အလုပ်ရုံ(၁၂၅'x၆၀')Mazzanine Floor အပါအဝင် (၉၆၀၀ စ/ပေ)၊အဝင်လမ်း(၁၀၀'x၁၂'x၈")၊ပြင်ပ မီးသွယ်တန်းခြင်းအပါအဝင် (၁)လုံး ဆောက်လုပ် ခြင်း လုပ်ငန်း |
| ၄။ | နည်းပညာတက္ကသိုလ် (မုံရွာ) | ၁၆၀ဦးဆံ့ ကျောင်းသား/ကျောင်းသူအိပ်ဆောင် (၂)ထပ်RC(၂၁၂'x၁၃၂')(၂၆၉၂၄ စ/ပေ)(၁)လုံးနှင့် ထမင်းစားဆောင်(၁၂၂'x၄၈')(၅၈၅၆ စ/ပေ) (ရေမီးအပါအဝင်)၊အဆောင်အဝင်လမ်း (၂၀၀'x၁၂'x၈")၊ပြင်ပရေ(၄လက်မ အဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5HP Submersible Pump နှင့် အဆောက် အအုံ)၊ ပြင်ပမီးသွယ်တန်းခြင်း အပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၁-၁၀-၂၀၂၀ ရက် ရုံးချိန်မှစ၍ နည်းပညာတက္ကသိုလ် (မုံရွာ)တွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃-၁၁-၂၀၂၀ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်သည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါ အာမခံကြေးကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်တွင် PO (Payment Order) ပေးသွင်းနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ဤတက္ကသိုလ် ဘဏ္ဍာရေးဌာနတွင် ဆောင်ရွက်ပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှ တ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။ PO(Payment Order) မူရင်းကို ဤတက္ကသိုလ် ဘဏ္ဍာရေးဌာနသို့ အပ်နှံရမည်။မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအလိုက် အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ နည်းပညာတက္ကသိုလ် (မုံရွာ)ဖြစ်ပါသည်။

၅။ တင်ဒါဖွင့်ဖောက်မည့် ရက်၊အချိန်နှင့် နေရာများကို ထပ်မံအကြောင်းကြား မည်ဖြစ်ပါသည်။

၆။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက နည်းပညာတက္ကသိုလ် (မုံရွာ) ဘဏ္ဍာဌာန ဖုန်း-၀၉-၉၇၆၆၉၂၂၇၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(မုံရွာ)**

## လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်
## တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်/အချိန်** - ၂၅-၉-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်ထိ ရုံးချိန်အတွင်း
**တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၂၂-၁၀-၂၀၂၀ ရက်မှ ၂၃-၁၀-၂၀၂၀ ရက်ထိ ရုံးချိန်အတွင်း
**တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** - ထပ်မံကြေညာပါမည်
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖုန်း-၀၉-၄၂၂၁၉၀၀၃၆၊ ၀၉-၇၉၂၃၂၀၀၉၅

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ခန္တီး)၊ အစိုးရနည်းပညာအထက် တန်းကျောင်း (ခန္တီး) တို့တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | | လုပ်ငန်းအမည် |
|---|---|---|---|
| ၁။ | အစိုးရစက်မှုလက်မှုသိပ္ပံ(ခန္တီး) | ၁။ | ကျောင်းသား/သူဆောင် (၁၁၃'x၄၈') (၂)ထပ်(၁)လုံး။ |
| | | ၂။ | (၁၃၂'x၄၅') (၆)ခန်းတွဲ(၂)ထပ် သံကူ ကွန်ကရစ် ဝန်ထမ်းအိမ်ရာ (၁)လုံး။ |
| ၂။ | အစိုးရနည်းပညာ အထက်တန်းကျောင်း (ခန္တီး) | ၁။ | ကျောင်းသား/ သူဆောင်(၁၁၃'x၄၈') (၂)ထပ် (၁)လုံး။ |
| | | ၂။ | ဝန်ထမ်းအိမ်ရာ (၇၈'x၉၄')(၂)ထပ် RC(၄)ခန်းတွဲ (၁)လုံး။ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၁၀-၂၀၂၀ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီးအိတ်ဖွင့်တင်ဒါများကို (၂၉-၁၀-၂၀၂၀)ရက်ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ)တွင် တင်ဒါများ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်း အတွက် သတ်မှတ်တင်ဒါ အာမခံကြေးကို ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်များတွင် ကျသင့်ငွေပေးသွင်းပြီး အစိုးရနည်းပညာအထက်တန်းကျောင်း (မုံရွာ) ဘဏ္ဍာရေးဌာနတွင် ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါ ပုံစံနှင့်အတူ တင်သွင်းရမည်။လုပ်ငန်းတစ်ခုထက် ပိုမို၍တင်ဒါတင်ခွင့်လိုပါက မိမိ တင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအားလုံးအတွက် တင်ဒါအာမခံကြေးကို ပေးသွင်းပြီးသတ်မှတ် အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်းတင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ၊စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက် များကို ရုံးချိန်အတွင်း ဖုန်း၀၉-၂၅၆၀၆၆၆၂၈ နှင့်၀၉-၇၉၄၄၀၀၆၄၇တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
**မုံရွာမြို့**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၃၉၈/၃ဘီ)ရှိ ကုမ္ပဏီမှတ်ပုံတင် အမှတ်-၁၀၉၅၈၉၀၁၂ ဖြင့် မှတ်ပုံတင် ရရှိထားသော PETRO TECH COMPANY LIMITED မှ ဝန်ထမ်းဖြစ်သူ ဦးအောင်ကိုကိုလင်း (ဘ)ဦးအောင်သန်း ၉/မရတ(နိုင်)၁၂၀၅၄၀ သည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၎င်းတို့၏ ကုမ္ပဏီမူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ် (၄/၇၈၂၀/၂၀၂၀)ဖြင့် (၃၀-၇-၂၀၂၀)ရက်တွင် တရားဝင်မှတ်ပုံတင်သွင်း၍ မြွက်ဟကြေညာပြီးဖြစ်ပါသည်။

PETRO CARE

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား "PETRO CARE" အမည်ဖြင့် MASK အမျိုးမျိုးတို့ကိုထုတ်လုပ်၍ မိမိတို့၏ကုန်အမှတ်တံဆိပ်နှင့် စပ်လျဉ်းပတ်သက်သည့် ကိစ္စများပေါ်တွင် ၎င်းကုန်အမှတ်တံဆိပ် အမည်အမှတ် အသားကို အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်ပြီးရန်ကုန်မြို့ နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချိရောင်းချ သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို အထက်ပါကုန်အမှတ်တံဆိပ်များကို ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေပုံတူပုံမှား၊ ထင်ယောင် ထင်မှား၊ ဆင်တူယိုးမှားပြုလုပ်၍ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ကြရန်နှင့် ပြုလုပ်သည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၎င်းအမှတ်တံဆိပ်အမည်အမှတ်အသား ဖြင့်(အမည်တူ) ကန့်ကွက်လိုပါက သတင်းစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(စဉ်-၃၄၇၈၂) အထက်တန်းရှေ့နေ**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊**
**(၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ၊ရန်ကုန်**
**09-5401048၊09-965401048**

## လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်
## တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်/အချိန်** - ၂၈-၉-၂၀၂၀ ရက်မှ ၂၃-၁၀-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း
**တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၂၆-၁၀-၂၀၂၀ ရက်မှ ၂၇-၁၀-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း
**တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** - ထပ်မံကြေညာပါမည်
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၄၂၂၁၉၀၀၃၆၊ ၀၉-၇၉၂၃၂၀၀၉၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်း-၂၈၊ ဝန်ထမ်းကြီး အိမ်ရာ၊ မြေကွက်အမှတ်(၁၈+၁၉)၊ ဦးညီညီထွန်း-ဒေါ်ဆွေဇင်ကျော်အမည်ပေါက် မြေငှားဂရန် မြေအကျယ်(၆၀x၈၀)ပေရှိ မြေကွက်လွတ်နှစ်ကွက်ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးညီညီထွန်း ၇/ပမန(နိုင်)၀၀၀၉၀၉ နှင့်ဇနီးဒေါ်ဆွေဇင်ကျော် ၇/ပမန(နိုင်) ၀၀၁၃၀၅ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြင့်ဇော် ၁၂/ပဘတ(နိုင်)၀၁၇၄၈၂ က ဝယ်ယူ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ ယနေ့မှစ၍ ခုနစ်ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအောင်သိန်း** | **ဒေါ်ခင်ဖုန်း** | **ဒေါ်ညိုမာထွေး** |
| **(စဉ်-၂၂၀၁၉)** | **(စဉ်-၄၄၉၃၅)** | **(စဉ်-၁၄၆၇၂)** |

**(အထက်တန်းရှေ့နေများ) တရားလွှတ်တော်ရှေ့နေ**
**တိုက်(၁)၊အခန်း(၁၀၁)၊ဗိုလ်အောင်ကျော်အိမ်ရာ၊(၇)ရပ်ကွက်၊**
**လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉-၅၁၈၆၇၉၈**

## အများသိစေရန် ကြေညာချက်

ရွှေညောင်မြို့၊ နန်းသိင်္ဂီလမ်း၊ အမှတ် (၁၆၅)၊ လှိုင်ဘုံသာ (၃)နေ ဦးခင် မောင်စော ၁၃/တကန(နိုင်)၀၃၄၉၄၈၏ လွှဲအပ်ညွှန်ကြားချက်အရ အကြောင်းကြား သိစေလိုသည်မှာ-

မိဘနှစ်ပါးဖြစ်သော အဖ ဦးသန်းညွန့်၊ အမိ ဒေါ်ကြည် မကွယ်လွန်ခင် အိမ်အမှတ် (၂)၊ လှိုင်ဘုံသာ (၃)၊ ရွှေညောင်မြို့တွင် နေထိုင်ပြီး သားသမီး ရှစ်ဦး မွေးဖွားခဲ့ပါသည်။ မိဘနှစ်ပါးဆုံးသွားခဲ့ပြီး လက်ရှိ မစောသီတာ နေထိုင်လျက်ရှိသည့် အိမ်ခြံဝင်းနှင့် နှစ်ထပ်အိမ်တစ်လုံးမှာ မိသားစုအမွေပစ္စည်းအဖြစ် ကျန်ရှိလျက်ရှိ ပေသည်။ မိဘနှစ်ပါး၏ အမွေပစ္စည်းအဖြစ် ကျန်ရှိလျက်ရှိသော အဆိုပါခြံဝင်းအား ကျွန်တော်တို့မောင်နှမများမှ မိဘများကွယ်လွန်ပြီးသည့် အချိန်မှစ၍ ယခုအချိန်အထိ အမွေခွဲဝေရခြင်းမျိုးမရှိသည့်အတွက် မိဘနှစ်ပါးကျန်ရှိခဲ့သော အဆိုပါအိမ်ခြံဝင်းကို မစောသီတာမှ ကျန်မောင်နှမ ခုနစ်ဦးသိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ဂရန်လျှောက်ထားခြင်းနှင့် ပုံစံ (၁၀၅)၊ (၁၀၆) ရေးကူးဆောင်ရွက်ခြင်းများအား ပြုလုပ်ခွင့်မရှိကြောင်း၊ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားပါရန် တစ်ပါတည်းလွှဲအပ်ညွှန်ကြားထားပြီးဖြစ် ပါကြောင်း အသိပေးကြေညာလိုက်ရပါသည်။

၎င်းကြော်ငြာနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးခင်မောင်စော** | **ဒေါ်အိသီရိမွန် (LL.B/D.B.L)** |
| **၁၃/တကန(နိုင်)၀၃၄၉၄၈** | **အထက်တန်းရှေ့နေ (စဉ်-၂၅၉၀၈)** |
| | **ဖုန်း-၀၉-၂၅၄၉၆၄၆၈၂** |
| | **အမှတ်(၁၃/၁၁၉)၊ ရတနာလမ်း၊** |
| | **သုခချမ်းသာ (၁)၊ ရွှေညောင်မြို့** |

## ကရင်ပြည်နယ်အစိုးရအဖွဲ့
## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
## ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြည်နယ်စည်ပင်သာယာအဖွဲ့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံး စရိတ် ရန်ပုံငွေဖြင့် လမ်း၊ တံတား၊ အဆောက်အဦလုပ်ငန်းများနှင့် ယာဉ်စက်ယန္တရား များ ဝယ်ယူခြင်းလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာ နိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါ သည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၈-၉-၂၀၂၀ ရက်မှ ၉-၁၀-၂၀၂၀ ရက်အထိ (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာတင်သွင်းရမည့် ရက်/အချိန်** - ၁၉-၁၀-၂၀၂၀ ရက် (ရုံးချိန်အတွင်း)
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ၂၂-၁၀-၂၀၂၀ ရက် နံနက် ၁၀:၀၀နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ သံလွင်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
ဖုန်း-၀၅၈-၂၁၆၈၃၊ ၀၅၈-၂၁၆၈၄၊ ၀၉-၄၄၉၂၅၂၂၈၄၊ ၀၉-၂၅၅၉၂၆၇၁၁

## အိမ်တိုင်ရာရောက် ကျန်းမာရေးပြုစုစောင့်ရှောက်မှု

အိမ်(သို့)ဆေးရုံတွင် ပြုစုစောင့်ရှောက် ရန်လိုအပ်သော ကလေး၊ သက်ကြီးရွယ်အိုနှင့် နာမကျန်းသူများအတွက် အချိန်တို(သို့) အချိန်ပြည့် ဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။

Care Support Clover Co.,Ltd
Ph;09-250234108,09-790635964

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကလောမြို့နယ်၊ ဟဲဟိုးမြို့ အမက(၅)မှ မူလတန်းပြဆရာမ ဒေါ်သဲစုဝင်း ၁၃/ကလန (နိုင်)၀၇၄၀၅၀၈၊ဖခင် ဦးကျော်ခိုင်နှင့် ဦးစိုးဝင်း ၁၂/လကန(နိုင်) ၀၃၀၄၅၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

အုတ်ဖိုမြို့နယ်၊ အထက ဂုံညင်းတန်းမှ ဆရာမဒေါ်မြင့်မြင့်၏ အမှုထမ်းစာအုပ် ပါ ဒေါ်မြင့်မြင့်နှင့် နိုင်ငံသားစိစစ်ရေး ကတ် ၇/အဖန(နိုင်)၀၀၁၉၈၉ပါ ဒေါ်မြင့်မြင့်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မိုးမောက်မြို့၊ ကြေးနန်းရပ်ကွက် အကွက်အမှတ်(၆၁)၊ဦးပိုင်အမှတ်(၁၄)၊ မြေဧရိယာ (၀ဒသမ ၄၆၈)ဧကရှိ မြေကွက်ကို ဦးဇိန်ထုံးတူးမှ မြေငှား ဂရန်အသစ် လာရောက်လျှောက်ထားရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ် နည်းအရ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**ဦးဇိန်ထုံးတူး**
**ကြေးနန်းရပ်ကွက်၊မိုးမောက်မြို့**

## ကန့်ကွက်နိုင်ကြောင်း

မိုးကုတ်မြို့၊ မင်းတံတားရပ်ကွက်၊ ကွင်း/အကွက်အမှတ်-ပြင်/မင်းတံတား ကွက်အသစ်အနောက်(၁)၊ မြေကွက် အမှတ်-၃၂၊ ဧရိယာ၀ဒသမ ၀၅၆ဧကရှိ မြေကွက်အား ဒေါ်ခိုင်မာဦးမှ အမည် ပြောင်း၊ ဂရန်သစ် လျှောက်ထားမည် ဖြစ်၍ ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ဤရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် သူမရှိပါက မြေယာဥပဒေနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးစီး အောင် ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိုးကုတ်မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

ကြီးမြန်
သစ်ပင်
စိုက်ပျိုးလျှင်
စွမ်းအင်
လည်းရ
ပြည်လည်း
လှ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးစိုင်းအောင်ထွန်း(သီပေါ) အသက် (၈၉)နှစ်

ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုနာယက
နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)
မြန်မာ့သမိုင်းအဖွဲ့၊ ဒု-ဥက္ကဋ္ဌ (ငြိမ်း)
နိုင်ငံခြားဘာသာသိပ္ပံကျောင်းအုပ်ကြီး(ငြိမ်း)
မြစ်ကြီးနားကောလိပ်ကျောင်းအုပ်ကြီး(ငြိမ်း)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အင်ကြင်းမြိုင်လမ်းသွယ် (၅)၊ အမှတ် ၃၃ နေ ဒေါ်နန်းနွံ [ကျောင်းအုပ်ဆရာမကြီး၊ အထက (၂) လသာ (ငြိမ်း)၊ အထက(၂) ကမာရွတ် (ငြိမ်း)]၏ချစ်လှစွာသောခင်ပွန်း၊ ကျောက်မဲမြို့နေ ဦးစိုင်းကြာပွင့်-(ဒေါ်နန်းဝါနု)၊ မိုးနဲမြို့နေ (ဦးစိုင်းကော်ခမ်း-ဒေါ်နန်းမွမ်း)၊ သီပေါမြို့နေ ဦးဂျင်မီကျော်ညွန့်-ဒေါ်နန်းငွေကြာတို့၏ အစ်ကိုကြီး၊ တူ၊ တူမ ၁၃ ယောက်တို့၏ဘကြီးသည် ၂၅-၉-၂၀၂၀ရက် နံနက် ၅:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၂၀ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသိန်းဝင်း (Harold Win Mg)

(M.E.H.S) အထက (၁)ဒဂုံ

အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အခန်း (၂၄)၊ တိုက် (၁၉)၊ ရွှေအုန်းပင်အိမ်ရာနေ (ဦးဝင်းမောင်-ဒေါ်တင်တင်မြ)တို့၏သား၊ ဒေါ်အုန်းရီ၏ခင်ပွန်း၊ ဒေါ်တင်ထွေးရီ၏ခဲအို၊ စိုင်းဆွေသိန်း-ဒေါ်အေးအေးစိုး၊ စောမာလာ၊ စိုင်းနွယ်သိန်း-ဒေါ်သင်းမို့မို့လင်း၊ ဦးငြိမ်းချမ်း-ဒေါ်ငြိမ်းငြိမ်းငယ် တို့၏ဖခင်၊ ဒေါ်ခိုင်ခိုင်ဝင်း၊ ဒေါ်မြိုင်မြိုင်ဝင်း၊ ဦးအောင်မော်ဝင်း၊ ဦးသက်ဝင်းတို့၏ အစ်ကိုကြီး၊ မကြယ်စင် လင်း၏အဘိုးသည် ၂၆-၉-၂၀၂၀ရက် မွန်းလွဲ ၁၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၂၀ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသု သာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂-၁၀-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာအရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီမိုဟာမက်အီစမိုင်(ခ)ဦးခင်မောင်အေး

(ယူနီဗာဆယ်မျက်မှန်)

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၂၆၃၊ ၂၆၅)၊ ရွှေဘုံသာလမ်းနေ ဟာဂျီအဗ္ဗဒူလ်ဂနီ(ခ)ဟာဂျီဦးမောင်အေး (မောင်အေးမျက်မှန်)-(ဟာဂျီမဒေါ်အိုင်ရှာ)တို့၏ချစ်လှစွာသောသား၊ ဟာဂျီဦးယာဆင်(ခ)ဦးမြင့်လွင်(ယာဆင်မျက်မှန်)၊ ဟာဂျီမဒေါ်ခင် မာလာ(ခ)ဒေါ်ဘီလ်ကစ်တို့၏သားသမက်၊ ဟာဂျီဦးမောင်ငယ် (မောင်အေးနှင့်သားမျက်မှန်)၏ညီ၊ ဟာဂျီမဒေါ်ခင်လှလှမြင့်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ရှိန်းဝေယံ၊ မောင်ဟိန်းဝေယံ၊ မောင်ခန့်ဝေယံ တို့၏ချစ်လှစွာသောဖခင်သည် ၂၅-၉-၂၀၂၀ရက် (သောကြာနေ့) ည ၁၀:၂၀ နာရီတွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(COVID-19 ကာလဖြစ်ပါသဖြင့် အားလုံးကို နားလည်ခွင့်လွှတ်အပ်ပါသည်။)

ကျန်ရစ်သူမိသားစု

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီ မရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ် ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## ဆရာကြီး ဒေါက်တာစိုင်းအောင်ထွန်း

အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ အင်ကြင်းမြိုင်လမ်းသွယ်(၅)၊ အမှတ် (၃၃)နေ ဒေါ်နန်းနွံ(အငြိမ်းစားကျောင်းအုပ်ဆရာမကြီး)၏ ချစ်လှစွာသောခင်ပွန်း ဆရာကြီး ဒေါက်တာစိုင်းအောင်ထွန်းသည် ၂၅-၉-၂၀၂၀ရက် နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

စိုင်းပန်းဆိုင်-ဒေါက်တာ စွဲ့ညိုညိုအောင်
မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုင်းအောင်ထွန်း(သီပေါ)

နိုင်ငံတော်ကောင်စီဝင်၊
မြန်မာသမိုင်းအဖွဲ့ဒု-ဥက္ကဋ္ဌ၊ မြစ်ကြီးနားတက္ကသိုလ်နှင့်
ရန်ကုန်နိုင်ငံခြားဘာသာသင်ကောလိပ်ကျောင်းအုပ်ကြီး(ငြိမ်း)
အသက် (၈၉)နှစ်

မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ သမိုင်းဘာသာရပ်အဖွဲ့မှ ပညာရှင်ဆရာကြီး ဒေါက်တာ ဦးစိုင်းအောင်ထွန်းသည် ၂၅-၉-၂၀၂၀ရက် (သောကြာနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့

## ဦးရဲမြင့် အသက် (၇၄)နှစ်

(ခတ်ခွဲကျွမ်းကျင်သူ)
ရဲရဲဝင့်ကောင်(လက်ပံတန်း)

ရန်ကုန်မြို့၊ အမှတ် (၁၈၇)၊ ၃၃လမ်း(ထက်) (ဒု)ထပ်နေ ဒေါ်နီနီမြင့် (ဆေးဝါးကျွမ်းကျင်သူ)ဥက္ကဋ္ဌ (ဆေးဝါးပညာရှင်များသမဝါယမအသင်း)၏ခင်ပွန်း၊ [ကျော်သက်(သရုပ်ဆောင်)]၊ မောင်စိုင်းလူလူ-မဖြူဖြူဟာန်တို့၏ဖခင်၊ ဇင်ရဲလူ၊ ဟိန်းရဲသူ၊ ချိုသူဇင်တို့၏အဘိုးသည် ၂၅-၉-၂၀၂၀ရက် နံနက် ၄နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်ဝေ အသက် (၈၁)နှစ်

ဗိုလ်မှူးချုပ် ကျော်ကျော်ထူး - ဒေါ်ခင်စန်းဝေ တို့၏ချစ်လှစွာသောဖခင်ကြီး ဦးအောင်ဝေသည် ၂၅-၉-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ် အမှတ်စဉ်(၃၄) သူငယ်ချင်းမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

## ဆရာကြီး ဦးစိုင်းအောင်ထွန်း

အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အင်ကြင်းမြိုင်လမ်းသွယ် (၅)၊ အမှတ် ၃၃ နေ ဒေါ်နန်းနွံ၏ခင်ပွန်း၊ မြစ်ကြီးနားကောလိပ် ကျောင်းအုပ်ကြီး(ငြိမ်း)၊ ရန်ကုန်နိုင်ငံခြားဘာသာသိပ္ပံကျောင်းအုပ်ကြီး(ငြိမ်း)၊ နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)၊ သမိုင်းကော်မရှင် ဒု-ဥက္ကဋ္ဌ(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးဌာန အချိန်ပိုင်းပါမောက္ခ(ငြိမ်း)၊ မန္တလေးတက္ကသိုလ်၊ သမိုင်းဌာန အချိန်ပိုင်းပါမောက္ခ(ငြိမ်း)၊ ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုနာယက ဆရာကြီးဦးစိုင်းအောင်ထွန်းသည် ၂၅-၉-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းရပါကြောင်း။

မန္တလေးတက္ကသိုလ်၊ သမိုင်းဌာန၊ ပါမောက္ခ (ဌာနမှူး)နှင့်
သမိုင်းမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြကြည် (နမ္မတီးမြို့)

အသက် (၈၇)နှစ်

ကချင်ပြည်နယ်၊ နမ္မတီးမြို့၊ မြို့သာယာရပ်ကွက်နေ (ဦးပြုံး-ဒေါ်သဲမေ)တို့၏သမီး၊ (ဦးမာဃ)၏ဇနီး၊ မြစ်ကြီးနားမြို့ ဆုတောင်းပြည့်ကျောင်းတိုက် ဆရာတော် ဦးဇနိန္ဒ၏မယ်တော်၊ ဦးစောထွန်းအေး- ဒေါ်တင်လှိုင် (အထက၊ နမ္မတီး)၊ (ဦးအောင်ကျော်စိုး)-ဒေါက်တာ ဌေးဌေးလွင်(မျက်စိအထူးကု)၊ ဦးအောင်လင်း-ဒေါ်ထုဆိုင်း (ရတနာ မျက်မှန်၊ မြစ်ကြီးနား)၊ ဦးအောင်မင်း-ဒေါ်ခင်မျိုးသန်း၊ ဒေါ်မိုးမိုးလွင် (အထက-ပင်းဟဲ၊ မိုးညှင်း)၊ ဦးဝင်းထွန်းလွင်-ဒေါ်လှမြိုင်တို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ် နှစ်ယောက်တို့၏ ဘွားဘွားသည် ၂၅-၉-၂၀၂၀ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ နမ္မတီးမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သွေးသည် အသက်

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူ ကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၅-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၅,၈၁၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၈၀) ဦး တွေ့ရှိရပါသည်။

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၅၅၄) ခု | (၄၁၆) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၄၆၁) ခု | (၃၀၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၅၉၄) ခု | (၁၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၅၀၇) ခု | (၁၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၁၁၂) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ | (၁၂) ခု | (၁) ဦး |
| ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့ | (၁) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့ | (၃) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့ | (၁) ခု | - |
| ပြည်သူ့ဆေးရုံ၊ မူဆယ်မြို့ | (၁၆) ခု | - |
| ပြည်သူ့ဆေးရုံ၊ ပြင်ဦးလွင်မြို့ | (၁) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | (၁၁၆) ခု | (၃၂) ဦး |
| ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့ | (၅) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | (၂၇) ခု | (၃) ဦး |
| ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့ | (၁) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့ | (၃) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့ | (၄) ခု | - |
| ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့ | (၁) ခု | - |
| အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ကုတင်-၁၀၀၀) | (၁,၁၉၀) ခု | (၁၀၀) ဦး |
| နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၀၇) ခု | - |
| စုစုပေါင်း | (၅,၈၁၆) ခု | (၈၈၀) ဦး |

၂။ (၂၆-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၉,၉၉၁) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များအနက် စုစုပေါင်း (၂,၆၈၁) ဦး အား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၄။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၉၈)ဦး ရှိပါသည်။

| စဉ် | Case | အသက် (နှစ်) | ကျား/မ | ဆေးရုံ | သေဆုံးသည့် ရက်စွဲ |
|---|---|---|---|---|---|
| ၁ | Case 8015 | ၆၃ | ကျား | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | (၂၅-၉-၂၀၂၀) ရက်နေ့ ညနေ (၆:၀၀) နာရီ |
| ၂ | Case 8484 | ၅၅ | ကျား | သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ ည (၈:၄၅) နာရီ |
| ၃ | Case 2859 | ၇၀ | ကျား | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | (၂၅-၉-၂၀၂၀) ရက်နေ့ ည (၇:၀၀) နာရီ |
| ၄ | Case 4399 | ၇၉ | ကျား | တောင်ဥက္ကလာပအထူးကုဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ နံနက် (၁၀:၀၀) နာရီ |
| ၅ | Case 7343 | ၁၅ | ကျား | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | (၂၅-၉-၂၀၂၀) ရက်နေ့ ည (၉:၄၀) နာရီ |
| ၆ | Case 2193 | ၈၄ | မ | ဝေဘာဂီအထူးကုဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ ည (၁၀:၄၅) နာရီ |
| ၇ | Case 8076 | ၃၉ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ နံနက် (၉:၁၅) နာရီ |
| ၈ | Case 8075 | ၇၇ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ မွန်းလွဲ (၂:၃၀) နာရီ |
| ၉ | Case 6764 | ၇၃ | ကျား | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | (၂၆-၉-၂၀၂၀) ရက်နေ့ နံနက် (၂:၁၀) နာရီ |
| ၁၀ | Case 8063 | ၃၈ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ ညနေ (၅:၂၀) နာရီ |
| ၁၁ | Case 8041 | ၄၉ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၅-၉-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ |
| ၁၂ | Case 5998 | ၃၈ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၆-၉-၂၀၂၀) ရက်နေ့ နံနက် (၂:၀၀) နာရီ |
| ၁၃ | Case 8038 | ၇၆ | မ | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၆-၉-၂၀၂၀) ရက်နေ့ နံနက် (၂:၃၀) နာရီ |
| ၁၄ | Case 6275 | ၅၀ | ကျား | သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး | (၂၆-၉-၂၀၂၀) ရက်နေ့ နံနက် (၀၀:၅၀) နာရီ |
| ၁၅ | Case 8709 * | ၄၀ | ကျား | ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၄-၉-၂၀၂၀) ရက်နေ့ ည (၆:၄၅) နာရီ |
| ၁၆ | Case 8775 * | ၈၇ | မ | ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး | (၂၄-၉-၂၀၂၀) ရက်နေ့ ည (၇:၁၀) နာရီ |

စာမျက်နှာ ၉ ကော်လံ ၁ ❖

## မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီနှင့် ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် စက်တင်ဘာ ၂၆

မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီနှင့် ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

## COVID-19 ရောဂါ ကာကွယ်ရေး သတ်မှတ်စည်းကမ်းချက်မလိုက်နာမှုများ ဆက်လက်အရေးယူဆောင်ရွက်ရလျက်ရှိသဖြင့် သတ်မှတ်စည်းကမ်းချက်များ လိုက်နာကြရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အသိပေးနှိုးဆော်

နေပြည်တော် စက်တင်ဘာ ၂၆

COVID-19 ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် သတ်မှတ်စည်းကမ်းချက်များအား လိုက်နာခြင်းမရှိသည့် ကေတီဗွီ/ဘား/တရားမဝင် အနှိပ်ခန်းဖွင့်လှစ်နေမှုများ၊ ညမထွက်ရအချိန် ကျော်လွန် အကြောင်းမဲ့ သွားလာနေမှုများ၊ နှာခေါင်းစည်းမတပ်ဆင်ဘဲ စည်းကမ်းမဲ့သွားလာနေမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အလေးထား စိစစ်ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ် စက်တင်ဘာ ၁၉ ရက်မှ ၂၅ ရက်အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး စာမျက်နှာ ၂၇ ကော်လံ ၅ ■

## ရောဝတီမြစ်ရေ ရွှေကူမြို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၆

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## လူ့ဘောင်သစ်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၂၆

လူ့ဘောင်သစ်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို စက်တင်ဘာ ၂၇ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၈ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

သတင်းစဉ်

## ဘာစီလိုနာတိုက်စစ်မှူး ဆွာရက်ဇ်ကို အေတီမက် အပြီးသတ် ခေါ်ယူ




စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းက ပြိုင်ဘက် ဘာစီလိုနာအသင်းမှ လူးဝစ်ဆွာရက်ဇ်ကို အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဥရုဂွေးကစားသမား ဆွာရက်ဇ်သည် ဆေးစစ်မှု ခံယူပြီးနောက် ယမန်နေ့က အက်သလက်တီကို မက်ဒရစ်အသင်းနှင့် နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ဘာစီလိုနာနည်းပြသစ် ရော်နယ်ကိုးမန်းအနေဖြင့် တိုက်စစ်ကစားသမားဆွာရက်ဇ်အား ၎င်း၏အစီအစဉ်တွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း ပြောကြားပြီးနောက် ဆွာရက်ဇ်အနေဖြင့် ဂျူဗင်တပ်စ်အသင်းထံသို့ ပြောင်းရွှေ့မည်ဆိုသော ထင်ကြေးပေး စာမျက်နှာ ၁၁ ကော်လံ ၅ ●

